www.burmeseclassic.com

သီရိကြယ်စင်

# ချစ်တတ်လို့လား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ချစ်တတ်လို့လား

သီရိကြယ်စင်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ရွှက်စိမ်း ... နင့်လုပ်ရပ်တွေကို ရပ်တန်းက ရပ်မှာလား၊ မရပ်ဘူးလား ... ငါ့ကိုပြောစမ်း"

ဒေါသဖြင့် အော်ပြောလိုက်သော ဦးရန်နိုင်၏အသံက ညနေ ခန်းအတွင်း ဟိန်းထွက်သွားလေသည်။

လေ့ကားပေါ် လှမ်းတက်ရန်ပြင်နေသော ရွှက်စိမ်း၏ ခြေ လှမ်းများ ရပ်တန့်သွားလျက် ထုံပေပေနှင့် ဖခင်အား လှမ်းကြည့်လိုက် ပြီး ...

"စိမ်း ဘာလုပ်နေလို့လဲ ဖေဖေ"

ဟု ပြန်မေးလိုက်လေသည်။

❦ ရွှေစကားစာပေ ❦

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူ၏ ထောင့်မကျိုးသောပုံစံကိုကြည့်ပြီး ဦးရန်နိုင်ဒေါသပိုထွက်လာကာ မျက်နှာကြီးနီးမြန်းလျက်။

"ဘာ ... ဘာလုပ်လို့လဲ၊ ဟုတ်လား။ နင့်ကိုယ်နင် ပြန်ကြည့်စမ်း ... ဘာပုံပေါက်နေလဲလို့"

ထိုသို့ပြောလိုက်တော့ ရွက်စိမ်း သူ့ကိုယ်သူငုံ့ကြည့်လိုက်ပြီး ဟက်ခနဲ တစ်ချက်ရယ်လိုက်လေသည်။

ပြီးမှ မျက်နှာလေးကို ပြန်တည်လျက် ...

"ဩော် ... စိမ်းက ဘာများလဲလို့၊ ဒီလိုဝတ်ထားတာ စိမ်းကိုယ်စိမ်း ကာကွယ်တဲ့သဘောပါဖေဖေ။ တကယ်ဆို ဖေဖေလည်း သမီးနားမှာ အချိန်ပြည့်စောင့်ရှောက်နိုင်တာမှ မဟုတ်ဘဲ၊ အဲဒီတော့ စိမ်း ဘဝလုံခြုံရေးအတွက် မိန်းမဆန်နေလို့ မဖြစ်ဘူးလေ၊ မိန်းကလေးဖြစ်နေရတဲ့အထဲ အုပ်ထိန်းမှုကင်းမဲ့နေတဲ့အဖြစ်မို့ ယောကျ်ားလေးလို နေလိုက်ရတာပါ ဖေဖေ"

ယောကျ်ားလေးကေနှင့် ဂျင်းအကျႌ၊ ဂျင်းဘောင်းဘီတို့ကို ဝတ်ထားသော သမီးဖြစ်သူအား ဦးရန်နိုင် အသေအချာ ကြည့်နေမိသည်။ သူမ,ပြောလိုက်သောစကားများကလည်း မှန်သင့်သလောက်မှန်နေ၍ ပြန်ပြောရန် စကားရှာနေမိ၏။

စီးပွားရေးကို ကုန်းရုန်းရှာနေမိသဖြင့် သမီးနားမှာ အချိန်





ပြည့်မနေနိုင်ဘူးဆိုတာ မှန်ပါ၏။ သို့သော်လည်း သမီးကို လိုလေသေးမရှိ ထားနိုင်ခဲ့ပါသည်။ ဒါကို သမီးက သူမဘဝ စိတ်တိုင်းမကျဟုဆိုကာ သူ့အား အရွဲ့တိုက်လေတော့ ဦးရန်နိုင် စိတ်မကောင်းဖြစ်ရလေသည်။

အဲဒါကြောင့် သမီးအနားကို လျှောက်သွားပြီး ပခုံးလေးကိုကိုင်လျက် လေသံကို အတတ်နိုင်ဆုံးလျှော့ချကာ တိုးတိတ်ညင်သာစွာ ပြောလိုက်လေသည်။

"သမီး ... အခြေအနေအရ သမီးနားမှာ ဖေဖေ မနေနိုင်ပေမယ့် သမီးကို ဖေဖေ လိုလေသေးမရှိ ထားခဲ့တာ သမီးအသိပါကွယ်၊ ကိုယ်တိုင် အနားမှာ မစောင့်ရှောက်နိုင်ပေမယ့်လည်း သမီးကိုစောင့်ရှောက်ဖို့ သမီးဒေါ်လေးကို အနားမှာထားခဲ့တယ်လေ၊ သမီးစိတ်တိုင်းကျ သုံးနိုင်ဖို့ ဘဏ်မှာ ငွေအပြည့်ထည့်ထားပေးတယ် မဟုတ်လား။ နောက်ပြီး အိမ်ဖော်, ထမင်းချက်, ခြံစောင့်, ကားဒရိုင်ဘာကအစ အားလုံးအဆင်ပြေအောင် ဖေဖေ ဆောင်ရွက်ပေးခဲ့တာပါ သမီးရယ်"

ဒီလိုဆိုပြန်တော့ ဖခင်ဖြစ်သူကို ရွက်စိမ်းသနားမိပြန်သည်။ ဒါပေမဲ့ ဒီဘဝက သူမ,တောင့်တနေသော ဘဝမဟုတ်။ ဒါကြောင့် ဖခင်အား တစ်ချက်မော့ကြည့်ပြီး သာသာလေး မျက်နှာလွှဲလိုက်ကာ ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းလိုချင်ခဲ့တာ အဲဒီဘဝမဟုတ်ဘူး ဖေဖေ၊ နွေးထွေးတဲ့မိသားစုဘဝကို လိုချင်ခဲ့တာပါ၊ ဘဝမှာ လိုချင်တာဖြည့်ဆည်းပေးလိုက်ရုံနဲ့ တာဝန်ကျေပြီလို့ ဖေဖေထင်ရင် မှားမှာပေါ့၊ မေမေမရှိတော့ကတည်းက ဖေဖေ့ရင်ငွေ့ကိုလှူပြီး စိမ်း ကြီးပြင်းခဲ့ရတာဆိုပေမယ့် ဖေဖေရဲ့ အကြင်နာမေတ္တာတွေကို ဘယ်မှာ အပြည့်အဝ ရခဲ့လို့လဲ ...၊

ဖေဖေ အနားမှာထားခဲ့တဲ့ ဒေါ်လေးကရော စိမ်းကို ဘာတွေအထောက်အကူပြုခဲ့သလဲ ဖေဖေ၊ မိုးလင်းကမိုးချုပ် ကျိတ်ပိုင်းတွေရှိရာမှာသာ ပျော်သလိုနေပြီး ဖေဖေပို့ပေးတဲ့ငွေတွေနဲ့ ဟန်တွေကျနေတာ ဖေဖေမှမသိဘဲ၊ ကျန်တဲ့သူတွေကတော့ စိမ်းအပေါ်မှာ သင့်သလောက်ကောင်းကြပါတယ်၊ ဒီလူတွေကိုလည်း စိမ်း ဘယ်လိုယုံကြည်အားကိုးရမှာလဲ၊ အားလုံး သူ့စိမ်းတွေပဲဟာ ...၊

အဲဒါကြောင့် ကျောင်းပြီးအောင် မနည်းသည်းခံပြီးနေခဲ့ရာက အခု ဒီပုံပြောင်းပစ်လိုက်တာပါပဲ၊ အလုပ်တစ်ခု လုပ်မယ်စိတ်ကူးကြောင့် လုပ်ဖြစ်တာလည်း ပါတယ်လေ"

ရှည်လျားလှတဲ့သမီးစကားတွေကို နားထောင်ပြီး ဦးရန်နိုင်ထူထဲသောမျက်ခုံးများ ပင့်တက်သွားသည်ထိ မျက်လုံးများ ပြူးကျယ်သွားရလေသည်။

❦ ရွှေစကားစာပေ ❦



ဖြစ်နိုင်ပါ့မလားဆိုသည့်အတွေးက ဝင်လိုက်ပြန်တော့ မျက်ခုံးနှစ်ခုဆက်သွားလေအောင် မျက်မှောင်ကိုကြုတ်လိုက်မိပြန်သည်။

နောက်မှ သမီးကို စူးစိုက်စွာကြည့်ပြီး မေးလိုက်မိ၏။

"ဟုတ်ရဲ့လားသမီး ... သမီးဒေါ်လေးက အဲသလိုတွေလုပ်နေတာလား။ ဒါနဲ့ အနွဲ့ပြောတော့ သမီး ပြောမရဆိုမရ ဖြစ်နေလို့ပြန်လာပါဦးဆိုပြီး ခေါ်လိုက်တာက ဘာသဘောလဲ"

ရှက်စိမ်း ခပ်လွှဲလွှဲလုပ်ထားတဲ့မျက်နှာကို ဖျတ်ခနဲ ဖခင်ဘက်လှည့်လိုက်ပြီး မပြုံးချင်ပြုံးချင်နှင့်ပြုံး၍ ...

"အဲဒါပဲ ဖေဖေ ... ဖေဖေ အနားမှာမရှိတော့ သူပြောတိုင်းဖေဖေယုံမိမှာပေါ့၊ စိမ်းပြောတာလည်း ဖေဖေယုံချင်မှယုံပါ၊ ဒေါ်လေးအကြောင်းကို ဖေဖေသိချင်ရင် သူခေါ်သွားနေကျ ကားဒရိုင်ဘာကိုမေးကြည့်လိုက်၊ ဒါမှမဟုတ်သေးရင် သူအိမ်ပြန်လာချိန်ကို ဖေဖေစောင့်ပြီး မေးကြည့်ပေါ့၊ ဖေဖေ ပြုန်းခနဲရောက်လာမယ် သူထင်ထားမှာ မဟုတ်ဘူး"

ဒီလောက်ပဲ ပြောလိုက်ပြီး လေ့ကားပေါ်တက်ရန် ဟန်ပြင်လိုက်လေသည်။

ဦးရန်နိုင် သမီးလက်ကို ဆွဲထားလိုက်ရင်း သက်ပြင်းရှိုက်လိုက်မိသည်။

❦ ရွှေစကားစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



သမီးက သူ့ဒေါ်လေးအကြောင်းကို အခုမှ ပြောပေမယ့် သူ့ဒေါ်လေးကတော့ မကြာခဏ စင်ကာပူသို့လှမ်းကာ ကိုကို့သမီး ဘယ်လိုအသုံးအစွဲတွေ ကြီးနေတာ၊ ဘယ်လို ပြောမရဆိုမရ ဖြစ်နေတာ စသည်ဖြင့် အီး(လ်)မေးနှင့်တစ်မျိုး၊ အင်တာနက်က တစ်ဖုံ အမျိုးမျိုး မရိုးရအောင် စိတ်ဆင်းရဲမှုတွေပေးနေတာ ကြာခဲ့ပါပြီ။

အလုပ်တွေက ထားခဲ့လို့မရတာကြောင့် ပြန်မလာဖြစ်ခဲ့ခြင်း ဖြစ်သည်။ အခုတော့ ကိုကို့သမီးကို လာကြည့်ပါဦး။ ယောက်ျားလေး ပုံစံနဲ့ ဘယ်လိုမှပြောမရဘူးဆိုတာနဲ့ ဘာတွေဖြစ်ကုန်ပြီလဲဆိုပြီး မဖြစ်မနေ ပြန်လာခဲ့ခြင်းပါ။

ဒီရောက်တော့ အကြောင်းအရာတွေက တစ်ထပ်တည်း မဖြစ်၊ အတော်စိတ်ညစ်မိပါ၏။

သူမလက်ကို ဆွဲထားပြီး ဘာမှမပြောဘဲ ငေးကြည့်နေသော ဖခင်ကို ရှက်စိမ်း နားမလည်သလိုဟန်နှင့် ပြန်ကြည့်ကာ . . .

"ဘာပြောမလို့လဲ ဖေဖေ"

ဟု မေးလိုက်မှ ဦးရန်နိုင် လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့ သည်။

ညီမ,လုပ်သူထံမှ သတင်းတွေကြောင့် သမီးလေး ဘယ် လောက်တောင်ဆိုးသွမ်းနေပြီလဲဟု သိချင်သောကြောင့် ဘယ်သူ့ကိုမှ





သတင်းမပေးဘဲ တိတ်တိတ်လေးပြန်လာခဲ့ခြင်း ဖြစ်သည်။

ဒီရောက်တော့ သမီးကလည်း ကြားရတဲ့အတိုင်း ထောင့် မကျိုးတဲ့ပုံစံဖြစ်နေ၍ ညီမလေးပြောတာ ဟုတ်မှာပဲဆိုပြီး သမီးကိုတွေ့ တာနဲ့ ဘာမှမေးစမ်းမနေဘဲ လှမ်းဆွဲလိုက်ခြင်း ဖြစ်သည်။

အခုတော့ ဆွဲဖို့အားခဲလာသမျှ သမီးရဲ့ ခံစားချက်စကားတွေ ကြောင့် ကိုယ်ကပဲ ပြန်တောင်းပန်ရမယ့်ပုံ ဖြစ်နေတော့သည်။

တွေ့စက ဖခင်ပြန်ရောက်နေတာကို အံ့ဩဟန်မပြတဲ့ သမီး အား စိတ်ဆိုးချင်ချင်၊ ဒေါသထွက်လွန်း၍ သမီးကို အော်ငေါက်မိသေး သည်။

သမီးက သူ့ခံစားချက်နဲ့သူဖြစ်နေခဲ့တာ ကိုယ်ကမှ မသိဘဲ ယုံကြည်စွာ စိတ်ချထားခဲ့မိသည့် ညီမလေးရဲ့လုပ်ရပ်တွေကြောင့် ဒီလိုဖြစ်ရတယ်ဆိုပြီး ညီမလေးဘက် ဒေါသက လှည့်သွားမိသည်။

ဒီတော့ သမီးလေးကို ကရုဏာသက်စွာ ငေးကြည့်နေမိခြင်း ဖြစ်ပါ၏။

မိမိပြန်ဖြေမည့်စကားအား ရပ်စောင့်နေသော သမီးလေး ကို ဦးရန်နိုင် ကြည်လင်စွာ ပြုံးပြလိုက်ပြီး . . .

"သမီးလေးရဲ့ခံစားချက်တွေကို ဖေဖေ လျစ်လျူရှုထားမိ တာ မဟုတ်ပါဘူးဆိုတာ ပြောပြချင်လို့ပါ၊ ဖေဖေမရှိတော့တဲ့နောက်



www.burmeseclassic.com

www.burmeseclassic.com



သမီးဘဝမှာ ပူပင်ကြောင့်ကြကင်းကင်းနဲ့ နေနိုင်အောင် ဖေဖေ ကြိုးစားရှာဖွေနေမိတာပါကွယ်၊ သမီးဒေါ်လေးကိုလည်း ဖေဖေ ယုံကြည်မိလိုက်တယ်လေ၊ သမီးလေးလည်း နားလည်မယ် ထင်ထားခဲ့တာ၊

အခုနက သမီးပြောတာ အလုပ်လုပ်မလို့ . . . ဟုတ်လား၊ ဘာလုပ်စရာလိုလို့လဲကွယ် . . . ဒါမှမဟုတ် သမီးက အလုပ်လေးတစ်ခုခုလုပ်ချင်တယ်ဆိုရင် သမီးစိတ်တိုင်းကျမယ့် အလုပ်တစ်ခုကို ရွေးလေ . . . ဖေဖေ စီစဉ်ပေးမယ်၊ သူငယ်ချင်းတွေနဲ့ စပ်တူလုပ်မယ်ဆိုလည်း လုပ်ပေါ့''

သမီးဆန္ဒများကို ဖြည့်ဆည်းပေးကာ လိုက်လျောရန်အတွက် သမီးဆန္ဒကို မေးကြည့်မိ၏။

ဖခင်အား ရှက်စိမ်း ယွဲ့ယွဲ့လေးပြုံးပြလိုက်ပြီး . . .

''စိတ်ကူးတုန်းပါဖေဖေ၊ သူငယ်ချင်းတွေလည်း ကျောင်းပြီးကတည်းက သူတို့မိဘတွေ စီစဉ်ထားတဲ့လုပ်ငန်းခွင်ထဲ အကုန်ရောက်ကုန်ကြပါပြီ၊ စိမ်းတစ်ယောက်တည်းသာ ယောင်ချာချာဖြစ်နေသေးတာ၊ စိတ်ကူးတည့်ရင် ဖေဖေ့ကိုပြောပါ့မယ် . . . ဖေဖေ''

''ဟင် ဘာလဲ . . . သမီးပြောလေ''

ရှက်စိမ်း ဖခင်ကို ကြည်သာရွှင်ပျစွာ စကားများ ပြောဆိုအပြီး ခပ်ဖွဖွလေး ခေါ်လိုက်မိသည်။





သမီးထံမှ ငယ်စဉ်ကအတိုင်း လေးစားအားကိုးသော မျက်ဝန်းများနှင့်အတူ ငယ်သံလေးကိုပါ ပြန်ကြားလိုက်ရ၍ ဦးရန်နိုင်ဝမ်းသာအားရ ပြန်ထူးလိုက်မိလေသည်။

''ရှိုင်းပျသွားတဲ့ သမီးရဲ့အပြုအမူတွေကို ခွင့်လွှတ်ပေးပါ၊ အချိန်နဲ့အမျှ ခံစားနေခဲ့ရတဲ့ ရင်ထဲက ခံစားချက်တွေကို မထိန်းလိုက်နိုင်ဘူး ဖြစ်သွားခဲ့တယ် ဖေဖေ၊ ဒေါ်လေးလုပ်ရပ်တွေကို စိတ်တိုင်းမကျပေမယ့် ဖေဖေစိတ်ဆင်းရဲမှာစိုးလို့ အကြောင်းမကြားဘဲ တစ်ယောက်တည်း ကျိတ်ပြီးခံစားနေခဲ့ရသမျှ ဖေဖေ့ကို ဗြုန်းခနဲ တွေ့လိုက်တော့ ပေါက်ကွဲသွားခဲ့တာပါပဲ''

အပေါ်ကိုတက်ရန် ပြင်နေသော ခြေလှမ်းအား ပြန်ရုပ်လိုက်ပြီး ဖခင်ရင်ခွင်ထဲဝင်၍ ငိုရှိုက်ကာ တောင်းပန်နေမိတော့သည်။

'စိမ်း' လို့ ပြောနေရာကနေ 'သမီး' လို့ ပြောင်းပြောလာပြီး ရင်ခွင်ထဲတိုးဝင်ကာ ငိုရှိုက်တောင်းပန်နေသော သမီးလေးအား ဦးရန်နိုင် စာနာသနားမိလျက် ကြင်နာစွာ ပြန်ဖက်ထားလိုက်လေသည်။

ကျောပြင်လေးကို အသာအယာ ပွတ်သပ်ပေးရင်း . . .

''မငိုပါနဲ့ သမီးရယ် . . . ဖေဖေခွင့်လွှတ်ပါတယ်၊ တကယ်ဆို ဖေဖေ့ဘက်ကလည်း လိုတာပါပဲ၊ သမီးဒေါ်လေးကို ယုံလိုက်မိတာလည်း ပါတာပေါ့၊ တိတ် တိတ် . . . သမီး စိတ်ချမ်းသာမယ့် အလုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရင်သာ ဖေဖေ့ကိုပြော ... ကြားလား''

ရင်ခွင်ထဲကနေ ငိုရှိုက်ရင်း ခေါင်းလေးညိတ်ပြနေသော သမီးကို ဦးရန်နိုင် ပြုံး၍ကြည့်ပြီး ခေါင်းကို ဖွဖွပုတ်၍ ...

''ကဲ သမီး ... သွားနားချည်တော့၊ ဖေဖေ သမီးဒေါ်လေးကို စောင့်လိုက်ဦးမယ်''

''ဖေဖေ ထမင်းစားပြီးပြီလားဟင်''

ဖခင်ရင်ခွင်ထဲကနေထွက်ပြီး မျက်ရည်တွေကို လက်ဖမိုးလေးနဲ့သုတ်ရင်း သတိတရဖြင့် ရှက်စိမ်းမေးလိုက်မိသည်။

ဦးရန်နိုင်က အခုမှ မေးတော့တယ်ဆိုသည့်ပုံစံဖြင့် သမီးဖြစ်သူအား မိန့်မိန့်ကြီး ပြုံးပြလျက် ...

''စားပြီးသားပေါ့ ... ငါ့သမီးလေး မေးဖော်ရလို့ စားပြီးပါပြီ... ဖေဖေရောက်နေတာဖြင့် မနက်ကတည်းက၊ သမီးရော၊ သမီးဒေါ်လေးရော မတွေ့လို့ အပြင်ကို အတူသွားတယ် ထင်နေတာ၊ အိမ်ကလူတွေမေးတော့လည်း တစ်ယောက်မှမေးလို့မရဘူး ... အားလုံး မျက်စိမျက်နှာကို ပျက်နေကြတာပဲ ...၊

အဲဒီတော့ ဖေဖေက ငါ့သမီးတော့ သူ့အဒေါ်ပြောတဲ့ပုံစံဖြစ်နေပြီလားဆိုပြီး တစ်ယောက်တည်း ဒေါပွနေမိတာပေါ့၊ စိုးလည်း စိုးရိမ်နေမိတာ၊ အခု သမီးကို တွေ့လိုက်ပြန်တော့လည်း အချိုးက





မပြေ၊ ဖေဖေလည်း ပေါက်ကွဲသွားတာပေါ့ကွာ''

''အဟွန်း''

ဖခင်က အရွှန်းဖောက်လိုက်တော့ ရှက်စိမ်း ရယ်ကျဲကျဲလုပ်နေမိသည်။

အခုတော့လည်း သားအဖနှစ်ယောက်လုံးရဲ့ ရင်ထဲမှာ ပေါ့ပါးသွားရလေသည်။

''ဖေဖေ ... စိမ်း အပေါ်ကို သွားတော့မယ်နော်''

''အေး ... သမီး အေး''

လှေကားကနေ အပေါ်ကိုတက်သွားသည့် သမီးအား ဦးရန်နိုင် ငေးကြည့်ရင်း သက်ပြင်းချလျက် ဧည့်ခန်းဆီ ပြန်လှည့်လာခဲ့မိသည်။

ဧည့်ခန်းက ဆိုဖာမှာ ထိုင်လိုက်ပြီး အိမ်တံခါးဝကို လှမ်းမျှော်ကြည့်မိပါ၏။

အပြောနှင့်အလုပ် တလွဲတွေဖြစ်နေသော ညီမ,ဖြစ်သူအား တွေ့လျှင်ပြောရမည့်စကားများကို စဉ်းစားရင်း ရင်ထဲမှာ မွန်းကျပ်လို့လာရလေသည်။

အိမ်ထောင်နှင့်ကွဲနေသော ညီမကို သမီးလေးနှင့် အဖော်ရအောင်ဆိုပြီး ခေါ်ထားမိခြင်းအတွက် နောင်တရနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တူမဖို့ သားသမီးလိုစောင့်ရှောက်မှာပဲဟု ထင်ထားခဲ့တာတွေလည်း အခုမှ မှားမှန်းသိရ၏။

ယုတ္တိရှိရှိ သူပြောတာတွေကိုယုံကြည်ပြီး နှစ်ပေါင်းများစွာ သမီးကိုရော အိမ်ကိုပါ သူ့လက်ထဲအပ်ထားမိတာ တွေးပြီး စိတ်မကောင်းဖြစ်နေမိသည်။

ကြားထဲက သမီးလေးကို သနားလို့မဆုံးတော့။

ဖခင်ကို ငဲ့ညှာပြီး သူ့ခမျှာ တစ်ယောက်တည်း ကျိတ်ပြီး ခံစားနေခဲ့ရ ရှာတာပါလား။

ရက်စက်လိုက်တာ ညီမလေးရယ်လို့သာ ရင်ထဲက ရေရွတ်လိုက်မိပါ၏။

ညှိုခန်းထဲမှာ လက်နောက်ပစ်လျက် ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်၊ ခြံထဲကို လှမ်းမျှော်ကြည့်လိုက်၊ နံရံက နာရီကိုကြည့်လိုက်နှင့် ဦးရန်နိုင်တစ်ယောက် သက်ပြင်းတချချနှင့် ရှိနေခိုက် ညဆယ်နာရီထိုးချိန်၌ ခြံထဲမှကားသံကြောင့် အိမ်တံခါးဝသို့ လျှောက်သွားလိုက်လေသည်။

ခင်မေနွဲ့ကတော့ ဦးရန်နိုင်ကို မတွေ့သေး။ ကားပေါ်မှ ကြော့ကြော့လေးဆင်းလာပြီး လက်ထဲကပိုက်ဆံအိတ်ကို လက်ညှိုးနှင့်လှည့်ကစားကာ သီချင်းလေးတညည်းညည်းဖြင့် အိမ်တံခါးဝသို့





လျှောက်လာနေလေသည်။

အိမ်တံခါးဝမှာ ရပ်လိုက်ပြီး တံခါးအရန်သင့်လာဖွင့်မပေးသော အိမ်ဖော်မိတိုးကို အော်ခေါ်လိုက်မည်ပြင်စဉ် မားမားကြီးရပ်နေသော အစ်ကိုဖြစ်သူကို တွေ့လိုက်ရာ လက်ထဲက ပိုက်ဆံအိတ်လေး ပြုတ်ကျသွားပြီး မျက်လုံးပြူးလျက် ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

နှုတ်ခမ်းတွေတဆတ်ဆတ်တုန်လာပြီး ကြောက်အားလန့်အားနှင့် အစ်ကိုဖြစ်သူအား အထစ်ထစ်အငေါ့ငေါ့ဖြင့် ခေါ်လိုက်မိလေသည်။

"ကို . . . ကိုကို"

"ဟုတ်ပဲ့ . . . လာပါ . . . ကျွန်တော် တံခါးဖွင့်ပေးထားပါတယ်၊ တယ်တော်တဲ့ ညီမ၊ ဝင်ခဲ့လေ . . အခုမှ ဘာကြောက်နေတာလဲ"

ဒေါသနှင့်အော်ငေါက်ကာ ပြောလိုက်ရင်း တံခါးကိုလည်း ဟိုဘက်ဒီဘက် ဆွဲဖွင့်ပေးလိုက်သော ဦးရန်နိုင်အား ခင်မေနွဲ့ မရဲတရဲကြည့်လိုက်ပြီး ပိုက်ဆံအိတ်ကိုပြန်ကောက်ကာ အနောက်ကနေ ကုပ်ချောင်းချောင်းနှင့် လိုက်သွားမိလေသည်။

ရင်တွေလည်း တဒိန်းဒိန်းခုန်ပြီး ဘာဆင်ခြေပေးရမလဲဟု



www.burmeseclassic.com

www.burmeseclassic.com



အနောက်ကနေ ဉာဏ်နီဉာဏ်နက်တွေ ထုတ်လာမိသည်။

ညှော်ခန်းထဲအရောက် ဦးရန်နိုင် မထိုင်ဖြစ်တဲ့ လက်နောက်ပြန်ကာရပ်လျက် ညီမဖြစ်သူအား ကျောပေးထားမိသည်။

"အနွဲ့ . . . နင်ပေးမယ့်ဆင်ခြေတွေကို ငါ ဘာမှမကြားချင်ဘူး။ ငါ တစ်ခွန်းပဲပြောမယ် . . . နင့်အထုပ်အပိုး နင်သယ်ပြီး လာရာလမ်းကို ပြန်နိုင်ပြီ"

"ဟင် . . . ကိုကို"

ခင်မေနွဲ့ ထင်ထားတာက အကျိုးအကြောင်းမေးဦးမည်ထင်ထားခဲ့တာ။ အခုတော့ သူမမှာ ဘာမှ ပြောခွင့်တောင် မရလိုက်။

ဒီလို လွယ်လွယ်နဲ့ အနွဲ့တို့ အရှုံးပေးမယ်များ ကိုကို ထင်နေရော့လား။

ဘယ်ရမလဲ . . . ဒီက အနွဲ့ပဲဟာ။

"ဟို ကိုကို . . . အနွဲ့ကို ဘာတွေ အထင်လွဲသွားလို့လဲကိုကို"

အပြစ်ကင်းစင်သည့်လေသံမျိုးနှင့် ခင်မေနွဲ့ ဘာမှမသိသည့်ပုံစံဖြင့် မေးလိုက်လေသည်။

ဦးရန်နိုင် ညီမဖြစ်သူကို လုံးဝလှည့်မကြည့်။ နာကျင်စွာမျက်နှာကို မဲ့လိုက်ပြီး . . .





"နင့်ကို ဘာမှ အထင်မလွဲဘူး။ အထင်လွဲစရာလည်း မလိုဘူးလေ၊ နင့်မှာ ဘာမှကို အပြစ်မရှိတာ၊ ဒါပေမဲ့ နင်လုပ်ချင်တဲ့အလုပ်ကို တခြားမှာ လွတ်လပ်စွာလုပ်နိုင်ဖို့ ငါ ခွင့်ပြုလိုက်တာပဲ၊

အေး . . . ငါ့သမီးကို စောင့်ရှောက်ခဲ့ရတဲ့ နှစ်ကာလတွေအတွက် နင် မနစ်နာစေရအောင် လုံလောက်တဲ့ငွေပမာဏ ပေးလိုက်ဖို့လည်း မေ့မထားပါဘူး . . . နင် ကျေနပ်စေရမှာပါ၊ တစ်ခုတော့ရှိတယ်နော် . . . အဲဒီငွေတွေကို အခုပဲ ပေးမှာမို့ အခုပဲ အိမ်ပေါ်ကဆင်းပေးပါလို့ ငါ တောင်းပန်တယ်"

ပထမတော့ ခံပြင်းစိတ်ကြောင့် ခင်မေနွဲ့ မကျေမချမ်း ဖြစ်မိသော်လည်း အလုံအလောက်ငွေပေးလိုက်မည်ဆို၍ ငြိမ်နေလိုက်သည်။

သို့သော်လည်း မောင်နှမသံယောဇဉ် လက်ကျန်လေးများထားဦးမလားဆိုသည့် အတွေးနှင့် သွေးတိုးစမ်းကြည့်မိလေသည်။

"ကိုကို . . . ညီမလေး . . ."

"မပြောနဲ့တော့ အနွဲ့ . . . ယူချင်တဲ့ပစ္စည်းတွေ သွားယူလိုက်ပါ၊ ပြန်ဆင်းလာရင် နင့်ကိုပေးလိုက်မယ့်ငွေ အရန်သင့် ဖြစ်စေရမယ်၊ နင်သွားချင်တဲ့ဆီ မောင်သိန်းလိုက်ပို့ပါလိမ့်မယ်"

ညီမ,ဖြစ်သူကို ဦးရန်နိုင် စကားဆက်ခွင့်မပြု၊ ကျေ…ပေး



www.burmeseclassic.com

www.burmeseclassic.com



ထားလျက်ကပဲ လက်ကာ၍တားလိုက်ပြီး သူပြောလိုရာကိုသာ ပြောလိုက်လေသည်။

ခင်မေနွဲ့ အံကြိတ်ကာ ခြေသံပြင်းပြင်းနင်းကာ သူမအခန်းသို့ တက်သွားပြီး ယူစရာရှိတာတွေကို အကုန်သိမ်းကျုံး ယူနေမိသည်။

မြန်းခနဲရောက်လာဦးမည် မထင်၍ သူမ ဒီနေ့ အချိန်ကုန် အောင်ကစားနေခဲ့မိခြင်းကို နောင်တရမိသော်လည်း ပေးလိုက်မည့် ငွေက နည်းမှာမဟုတ်ပါဘူးလေဆိုပြီး စိတ်ကိုဖြေလိုက်မိသည်။

အောက်ပြန်ဆင်းလာတော့ စားပွဲပေါ်မှာ အိတ်တစ်လုံးဖြင့် ထည့်ထားသည့်ငွေတွေကို ယူသွားဆိုတာကြောင့် ယူပြီး အရန်သင့် စောင့်နေသော ကားပေါ်တက်လိုက်ခဲ့မိလေသည်။

ဒရိုင်ဘာလေးမောင်သိန်းက ...

"ဘယ်ပို့ပေးရမလဲ မမနွဲ့"

လို့ ဆိုလာတော့ ခင်မေနွဲ့ အပြေးအလွှား စဉ်းစားရလေသည်။

အခုအချိန်ကြီး ဘယ်သွားရပါ့မလဲ။ ကစားသည့်အိမ်မှ လွဲ၍ ဘယ်မှ သွားစရာမရှိ။ အဲဒီအိမ်ကိုပဲ ပို့ခိုင်းလိုက်ရ၏။

အိမ်က နှင်ချခံလိုက်ရ၍ ခုနက စိတ်ထဲ အောင့်မျက်နေသော်လည်း ပိုက်ဆံတွေအပြည့်နှင့် ကစားသည့်နေရာအရောက်မှာ





ခင်မေနွဲ့စိတ်တွေ ပြန်လည်ကြည်လင်လန်းဆန်းလာပြီး တက်ကြွလို့ နေလေတော့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သမီး ... စာအုပ်ဖတ်နေတာလား။ ခဏလောက် လသာဆောင်ကို ထွက်ခဲ့ပါလား၊ စကားပြောကြရအောင်"

အခန်းဝက လှမ်းပြောလိုက်သော ဖခင်၏အသံကြောင့် လက်ထဲကစာအုပ်ကို ခုတင်ပေါ်တင်ထားခဲ့ပြီး လသာဆောင်သို့ ရွက်စိမ်းထွက်လာခဲ့သည်။

ဖခင်ပြန်ရန် ရက်နီးလာပြီမို့ ရွက်စိမ်း ဝမ်းနည်းလွန်း၍ အခန်းအောင်းကာ စာအုပ်ဖတ်နေမိခြင်းဖြစ်သည်။

စာအုပ်ထဲမှာလည်း စိတ်ကမရှိပါ။

စာအုပ်ကိုသာ မျက်လုံးကကြည့်နေမိကာ စိတ်က လေပွေ





တစ်ခုနှယ် ဟိုသည်ပြေးလွှားလို့ နေရလေ၏။

ဟိုနေ့တွေကဆို ဖခင်ကြိုက်တတ်သော ဟင်းမျိုးစုံကို ကိုယ်တိုင်ချက်ပြီး ...

"ဖေဖေ ဒါလေးစားကြည့်ပါဦး၊ ဖေဖေ ... ဒါလေး မြည်းကြည့်ပါဦး၊ ဒီဟင်းက ကောင်းရဲ့လား ဖေဖေ"

ဆိုသည့် အသံစာစာလေးဖြင့် ဖခင်အနားမှာကပ်ကာ တီတီတာတာ ပြော၍မကုန်နိုင်။

ညဘက် တီဗီကြည့်တော့လည်း ဖခင်ပေါင်ပေါ် ခေါင်းတင်အိပ်ပြီး ကြည့်ရင်းနှင့် ဖခင်ခွံ့ကျွေးသော ပန်းသီးစိတ်၊ လိမ္မော်သီးအမြွာလေးများကို စားကာ ပျော်၍မဆုံး။

နေ့ဘက်တွေမှာ ထမင်းစားသောက်ပြီးတာနှင့် အချိုပွဲ စားစရာတွေကို ဧည့်ခန်းထဲယူလာလျက် ဖခင်နှင့်အတူ ထွေရာလေးပါး စကားများပြောကြရင်း ရက်တွေကုန်မှန်းမသိ ကုန်သွားခဲ့သည်။

အခု ဖခင်ပြန်တော့မည်ဆိုတာ ဖွင့်မပြောသော်လည်း သိနေတာကြောင့် တမင် အခန်းအောင်းနေမိခြင်း ဖြစ်ပါ၏။

ဦးရန်နိုင်ကလည်း သမီးအကြောင်းကို သိနေ၍ တမင်လွှတ်ထားပြီးမှ မဖြစ်မနေ ခေါ်ထုတ်လိုက်ခြင်းဖြစ်သည်။

လသာဆောင်မှာ ချထားသော ခုံပုလေးတွေမှာ သားအဖနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ထိုင်လိုက်ကြပြီး စကားမပြောဖြစ်ကြသေးဘဲ မျက်နှာချင်းဆိုင်မှာရှိသည့် အင်းလျားကန်ရေပြင်ကြီးကို ငေးမောနေမိကြလေသည်။

အင်းလျားရေပြင်ကို လျှပ်တိုက်ပြေးလာသည့် လေနုအေးတို့က ရင်ထဲ အေးခနဲ စိမ့်ခနဲ ဖြစ်သွားကြသည့်တိုင် ခန္ဓာကိုယ်တွေက နည်းနည်းမှ မတုန်လှုပ်သွားမိကြပေ။ ထိုလေ၏အထိအတွေ့ကို သတိမထားမိကြသည့်အလား မျက်နှာတွေက တည်ငြိမ်ညို့မှိုင်းလို့ နေကြလေသည်။

ညှိုးငယ်နွမ်းလျနေတဲ့ သမီးရဲ့မျက်နှာလေးဆီသို့ ကန်ရေပြင်ဆီ မျက်နှာမူထားသော ဦးရန်နိုင်မျက်နှာက တဖြည်းဖြည်းလှည့်လာပြီး စိတ်မချမ်းမြေ့စွာ ကြည့်လိုက်ရင်း . . .

''သမီး . . . မဖြစ်မနေမို့ ဖေဖေပြန်ရမှာပါ၊ နောက်ဆို မကြာခဏ ဖေဖေပြန်လာပါ့မယ်၊ ဟိုကိုလိုက်ခဲ့ဆိုတော့လည်း သမီးက မလိုက်ချင်၊ သမီး အဲလိုလုပ်နေတော့ ဖေဖေ ဘယ်လို စိတ်ဖြောင့်မလဲကွာ၊ ဒီဘက်လှည့်ပါဦး သမီးရယ်''

ဦးရန်နိုင် သမီးရဲ့ခေါင်းကို ခုံရွှေ့ပြီး မေးစေ့လေးကိုကိုင်ကာ ဆွဲလှည့်လေသည်။

ပါးပြင်ပေါ်မှာ ရီးလေးခိုနေတဲ့ မျက်ရည်တွေကို တယုတယ





သုတ်ပေးလိုက်ပြီး . . .

"ကလေးလည်း မဟုတ်တဲ့နဲ့ သမီးရယ်၊ ဒီမှာ အလုပ်အကိုင်အဆင်မပြေလို့ အဆင်ပြေတဲ့ဆီမှာ အလုပ်လုပ်နေရတဲ့ ဖေဖေ့ဘဝကို သနားပါဦး သမီး၊ ဖေဖေလည်း သမီးကို ဘယ်ခွဲချင်ပါ့မလဲ၊ သမီး စိတ်တည်ငြိမ်အောင် အလုပ်လုပ်ချင်ရင်လုပ်ပါ . . . ဖေဖေအားပေးပါတယ်၊ ဒါမှမဟုတ် အိမ်ထောင်ပြုဖို့ အိမ်ထောင်ဘက်တွေ့ရင်လည်း ဖေဖေ့ကိုပြောနော် . . . ငါ့သမီးလေး ရွေးချယ်တဲ့ ခင်ပွန်းလောင်းကို ဖေဖေ မကန့်ကွက်ဘူး"

"ဖေဖေနော်"

မျက်ရည်တွေနှင့် စိတ်မကောင်းသည့်ကြားက ဖခင်အားမူနွဲ့နွဲ့လေးပြန်ပြောရင်း ရှက်စိမ်း ခေါင်းလေးငုံ့ထားမိသည်။

"အံမယ် . . . ဒါ ရှက်စရာမှ မဟုတ်တာသမီးရဲ့၊ ဘယ်သူမှ ရှောင်လွှဲလို့ မရတဲ့ လောကနိယာမပဲ . . . တကယ်ပြောတာ၊ သမီး ရွေးတဲ့ အိမ်ထောင်ဘက်ဟာ ဘယ်တော့မှ မဟုတ်တာရုတ်တွေ ဖြစ်မှာ မဟုတ်ဘူးလို့ ဖေဖေယုံတယ် . . .၊

အခုပဲ ကြည့် . . . ဘဝတစ်လျှောက်လုံး ဖေဖေ့ကွယ်ရာမှာ ငါ့သမီးလေး ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းပြီး နေလာခဲ့တာ လက်တွေ့ပဲလေ၊ ဒါကြောင့် ဖေဖေယုံတာ၊ အဲဒီအခါကျ နွေးထွေးတဲ့



www.burmeseclassic.com

7
www.burmeseclassic.com



မိသားစုဘဝလေးကို ပိုင်ဆိုင်သွားလို့ ဒီအဘိုးကြီး ရှုပ်လိုက်တာလို့တော့ မပြောနဲ့နော်''

''ဖေဖေကလည်း သမီး အဲဒီအိမ်ထောင်ဆိုတာကြီးကို တစ်ခါမှ မစဉ်းစားမိသေးဘူး ...၊

အခု ဖေဖေပြောလို့ ပြောရဦးမယ် ... ဖေဖေလည်း သင့်တော်တာတွေ့ရင် အိမ်ထောင်ထပ်ပြုချင်ပြုပါ၊ သမီးလည်း ထင်တယ်လေ.. ဖေဖေရွေးမယ့် နောက်ထပ်ခရီးဖော်ဟာ စိတ်ထားယုတ်ညံ့သူ မဖြစ်နိုင်ဘူးလို့''

ဝမ်းနည်းကြေကွဲတဲ့ ခံစားချက်တွေကနေ တစ်ဦးကိုတစ်ဦး အပြန်အလှန် ငဲ့ညှာသည့်စကားများသို့ ကူးပြောင်းသွားလေရာ သားအဖနှစ်ယောက်ကြား ပျောက်လုလုနွေးထွေးမှုများ ပြန်လည်ဖြစ်တည်လာလေသည်။

ဦးရန်နိုင် ထိုအခွင့်အရေးကို အပျောက်မခံ။ သမီးကို ဟန်ပါပါကြည့်၍ ကျီစယ်လိုက်၏။

''ဖေဖေ တကယ်တွေ့သွားမှ ချောင်မှာကုပ်ပြီး မငိုရဘူးနော်၊ အဲဒီကျ ကိုယ့်မိန်းမနား ကိုယ်ကပ်နေရမှာ၊ သမီးကို မျက်ရည်သုတ်ပေးနိုင်မှာမဟုတ်ဘူး''

''ဟော ကြည့် ... ဖေဖေပြောပုံက တွေ့နေပြီလား မသိ





ဘူး''

ဖခင်၏ကျီစယ်နေမှုကို မျက်ရည်မခြောက်တခြောက်နှင့် မျက်လုံးလေးများ အရည်လဲ့လာသည်ထိ ပြုံးကြည့်ပြီး ရွက်စိမ်း ရန်ထောင်လိုက်သည်။

သမီးပုံစံကိုကြည့်ပြီး ဦးရန်နိုင် ခွက်ထိုးခွက်လန် ရယ်လျက် ...

''အောင်မယ်လေးဟဲ့ ... ငါ့သမီးနှယ် တကယ်လည်း ဖအေကို ခွင့်မပြုနိုင်ဘဲနဲ့ အပိုတွေလုပ်ပြီး ပြောနေတယ်၊ တွေ့နေမှဖြင့် ဖေဖေ ဟိုမှာ အပြီးနေတော့မှာပေါ့၊ ဒီလောက် နှစ်တွေကြာမှဟာ ယူချင်ရင် ယူပြီးတာ ကြာလှပေါ့၊ ဖေဖေ့မှာ စီးပွားရေးထဲ ခေါင်းနစ်နေတာဆိုတော့ ဒီမျက်လုံးထဲမှာ ငွေ ငွေဆိုတာပဲ မြင်တယ်၊ ဘာမှကို မမြင်ဘူး''

ဒီတော့မှ ဖခင်ပြောပုံကို သဘောကျကာ ရွက်စိမ်း တခစ်ခစ်နှင့် ရယ်နေတော့သည်။

''သမီးရော ဆံပင်အရှည် ဘယ်တော့ပြန်ထားမလဲ''

သမီးခေါင်းက ဆံပင်တွေကို ဖွဖွလေးကိုင်ကြည့်ပြီး တင်ပါးအောက်ရောက်နေပြီးတဲ့ ဆံပင်တွေကို နှမြောတသ သတိတရဖြင့် ဦးရန်နိုင် မေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တဖြည်းဖြည်းတော့ ပြန်ထားပါ့မယ် ဖေဖေ ... အခု လောလောဆယ်တော့ အခုလိုနေရတာ ပိုလွတ်လပ်သလိုပဲမို့ နေပါရစေဦး ...၊

ခုနက စကားကို ပြန်ဆက်ရအောင် ဖေဖေ ... သမီးကြောင့် ဖေဖေ့ဘဝ အထီးမကျန်စေချင်ဘူး။ ကျန်ရှိနေသေးတဲ့ ဖေဖေ့ဘဝရဲ့ သက်တမ်းလေးကို စိတ်ချမ်းသာအောင်နေပြီး ဖေဖေ စိတ်တိုင်းကျ သဘောကျ ဆုံးဖြတ်ပါလို့ သမီးပြောချင်ပါတယ်"

ဦးရန်နိုင် သမီးကို မျက်မှောင်ကုတ်ကြည့်လျက် တည်ငြိမ်စွာနေပြောနေသော သမီးဖြစ်သူအား ...

"သမီး ... အတည်ပြောနေတာလား၊ သမီးခေါင်းကဆံပင်ကို ပြန်ကိုင်ကြည့်ဦးနော်၊ နွေးထွေးတဲ့မိသားစုဘဝကို ဖေဖေ မပေးရကောင်းလားဆိုပြီး သမီး အရွဲ့တိုက်တဲ့အနေနဲ့ ပုံစံပြောင်းလိုက်တာ မဟုတ်လား၊ အခု ဘယ်လိုကဘယ်လို သဘောထားတွေ ပြည့်သွားရတာလဲ"

မယုံကြည်နိုင်သော မျက်ဝန်းများဖြင့် သမီးကိုကြည့်ကာ ဦးရန်နိုင် မေးလိုက်လေသည်။

တည်ငြိမ်စွာပင် ဖခင်အား ရွှက်စိမ်း လှည့်ကြည့်၍ ...

"အခုလေးတင်ပဲ သဘောထားပြည့်သွားတာပါ ဖေဖေ"





"ဖေ ...ာ"

ဦးရန်နိုင် အံ့ဩသဖြင့် အပြောင်းအလဲမြန်သွားသော သမီးကို စူးစမ်းသလို [illegible] ကြည့်နေမိသည်။

"မအံ့ဩနဲ့ ဖေဖေ ... ဟိုးမှာ အင်းလျားကန်ဘောင်ပေါ်ကို ဖေဖေ လှမ်းကြည့်လိုက်ပါ၊ တွေ့ပါလိမ့်မယ်"

သမီး လက်ညှိုးထိုးပြရာသို့ ဦးရန်နိုင် လှမ်းကြည့်မိသည်။ ဘာမှမတွေ့။

မိမိတို့ထိုင်သည့် အင်းလျားရေပြင်ကို မျက်နှာမူကာ ဆောက်ထားခြင်းကြောင့် သိပ်မဝေးလှသော ကန်ဘောင်ပေါ်က လှုပ်ရှားမှုများကို မြင်နေရလေသည်။ အခုဟာက ထိုင်နေသူတွေရော လမ်းလျှောက်သူတွေပါရှိနေတော့ သမီး ဘာကိုပြမှန်း မသိ။ ကြည့်ဆိုလို့သာ ကြည့်လိုက်ရာ ဘာမှန်းမသိ။

ဒါကြောင့် သမီးဘက် ပြန်လှည့်ပြီး ...

"ဘာမှလည်းမတွေ့ပါလား သမီးရဲ့"

ရွှက်စိမ်း ပြုံးတုံ့တုံ့လေး လုပ်၍ ...

"ဟိုမှလေ ဖေဖေ ... အဘိုးကြီးနဲ့ အဘွားကြီး ကန်ဘောင်ပေါ်မှာ လက်တွဲပြီး လမ်းလျှောက်နေကြတာ၊ ဖေဖေတို့လောက်ပဲရှိမယ်ထင်တယ်၊ သမီးက ဖေဖေနဲ့အတူ လိုက်မနေနိုင်တော့ ဖေဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြုစုဖို့ အနီးကပ်လူတစ်ယောက် လိုတယ်မဟုတ်လား ...၊

အလုပ်ထဲမှာ စိတ်ဖိစီးမှုတွေ များလာတဲ့အခါ စိတ်ရဲ့ပျော်ရွှင်မှုကို တောင့်တကြမှာပဲ၊ အဲဒီအခါ ဟိုကန်ဘောင်ပေါ်က စုံတွဲလို ဖေးမ,ကူညီမဲ့သူရှိမှ ဖြစ်မှာလေ၊ အဲဒါကိုတွေ့ပြီး ဖေဖေ့အတွက် စဉ်းစားမိသွားတာပါ''

''ဩော် ... သမီးရယ်''

သမီး၏ လျှပ်တစ်ပြက် ရင်ထဲကထွက်ပေါ်လာသော မိမိ အပေါ်ထားရှိသည့် မေတ္တာ၏အတိမ်အနက်အား မြင်တွေ့လိုက်ရချိန်တွင် ဦးရန်နိုင် ရင်ထဲမှာ မွန်းကျပ်ဆို့နစ်သွားရပါ၏။ ကြည်နူးမှုကြောင့် မျက်ရည်တို့လည်း ဝေ့တက်လာရသည်။

အဲဒါကြောင့် သမီးကို ဖက်တွယ်လိုက်ပြီး သူ့ပါးနှင့်သမီး ခေါင်းလေးကို ကပ်ထားမိလေသည်။

သနားစရာကောင်းတဲ့ သမီးလေးရယ်လို့လည်း ရင်ထဲက ရေရွတ်လိုက်မိသည်။

ကြည့်ပါဦး ...။

ဖခင် အနားမှာမရှိလို့ ကြင်နာမှုတွေ မခံစားရလို့ လောက ကြီးကို အရွဲ့တိုက်တဲ့အနေနဲ့ သူမ အင်မတန်မြတ်နိုးသော တင်ပါး အောက်ရောက်နေပြီဖြစ်တဲ့ ဆံပင်တွေကိုညှပ်ပြီး ယောကျ်ားပုံပြောင်း





လိုက်ပြီးမှ ဖခင်ကို စာနာနားလည်လာပြန်သတဲ့။

ဘယ်လိုမှ မထင်မှတ်ထားတဲ့ သမီးနှုတ်ဖျားက မိမိကို နောက် အိမ်ထောင်ပြုနိုင်းတဲ့စကားအတွက် ငိုအားထက် ရယ်အားသန် ဖြစ်ခဲ့ရသည်။

မိမိကိုသာ အဖေ၊ မိမိကိုသာ အမေလို့ တွက်ထားပြီး ဆိုးဆိုးနေသူလေးက တခြားသူရင်ခွင်ထဲ ဖခင်ကို ထည့်ရက်သတဲ့လား။

ဦးရန်နိုင် သက်ပြင်းမှုဉ်းမှုဉ်းနှင့်အတူ ဖက်ထားဆဲဖြစ်တဲ့ သမီးရဲ့ဦးခေါင်းလေးကို ဖက်ထားတဲ့လက်နဲ့ လက်လှမ်းမီသလောက် ပွတ်သပ်နေမိ၏။

ရင်ခွင်ထဲမှာ ငြိမ်သက်နေတဲ့ သမီးကို ငုံ့ကြည့်တော့ မျက်လုံး လေးမှိတ်ထားတာကြောင့် သာသာလေးပဲ နွေးထွေးထားလိုက်သည်။

အချိန်ရသလောက် ရင်ခွင်ထဲမှာ သမီးလေးနေပါစေလေ။

သမီးလိုပဲ ဦးရန်နိုင် တစ်ထိုင်တည်း ဆုံးဖြတ်ချက်တစ်ခုကို ချမိသွားသည်။

သမီးအတွက်ဆို သူ့ဘဝ ဘာဖြစ်ဖြစ် ... မိမိသည် သမီး အတွက် ထာဝရဖြစ်နေရမည် ... ဟု။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ရွက်စိမ်း ဖခင်ကို လေယာဉ်ကွင်းလိုက်ပို့ပြီး က ား ကို အိမ်ပြန်မောင်းသွားခိုင်းကာ သူမကတော့ အင်းလျားကန်ဘော င်ပေါ်သို့ လမ်းလျှောက်ရန် ထွက်လာခဲ့သည်။

ကန်ဘောင်ပေါ်ကနေ လှမ်းမြင်နေရတဲ့ သူ မရဲ့အိမ်ကို ရပ်ကာ ကြည့်လိုက်မိသည်။

စိတ်ကူးကောင်းသော သူမ၏ဖခင်က ေဘာင်ကုန်းေလး သဏ္ဍာန်ဖြစ်နေသော ကုန်းလေးပေါ်မှာ ခေတ်မီလှပ သော နှစ်ထပ်တိုက်လေးအား အင်းလျားကန်ဘက်ကို မျက်နှာမူလျက် ဆောက်ထား လေသည်။





အပေါ်ထပ်မှာရှိသော ဘုရားခန်းမှအစ အိပ်ခန်းတိုင်းကို ဝရန်တာလေးတွေ ထုတ်ပေးထား၏။ အဲဒီကနေ ပတ်ဝန်းကျင်ကို တွေ့မြင်ခံစားနိုင်သည်။

အိမ်ရှေ့မျက်နှာစာ ဝရန်တာမှနေလည်း အင်းလျားကန်ဘောင်ပေါ်မှ ရှုမျှော်ခင်းများကို ကြည့်ရှုခံစားနိုင်လေသည်။ ခြံထဲတွင်တော့ ထင်ရှူးပင်များကို တန်းစီစိုက်ထားခြင်းကြောင့် အဝေးကကြည့်လိုက်လျှင် ထင်းခနဲ ပေါ်လွင်နေသော သူမတို့အိမ်ကလေးသည် မိုးပြာပြာရဲ့အောက်မှာ ပန်းချီကားချပ်လေးတစ်ချပ်နှယ် ကြည့်မဝနိုင်အောင် ရှိရလေသည်။

ဒီလို နေချင့်စဖွယ် အိမ်လေးထဲမှာ သူမ အထီးကျန်စွာနေခဲ့ရသည့် နှစ်တွေကို လက်ချိုးရေတွက်မည်ဆိုပါက သူမမှာရှိသော လက်ချောင်းလေးများနှင့်တောင် မလုံလောက်ခဲ့ပါ။ ဒါတွေကို ပြန်စဉ်းစားတိုင်း တစ်ခါမှ စိတ်မချမ်းမြေ့ခဲ့။

ဒီတော့ ဘဝကို နေတတ်အောင်နေမှ ဖြစ်တော့မည်။ အဲဒီလိုနေနိုင်ဖို့က အလုပ်တစ်ခုခုရှိမှ ဖြစ်မည်မို့ ဘာလုပ်ရမလဲဟု တွေးကာ ဂျာကင်အိတ်ထဲ လက်နှိုက်၍ ကန်ရေပြင်ဘက် မျက်နှာပြန်မူလိုက်သည်။

အလုပ်ဆိုတာကို အိမ်က အိမ်မှုကိစ္စတွေကလွဲလို့ အခြား



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဆို ဘာမှမလုပ်ဖူးလေတော့ အတော်စဉ်းစားယူနေရသည်။

သူငယ်ချင်းတွေနဲ့တိုင်ပင်ဖို့ကလည်း အားလုံး အဝေးကို ရောက်ကုန်ကြပြီ။

ရွက်စိမ်း စိတ်ညစ်ညစ်နှင့် ရှေ့မှာတွေ့တဲ့ ခဲလုံးလေးကို ခြေဖျားနှင့် ခပ်ထုတ်လိုက်မိသည်။

အဲဒီအချိန်မှာ အဝေးကနေ အော်ဟစ်ဆူညံစွာ ပြေးလာကြသော လူအုပ်ကြီးကြောင့် ရွက်စိမ်း လှည့်ကြည့်လိုက်လေသည်။

"ဟေ့ ညီလေး ... ဖမ်းလိုက် ဖမ်းလိုက်၊ အဲဒီလူ အဲဒီလူ ... ရှပ်အင်္ကျီ အကွက်နဲ့လူ"

သူမကို ယောက်ျားလေးထင်ပြီး အဝေးကနေ အော်ပြောနေသော လူတစ်ယောက်ကြောင့် အနားကိုရောက်လာပြီဖြစ်တဲ့ ရှပ်အင်္ကျီအကွက်နှင့်လူအား ခြေထောက်ထိုးခံပေးလိုက်လေသည်။

ထိုလူမှာ ရွက်စိမ်းရဲ့ခြေထောက်ကို ဝင်တိုက်မိပြီး မှောက်လျက်လဲသွားတော့သည်။

နောက်က လူအုပ်ကြီးလည်း လဲနေတဲ့လူနားကို မီလာကြပြီး ရှေ့ဆုံးမှတစ်ယောက်က ကုပ်ကနေ အင်္ကျီကိုဆွဲ၍ ထိုလူကို ထ ခိုင်းလိုက်သည်။

အရှိန်ပြင်းပြင်း လဲကျသွားတာမို့ ထိုလူခမျာ ထမပြေးနိုင်ဘဲ





အမိခံလိုက်ရလေသည်။

"ကျေးဇူးပဲညီလေးရေ၊ ဒီမှာ စကားပြောနေတုန်း လက်ထဲက ပိုက်ဆံအိတ်ကို လုပြေးတာလေ၊ ပိုက်ဆံက အကြောင်းမဟုတ်ဘူး ... အဲဒီထဲမှာ အရေးကြီးတဲ့ စာရွက်စာတမ်းလေးတွေ ပါနေလို့ ပြေးလိုက်ရတာ"

လုပြေးသွားတဲ့လူရဲ့လက်ထဲက တစ်တောင်လောက်ရှိသော အိတ်အညိုကြီးကို ပြန်ယူရင်း ပိုင်ရှင်ဖြစ်ဟန်တူသော မင်းသားရှုံးလောက်အောင်ချောသည့် လူချောကြီးက ရွက်စိမ်းအား ရှင်းပြနေခြင်း ဖြစ်သည်။

"အစ်ကို ... ဒီလူကို ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ"

အလစ်သမားအား ဘာလုပ်ပေးရမလဲ။ ရဲစခန်းပို့ပေးရမလား၊ ဘယ်လိုလုပ်ပေးရမလဲဆိုသည့်သဘောနှင့် ကုပ်ကနေ ဆွဲထားသည့်သူက ပစ္စည်းပိုင်ရှင်အား မေးလိုက်ခြင်းဖြစ်သည်။

အဲဒီတော့မှ ပစ္စည်းပိုင်ရှင်က ပျာပျာသလဲဖြင့် ...

"ဟာ ... နေပါစေ နေပါစေ ... ဘာမှမလုပ်နဲ့၊ ကျွန်တော့် ပစ္စည်းလည်း ပြန်ရနေမှဟာ လွှတ်ပေးလိုက်ပါ ... နေဦး နေဦး"

ဆိုပြီး အိတ်ညိုကြီးထဲကနေ ထောင်တန်အုပ်ငါးအုပ်ကို ထုတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ ညီလေး ... မင်း မရှိလို့ ဒီလိုနိုးမိတာ မဟုတ်လား၊ အခု အစ်ကိုပေးတဲ့ပိုက်ဆံနဲ့ မင်းဘဝပြေလည်အောင် ဖန်တီးလိုက်ပါ၊ နောက်ထပ် ဒီဘဝမရောက်စေနဲ့တော့ကွာ"

ထိုသို့ပြောကာ အလစ်သမားအား ကမ်းပေးလိုက်လေသည်။

အားလုံး ပစ္စည်းပိုင်ရှင်အား လူထူးလူဆန်းသဖွယ် ဝိုင်းကြည့်နေမိကြ၏။ အလစ်သမားက ထိုလူ့ခြေရင်းတွင် ထိုင်ချလိုက်ပြီး လက်အုပ်လေးချီကာ ...

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ကျွန်တော် ကြံရာမရလို့ ဒီလိုလုပ်မိတာပါ၊ အိမ်မှာ ကျွန်တော့်သမီးလေး အသည်းအသန်ဖြစ်နေတာ ကုစရာပိုက်ဆံမရှိလို့ မျက်လုံးထဲတွေ့ရာ ဆွဲလိုက်မိတာပါပဲ"

ပစ္စည်းပိုင်ရှင်အား လူထူးလူဆန်းသဖွယ် ကြည့်နေကြသော လူအုပ်ကြီးက အလစ်သမား၏စကားကြောင့် အလစ်သမားအား ကရုဏာသက်စွာ ကြည့်မိကြပြန်သည်။

သနားသောအကြည့်၊ စိတ်မကောင်းသော မျက်နှာများက အားလုံးရဲ့မျက်နှာတွေမှာ အထင်းသား။

အခြေအနေအားလုံးကို ရှက်စိမ်းကြည့်ပြီး မျက်ရည်များ ရစ်ဝဲလာရလေသည်။ ဖခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာများကို



10



မျက်မြင်တွေ့လိုက်ရ၍ ရင်နှင့်မဆံ့အောင် ခံစားလိုက်ရလေသည်။

ပစ္စည်းပိုင်ရှင် လူချောကြီးကလည်း ထိုလူ့ကိုကြည့်ပြီး စိတ်ထိခိုက်သွားရကာ လက်အုပ်ချီထားသော ထိုလူ၏လက်ကို ဆွဲထူလျက် ...

"ရော့ ... ယူပြီး အမြန် အိမ်ကိုပြန်ပါ၊ ခင်ဗျားအိမ်လိပ်စာ ပေးခဲ့ပါလား၊ နောက်နေ့ ကျွန်တော် ကလေးကိုလာကြည့်ချင်လို့၊ ဒါမှမဟုတ် ကျွန်တော့်ကုမ္ပဏီလိပ်စာကတ် ယူသွားပါ၊ လိုတဲ့အကူအညီ ကျွန်တော် ထပ်ပေးပါ့မယ်"

ပိုက်ဆံအထပ်လိုက်အား ထိုလူ့လက်ထဲကို ထည့်ပေးပြီး သူ့အိတ်ထဲက ကတ်ပြားလေးတစ်ခုကိုပါ ပေးလိုက်လေသည်။

"ကဲ သွားတော့ ... အချိန်မီ ကလေးကို ဆေးပြန်ကုပါ"

"နေဦး ... ခဏလေး"

ထိုလူက ထွက်သွားဟန်ပြင်နေဆဲ ရှက်စိမ်းရဲ့အသံကြောင့် လှည့်ကြည့်လာလေသည်။

ရပ်ကြည့်နေကြသောလူအုပ်ကြီးကလည်း သူမဘက်သို့ မျက်လုံးများ အကြည့်ပို့လိုက်ကြလေသည်။ သူမကို လူချောကြီးလည်း ကြည့်နေလေသည်။

ဂျာကင်အိတ်ထဲကို လက်နှိုက်လိုက်ပြီး လက်ပြန်ထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ လက်ထဲကိုပါလာသည့် တစ်ထောင်တန်နှစ်အုပ်အား အလစ်သမားထံ ထိုးပေးပြီး ...

"ကလေးအတွက် ဆေးဖိုး.. အမှန်အကန်တော့ ဖြစ်ပါစေနော်"

ထိုသို့ ခပ်တည်တည်ပြောလိုက်လေသည်။

"အမှန်အကန်ပါ ညီလေးရယ်၊ မင်းတို့ကျေးဇူးကို အစ်ကို ဘယ်တော့မှမမေ့ပါဘူးကွာ၊ အားလုံးကို နှုတ်ဆက်ပါတယ် ... သွားလိုက်ပါဦးတယ်"

ထိုသူထွက်သွားရာကို လိုက်ကြည့်နေကြပြီး လူအုပ်ကြီးလည်း အလျှိုအလျှိုဖြင့် သူ့လမ်းသူပြန်ကြလေတော့သည်။

ရွက်စိမ်းလည်း ထိုလူအုပ်၏ ဆန့်ကျင်ဘက်သို့ ခြေဦးလှည့်လိုက်လေသည်။

"ညီလေး ... ခဏ"

နောက်ကနေ ခေါ်လိုက်သော ကိုလူချော၏အသံကြောင့် ခြေလှမ်းကို မလှမ်းဖြစ်သေးဘဲ ရွက်စိမ်း အသာငဲ့ကြည့်လိုက်သည်။ ကိုလူချောက ဘေးချင်းယှဉ်ရပ်၍ ...

"အစ်ကို့နာမည် လူသစ်လို့ခေါ်ပါတယ်၊ မင်းကို မိတ်ဖွဲ့ချင်လို့"





ရွက်စိမ်း ဂျစ်ကန်ကန်ကြည့်လျက် ...

"ခင်ဗျားဘာသာ လူသစ်ဖြစ်ဖြစ်, လူဟောင်းဖြစ်ဖြစ် ကျုပ်စိတ်မဝင်စားဘူး"

"ဟာ ... အဲလိုမဟုတ်ဘူးလေ ငါ့ညီရာ၊ အစ်ကိုပြောချင်တာက ငါ့ညီရဲ့စိတ်ဓာတ်ကို လေးစားလို့ မိတ်ဖွဲ့ချင်တာပါ"

ပြောပြီး လှည့်ထွက်မယ်လုပ်နေတဲ့ ရွက်စိမ်းရှေ့ကို လူချောကြီးလို့ ရွက်စိမ်းအမည်တပ်ထားတဲ့ လူသစ်ဆိုသူက ပိတ်ရပ်ပြီး သူ့စကားကို ဆက်ပြောလေသည်။

"ကျုပ်ကို မလေးစားပါနဲ့ ... ကျုပ်က ခရီးသွားဟန်လွှဲကူညီတဲ့သဘောပါ၊ ခင်ဗျားကမှ ပိုလေးစားဖို့ကောင်းတာ၊ ကိုယ့်ပစ္စည်းကိုလုတဲ့သူကို ပိုက်ဆံတွေ တစ်ထပ်ကြီးပေးပြီး ပြန်လွှတ်တဲ့လူ ဒီကမ္ဘာမှာ ခင်ဗျားတစ်ယောက်တည်း ရှိမယ်ထင်တယ်၊ ရုပ်ရှင်ထဲမှာဆို ဒီအခန်းက အတော်ကြည့်ကောင်းမယ့်အခန်း"

ရိုသလိုလို အတည်လိုလိုနှင့် ပြောနေသော ရွက်စိမ်းကို လူသစ်အပြုံးချိုချိုတို့ ပြုံးပြလျက် ...

"လာပါကွ ... အစ်ကိုနဲ့ တစ်နေရာမှာ တစ်ခုခု သွားစားရအောင်ပါ၊ မင်းရဲ့ ထပ်ဆင့်ချီးမွမ်းခန်းအတွက် ညှော်ခံကျွေးမွေးတယ်လို့ ယူဆလည်း ရပါတယ်၊ မင်းရဲ့စိတ်သဘောကို လေးစားလွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်ချင်း ခင်မိလို့ပါ”

မရမကခေါ်နေသော လူသစ်ဆိုသောလူကြောင့် ရွက်စိမ်း အကြံအိုက်နေတော့သည်။

သူကတော့ တကယ့်ယောကျ်ားလေးထင်ပြီး အတင်းခေါ်နေတာပင်။ သူမမှာသာ အခက်တွေ့နေရ၏။ ဘယ်လိုအကြောင်းပြချက်နဲ့ ရှောင်လွှဲရမလဲဟု တွေးနေဆဲ …

“ခဏလေးပါ ညီလေးရဲ့ မင်းရဲ့ကူညီတတ်တဲ့ စိတ်လေးကြောင့် အစ်ကို အကူအညီတစ်ခုတောင်းချင်တာလည်း ပါပါတယ် … မကြာပါဘူး”

ဒီလောက်ကြီးခေါ်နေတော့လည်း ရွက်စိမ်း အားနာလာရသည်။ အကူအညီတောင်းချင်တယ်ဆို၍ စိတ်ဝင်စားသွားခြင်းကြောင့် …

“ခဏလေးနော်”

လူသစ် မပြုံးမပြဖြင့် …

“အေးပါကွာ … မင်းကလည်း ငါ့ကို မယုံပြန်ဘူးလား”

“မယုံလို့ မဟုတ်ဘူးဗျ။ အိမ်ကို အပြင်ခဏထွက်ဦးမယ်ဆိုပြီး ပြောလာတာ၊ ကြာရင် စိတ်ပူနေကြမှာစိုးလို့”

“စိတ်ချ … ခဏလေးပဲ၊ ပြန်ရင် လိုက်ပို့မယ်၊ ဝေးလား





မင်းအိမ်က”

“ဝေးတာပေါ့ … နှစ်နာရီလောက် ကားစီးရမှာ”

မျက်နှာကို ရှုပ်ပုပ်လုပ်၍ ရွက်စိမ်း ခပ်တည်တည်နှင့် ပြောလိုက်တော့ လူသစ် အပြုံးမပျက်။

“အေးကွာ … ဘယ်လောက်ဝေးဝေး လိုက်ပို့မယ် … ဟုတ်ပြီလား။ မင်းကတော့ အကူအညီပေးမလား၊ မပေးလားတော့ မသိသေးဘူး။ မင်းပုံစံနဲ့ ငါလိုက်ရှာနေတဲ့ပုံစံ ကွက်တိပဲဟ၊ လာကွာ … အဝေးကြီးမသွားပါဘူး။ ဒီနားက စားသောက်ဆိုင်တင်ပါ”

စကားဆုံးသည်နှင့် သူမအပြောကို စောင့်မနေဘဲ ရှေ့က ထွက်သွားသော လူသစ်နောက်သို့ မလိုက်ချင်လိုက်ချင်နှင့် ရွက်စိမ်း လိုက်သွားမိသည်။

“ဩော် … မင်းနာမည် ပြောပါဦးကွ”

ရှေ့က လျှောက်သွားနေရာက သတိရသွားဟန်ဖြင့် ရွက်စိမ်းအား လူသစ် လှည့်မေးလိုက်သည်။

မြန်းခနဲ လှည့်လာသောမျက်နှာကြောင့် ရွက်စိမ်း တွန့်ခနဲဖြစ်ပြီး ခြေလှမ်းကို ရပ်လိုက်ရင်း …

“ရွက်စိမ်းပါ”

ဟန်မပျက် ပြန်ဖြေလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





လူသစ် မျက်ခုံးပင့်တက်သွားပြီး ထိုနာမည်ကို ရေရွတ်ကြည့်နေလေသည်။

"ရွှက်စိမ်း ... မောင်ရွှက်စိမ်း။ အင်း ... တစ်မျိုးတော့ တစ်မျိုးပဲ၊ ဒါလည်း ခေါ်လို့ကောင်းပါတယ်လေ"

ရှေ့ကနေ လျှောက်သွားရင်း တစ်ယောက်တည်း ပြောသလိုနှင့် လူသစ်ပြောနေမိသည်။

သူ့ကားရပ်ထားရာသို့အရောက် ...

"တက်ကွာ ... မင်းကလည်း တွန့်ဆုတ်တွန့်ဆုတ်နဲ့ ဘာဖြစ်နေတာလဲ"

ကားတံခါးဖွင့်ပေးပြီး ကားထဲကြည့်လိုက်၊ သူ့ကိုကြည့်လိုက်လုပ်နေသော ရွှက်စိမ်းအား လူသစ် စိတ်တိုတိုနှင့် အော်ထည့်လိုက်လေသည်။

အဲဒီတော့မှ ကားပေါ်ကို ခွေ့ခနဲတက်ကာ ခပ်တည်တည်ထိုင်လိုက်သော ရွှက်စိမ်းကို လူသစ် မသိမသာပြုံးကြည့်၍ ကားကို မောင်းထွက်ခဲ့လိုက်လေသည်။

ကားကိုရပ်လိုက်ပြီး ဆိုင်ထဲကို လူသစ်ရှေ့က ဝင်သွားတော့ သူ့မကို လာလေလို့ ခေါ်မသွားသော်လည်း တံခါးဖွင့်ပြီး ရွှက်စိမ်း နောက်က လိုက်သွားမိသည်။





လူရှင်းတဲ့ခုံမှာ လူသစ် ရွေးထိုင်တော့ ရွှက်စိမ်းလည်း လိုက်ထိုင်လိုက်သည်။

"ဘာစားမလဲ"

"ဘာမှမစားချင်ဘူး ... ခင်ဗျားပြောမှာသာ ပြော"

ခပ်ပြတ်ပြတ်ပြောလိုက်သော ရွှက်စိမ်းကို လူသစ် တစ်ချက်မော့ကြည့်လိုက်ပြီး ...

"အဲဒီလိုတော့ မလုပ်နဲ့လေကွာ ... တစ်ခုခုတော့ သောက်ပါ... လက်ဖက်ရည်ဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့၊ မင်းမမှာချင်ရင် မှာပေးရမလား"

"ခင်ဗျားသဘောပဲ"

စကားကို လိုတာထက် ပိုပြောလို့မရ ဖြစ်နေသော ရွှက်စိမ်းအား လူသစ် စိတ်ကုန်ချင်သလို ဖြစ်လာတော့သည်။ သို့သော်လည်း သူ့အခက်အခဲကို ကူညီနိုင်နိုးနှင့် မျှော်လင့်ပြီး သည်းခံစိတ်မွေးလိုက်ရ၏။

အဲဒါနဲ့ပဲ ဆိုင်ထဲကကောင်လေးတစ်ယောက်ကို လှမ်းခေါ်ပြီး ဘလက်ကော်ဖီနှစ်ခွက် မှာလိုက်ရလေသည်။

"ပြောလေဗျာ ... ခင်ဗျားပြောမယ့်စကား"

ကော်ဖီလာမချခင် ရွှက်စိမ်း ထပ်ပြီး သတိပေးလိုက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပြောမှာပေါ့ကွာ . . . မင်းကလည်း လောလိုက်တာ၊ အစက မင်းကို အကူအညီတောင်းဖို့ လွှမ်းမယ်ထင်ထားတာ၊ အခု မင်းပုံစံက ပြောရမယ့်စကားတောင် ပျောက်ကုန်ပြီ"

ရွက်စိမ်း ပြန်ပြောမလို့လုပ်နေတုန်း ကော်ဖီခွက်လာချ၍ ငြိမ်နေလိုက်ရသည်။

"မင်းကို အကူအညီတောင်းဖို့ စိတ်ကူးတာက မင်းပုံစံကြည့်ရတာ မိန်းကလေးနဲ့တူလို့ မိန်းကလေးလိုဝတ်ပြီး ငါ့ကို အကူအညီ ပေးနိုင်မလားလို့ပါ"

"ဘာဗျ"

ရွက်စိမ်း ထူပူပြီး ထအော်လိုက်မိသည်။ သူ့မပုံစံကို မိန်းက လေးမှန်းသိသွား၍ အကဲစမ်းသည် ထင်သွားခြင်းကြောင့် ဒေါသ လည်း ထွက်သွား၏။

"တိုးတိုးလုပ်ပါကွ မင်းကလည်း။ မင်းပုံစံက မိန်းကလေး နဲ့ အတော်တူတာပဲ၊ ငါ့မှာ ခုကွပတ်နေတာက ငါ့ကုမ္ပဏီမှာ စက္ကူထရီ ခန့်ဖို့ မိန်းကလေးရှာနေတာ . . . စိတ်တိုင်းမကျ ဖြစ်နေလို့ ငါကလည်း မခန့်ချင်, ငါ့အမေကလည်း သူရှာပေးတဲ့သူကို ခန့်ရမယ်နဲ့ စိတ်တွေ ညစ်လိုက်တာကွာ . . . ၊

❦ ရွှေစကားစာပေ ❦



ငါက မိန်းကလေးတွေနဲ့ အလုပ်မလုပ်ချင်လို့ မင်းကိုတွေ့ပြီး စိတ်ကူးရသွားတာ၊ မင်းကြည့်ရတာ ပညာတတ်ပဲဖြစ်ရမယ် . . . ဟုတ် တယ်မဟုတ်လား။ မင်း မိန်းကလေးလိုဝတ်ပြီး ငါ့ဆီမှာ အလုပ်လုပ် ပါလားကွာ"

သူ့စကားအဆုံးမှာ ရွက်စိမ်း တွေဝေသွားတော့သည်။ သူမ ကလည်း အလုပ်ရှာနေတာကြောင့် အဆင်တော့ပြေသား။ ဒါပေမဲ့ သူများအလုပ်ကြီး ဖြစ်နေတာကို ဖေဖေသိရင် ဘာပြောမလဲမသိ။ ကိုယ်ပိုင်အလုပ် လုပ်နိုင်လျက်နဲ့ သူများအလုပ် သွားလုပ်ရကောင်း လားဆိုပြီး အပြစ်တင်တော့မည်။

မိန်းကလေးလို ဝတ်ရတာက အကြောင်းမဟုတ်ပါ။ ကိုယ်က မိန်းကလေးပဲ၊ ဒီလို ဝတ်လိုက်လို့လည်း ကိုယ့်အတွက် ဘာမှ အပန်း မကြီး။

ရွက်စိမ်း ကော်ဖီခွက်ကို ဖွန်းနှင့်မွှေရင်း စဉ်းစားစန်းဖွင့်နေ မိသည်။

အကဲခတ်နေတဲ့ လူသစ်က . . .

"ဘယ်လိုလဲ ငါ့ညီ . . . ကူညီနိုင်မလား"

ရွက်စိမ်း မျက်လုံးလှန်ကြည့်ပြီး အကြံတစ်ခုပေါ်လာသဖြင့် သူ့ကို ခပ်ကြာကြာ စိုက်ကြည့်နေမိသည်။

❦ ရွှေစကားစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



ဒီလူ တကယ်ပဲ ယောက်ျားလေးလို့ သူမကို ထင်နေတာလား။ ဒါမှမဟုတ် တမင် မသိချင်ယောင်ဆောင်နေတာလားဟု ရွှက်စိမ်းက တစ်ဖန် လူသစ်အား ပြန်အကဲခတ်နေခြင်း ဖြစ်သည်။

ရွှက်စိမ်း စိတ်ကိုဒုန်းဒုန်းချလိုက်သည်။

သူမလည်း အလုပ်လုပ်ရန် ဘာမှမစဉ်းစားသေးမယ့်အတူတူ အလုပ်သဘောလေး နားလည်အောင် သူ့ဆီမှာ အလုပ်ဝင်ကြည့်မည်ဟု စိတ်ကူးလိုက်သည်။

နောက်ပြီး ပွင့်ပွင့်လင်းလင်းပဲ သူမ မိန်းကလေးဖြစ်ကြောင်း ဖွင့်ပြောရန်ပါ စိတ်ကူးမိလေသည်။

ဒါမှ အလုပ်မခန့်ဘူးဆိုလည်း ပြီးရောပေါ့ဟု တွေးလိုက်လေသည်။

ထို့ကြောင့် စိတ်ကူးထားတဲ့အတိုင်း ပြောဖြစ်လေသည်။

"ခင်ဗျားကို ပြန်မေးချင်တယ် ... ရမလား"

အကြာကြီးကြည့်နေပြီးမှ အသံထွက်လာသောရွှက်စိမ်း ကို လူသစ်ကလည်း လိုက်လိုက်လွဲလွဲ ပြန်ပြောလိုက်လေသည်။

"ဟာကွာ ... မေးပါ ... ရပါတယ်၊ ဘာမေးမှာလဲ ... မေး"

အားရဝမ်းသာဖြစ်သွားသော လူသစ်အား ရွှက်စိမ်း ရှုတည်





တည်နှင့်ကြည့်ကာ မာဆတ်ဆတ်ဖြင့် ပြန်မေးလိုက်၏။

"ခင်ဗျား ကျွန်မကို တကယ် ယောက်ျားလေးလို့ ထင်နေတာလား"

လူသစ် ကော်ဖီခွက်ကို ပြန်ချထားလိုက်ရင်း မျက်လုံးကြီး ပြူးကာ ဘာမှပြန်မဖြေနိုင်အောင် ဖြစ်သွားတော့သည်။ 'ဟော ...'လို့ အော်ဖို့တောင် မေ့သွားရသည့်အဖြစ်။

သူ့ရှေ့က ကုပ်မထောက်တထောက်ကေနှင့် လယ်သာဂျာကင်ကို လည်ပင်းထိ ဇစ်ဆွဲစေ့ထားပြီး ဂျင်းဘောင်းဘီကို ဝတ်ထားသော ရွှက်စိမ်းဆိုသူအား မိန်းမချောချောသည့် ခေတ်လူငယ်လေးဟု ထင်ထားခဲ့တာ။

ခုတော့ မေးပုံက ယောက်ျားလေးမဟုတ်ဘူးဆိုတဲ့ သဘောပါလား။

ပြန်ပြောရန် ဆွံ့အနေမိပါ၏။ လူကဲခတ်ညံ့သွားခဲ့ပြီ မဟုတ်ပါလား။

ဒါပေမဲ့ တစ်ခုတော့ လူသစ် ဝမ်းသာသွားပါသည်။

အဲဒါက ပွင့်လင်းတဲ့သူပေမို့ လက်တွဲလို့ အဆင်ပြေနိုင်၏။ သူ့နားကို အလုပ်သဘောနှင့်မဟုတ်ဘဲ တခြားအကြောင်းကြောင်းများကြောင့် ချဉ်းကပ်လိုသူများနှင့်စာလျှင် သူလေးက မဆိုးဟု တွေး



www.burmeseclassic.com

www.burmeseclassic.com





လိုက်မိသည်။

အဲဒါကြောင့် အံ့သြမှုကို မျိုသိပ်လိုက်ပြီး အမှန်အတိုင်း ဝန်ခံလိုက်ပါသည်။

"မင်း ညာတာမဟုတ်ဘူးဆိုရင်တော့ ငါ ယောက်ျားလေးပဲ ထင်နေမိတာ၊ ပြောပါဦး ... မင်း ဘာလို့ ဒီပုံဖြစ်နေရတာလဲဆိုတာ"

"ဒါ ခင်ဗျားနဲ့ မဆိုင်ပါဘူး။ ကျုပ်ပြောချင်တာ ခင်ဗျားထင်သလို ကျုပ် ယောက်ျားလေးမဟုတ်ဘူး ... မိန်းကလေး အစစ်ပဲ၊ အဲဒါကို ခင်ဗျားသိပြီးရင် အလုပ်ခန့်မလား၊ မခန့်ဘူးလား ... ဒါပဲ ပြော"

လူသစ် လက်လန်သွားသည်။ လူတကာကို အမိန့်ပေးနေရသူက ဒီဟာမလေးနဲ့တွေ့မှ အမိန့်ပေးခံနေရလေသည်။

ဒါပေမဲ့ လူသစ် ကျေနပ်နေ၏။ ဘာလို့မှန်းမသိဘဲ ရင်ထဲမှာ ပျော်သလိုလို ဖြစ်သွားသည်။

သူမရဲ့ ရှုတည်တည်မျက်နှာလေးကို ပြုံးကြည့်၍ လေသံ ပျော့လေးနှင့် ပြောမိသည်ထိ လူသစ်တို့ ပြောင်းလဲသွားရသည့်အဖြစ်။

"မင်းကလည်း စိတ်ကြီးပဲကွာ၊ ခန့်မယ်ကွာ ... မင်းကို ငါ သဘောကျတယ်"

"ဘာဗျ"

❦ ရွှေစကားစာပေ ❦



လူသစ် စကားလောသွား၍ စကားက အထအနကောက် စရာ ဖြစ်သွားတော့သည်။

ရွက်စိမ်း ထအော်လိုက်ရာ လူသစ် ခေါင်းကုတ်၍ ပတ်ဝန်း ကျင်ကို ဝေ့ဝိုက်ကြည့်လိုက်မိသည်။

ခက်တာပဲဟု စိတ်ထဲမှညည်းညူလိုက်ရင်း စကားကို ပြင် ပြောရလေသည်။

"ငါပြောတာက မင်းရဲ့စိတ်ဓာတ်ကို ပြောတာပါကွ၊ တကတဲ တစ်ချိန်လုံး မာန်ဖီနေတော့တာပဲ၊ အဲသလို ပွင့်လင်းတဲ့သူမှ ငါနဲ့ဖြစ်မှာ၊ မြို့စိစိတွေနဲ့ ငါ အလုပ်တွဲမလုပ်ချင်ဘူး၊ ငါက ခန့်ပြီကွာ ... မင်း ဘယ်တော့ အလုပ်ဝင်မလဲ"

အတိအကျပြောလာတော့ တကယ့်လက်တွေ့မှာ ရွက်စိမ်း အဖြေမပေးနိုင်သေး။ ဖေဖေ့ကို တိုင်ပင်ဦးမှဟု တွေးလိုက်သည်။

ဒီလူကြည့်ရတာ အမှန်အကန် လူကဲခတ်မှားပြီး သူမကို အကူအညီတောင်းတာမှန်း သိလိုက်ရ၍ ပိုပြီး စိတ်အေးသွားရသည်။

ဖေဖေ့ဆီက ခွင့်ပြုချက်တောင်းခံပြီးမှ အကြောင်းပြန်မည်ဟု အတွေးပေါက်ကာ ရက်ချိန်းပေးလိုက်လေသည်။

"ဒီလိုလုပ်ဗျာ ... ကျုပ်တိုင်ပင်ရမည့်သူ ရှိသေးတယ်၊ တိုင်ပင်ပြီးတာနဲ့ အကြောင်းပြန်မယ် ... ရလား"

❦ ရွှေစကားစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်ပြီ ရတယ်၊ မြန်မြန်တော့ အကြောင်းပြန်ကွာ၊ ရော့ ... ငါ့ လိပ်စာကတ်၊ ဒါနဲ့ မင်း ဘာနဲ့ကျောင်းပြီးတာလဲ၊ ကွန်ပျူတာရော တတ်လား"

အပေးအယူတည့်ပြီး ကုမ္ပဏီလိပ်စာကတ်အား အိတ်ညို ကြီးထဲက ထုတ်ပေးရင်း မမေးရသေးသည့်ကိစ္စအား မေးလိုက်မိ သည်။

ဒီတော့ ရွက်စိမ်း နှုတ်ခမ်းလေးချွန်ပြီး မျက်စောင်းလေး ထိုးလျက် မဲ့ရွဲ့ပြီး ပြောလိုက်လေသည်။

"တော်တော်လည်း ကျတဲ့လူ၊ အစကတော့ ဘာမှမမေးဘဲ အတင်းအကူအညီတောင်းနေတယ်၊ အခုမှ ဒါတွေ ဘာအရေးကြီးလို့ မေးနေတာလဲ၊ အလုပ်တောင် ခန့်ပြီးနေမှပဲ"

"မင်းကလည်းကွာ ... ငါက လူကိုအကဲခတ်လိုက်ကတည်း က ပညာတတ်လေးမှန်းသိပြီးသားမို့ပါကွ၊ ယောကျ်ားလေးနဲ့ မိန်း ကလေးသာ မခွဲခြားတတ်တာ ... ဒီလောက်တော့ လူကဲခတ် မညံ့ပါ ဘူး"

ရယ်ကျဲကျဲနှင့် လူသစ်ပြန်ဖြေလိုက်လျှင် ရွက်စိမ်း မပွင့်တပွင့် ပြုံးမိသွားတော့သည်။

"ကျောင်းပြီးတာ တစ်နှစ်ကျော်ပြီ၊ ကွန်ပျူတာလည်း သင်





တန်းတက်ပြီးသား၊ ဘာသာစကားလည်း နှစ်မျိုးလောက် တတ်တယ်၊ ကဲ ... ဘာမေးချင်သေးလဲ၊ လခရော ဘယ်လောက်ပေးမှာလဲ ... အဲဒါလည်း ပြောထားဦး"

လူသစ် သူ့ရှေ့က ပွင့်လင်းလွန်းသော ကောင်မလေးကို အတော်သဘောကျသွားလေသည်။ ရင်ထဲမှာလည်း ကျေနပ်မှုတွေ ဖြစ်ထွန်းပြီးရင်း ဖြစ်ထွန်းနေရ၏။ ဒါပေမဲ့ သူ့ရင်ထဲက ကျေနပ်မှုတွေ ကို ကောင်မလေး သိလို့မဖြစ်၊ ဣန္ဒြေလေးတော့ ဆည်လိုက်ရသည်။

"မဆိုးဘူးဘဲ ... လခက ဝင်ဝင်ချင်း တစ်သိန်းပေးမယ်ကွာ၊ နောက်မှ မင်းအရည်အချင်းနဲ့ လုပ်ရည်ကိုင်ရည်ကိုကြည့်ပြီး တိုး ပေးသင့်တိုးပေးမယ်"

"ကောင်းပြီလေ ... ဒါဆို ကျုပ်သွားမယ်၊ တစ်ပတ်အတွင်း ကျုပ် ဖုန်းဆက်ပြောမယ် ... ဖြစ်ကယ်မဟုတ်လား"

ပြောပြီးတာနှင့် ရွက်စိမ်း ဖျတ်ခနဲ ထရပ်လိုက်သည်။ မြန် ဆန်လွန်းတဲ့သူမကို လူသစ် မော့ကြည့်ပြီး ...

"နေဦးလေ.. လိုက်ပို့မယ်လို့ ပြောထားသားနဲ့၊ အရေးကြီး တာ ပြောရဦးမယ် ... အလုပ်ဆင်းဖြစ်ရင် အဲဒီ ကျုပ်တွေ, ခင်ဗျား တွေ ဖျောက်ပစ်ရမယ်၊ မင်း သဘောပေါက်မှာပါ"

လို့ ပြောလိုက်တဲ့လူသစ်ကို ရွက်စိမ်း ပေစောင်းစောင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်ပြီး ခပ်စွာစွာပဲ ပြန်ပြောလိုက်လေသည်။

"မသိဘဲနေမလား ... ဒီလောက်တော့ နားလည်တယ်"

ဟု ပြောပြီး ထွက်သွားရှာတော့သည်။ လှုသစ်မတားမိတော့။ သူမ ထွက်သွားတာကို လိုက်ကြည့်နေမိသည်။ သူမ ဆိုင်ပြင်ရောက်သွားသည့်တိုင် သူထိုင်နေဆဲ။ ရင်ထဲမှာ ဘယ်လိုတွေဖြစ်ပြီး ကျန်ခဲ့မှန်းမသိ၊ သိနေတာ တစ်ခုတော့ရှိသည် ... သူမနှင့် ထပ်ပြီး စကားတွေပြောချင်နေမိတာပင်။

အကြာကြီးနေမှ သတိဝင်လာပြီး ကော်ဖီဖိုး ပိုက်ဆံရှင်းကာ ထွက်လာမိခဲ့၏။

မျက်လုံးထဲမှာတော့ ဂျစ်ကနက်ကန်၊ မာကျောကျောပုံစံနှင့် ရွှက်စိမ်းဆိုသည့် ကောင်မလေးကို ဖျောက်ဖျက်မရအောင် ဖြစ်နေတော့သည်။

တွေ့စက တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသော ပုံစံလေးကိုလည်း ပြန်တွေးကြည့်ပြီး ကြည်နူးလို့နေရလေသည်။

လှုသစ် သူ့ကိုယ်သူ နားမလည်ချင်တော့။

မိန်းကလေးတွေကို အထင်မကြီးသည့် သူ့စိတ်တွေ ဘယ်ရောက်ကုန်ပြီလဲဟု မေးရတော့မလို ဖြစ်နေလေပြီ။

"ရွှေသို့" ဆိုတဲ့ ကုမ္ပဏီကြီးကို အုပ်ချုပ်နေတဲ့ လှုသစ်တစ်





ယောက် ဝန်ထမ်းတွေအားလုံးရှေ့မှာ ဣန္ဒြေကြီးက တစ်ခွဲသားနှင့် တည်တင်းနေခဲ့သမျှ၊ ဝန်ထမ်းတွေအသုံးမကျလျှင် အော်ငေါက်ပြောဆိုခဲ့သမျှ ရွှက်စိမ်းဆိုတဲ့ ချာတိတ်မလေးရဲ့ အော်ငေါက်မှုအောက်မှာ ငပေါကြီးပုံစံ ပေါက်နေခဲ့ရတာကို ကိုယ့်ဘာသာ မလုံချင်။

မေမေများသိသွားလျှင် ဘယ်လောက်ပြောလိုက်မလဲလို့ တွေးနေမိသည်။

ပိုဆိုးမှာက အခု လှုသစ် ဒီကောင်မလေးကို စက္ကုထရီခန့်လိုက်ပြီဆိုတာများ သိသွားတဲ့အချိန် ဖြစ်ပေါ်လာမည့် သူ့မေမေ၏ ပါးစပ်စက်သေနတ်သံများကို ကြားယောင်နေမိခြင်းပါပဲ၊

ဒါပေမဲ့ ...

ဒီတစ်ခါ ထူးဆန်းစွာပဲ လှုသစ်စိတ်တွေ ပေါ့ပါးနေရပါ၏။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဘယ်လို ... ပြန်ပြောစမ်း လူလူ ... မင်း စက္ကူထရီ ခန့်လိုက်ပြီ ... ဟုတ်လား။ ဒါနဲ့ မေမေပြောတော့ စဉ်းစားပါရစေဦးဆို၊ မေမေရှာပေးတဲ့သူတွေကိုတော့ မစဉ်းစားဘဲ ဘယ်က မဟုတ်မဟပ်တွေနဲ့ တွေ့လာခဲ့သလဲ၊ လာစမ်းပါ ... ဒီနားမှာ လာထိုင်ပြောစမ်းပါ၊

တကတဲတော် ... မအေက ငါ့သားလေး ပင်ပန်းပါတယ်၊ စက္ကူထရီတစ်ယောက်လောက် ခန့်ပါသားရယ် ဆိုတုန်းကဖြင့် မတုန်မလှုပ်နဲ့၊ အခုတော့ ချက်ချင်းပဲ အပြောင်းအလဲက မြန်သွားလိုက်တာ၊ ဘယ်လိုဟာကို တွေ့လာလဲ မသိပါဘူး"

ကုမ္ပဏီက ပြန်ရောက်ကတည်းက မိခင်ဖြစ်သူအား စက္ကူ





ထရီခန့်လိုက်တဲ့အကြောင်းပြောရန် ချောင်းနေခဲ့တာ တစ်ညနေလုံး မပြောဖြစ်ခဲ့။

ရှက်စိမ်းဆီကလည်း အကြောင်းမပြန်သေးတာမို့ မပြောသေးဘဲ နေလိုက်ခြင်းဖြစ်သည်။

အခုတော့ မေမေကစပြီး ...

"ဘယ်လိုလဲသား ... မေမေရှာထားတဲ့ မေမီလင်းလေးကို ခန့်လိုက်ပါတော့ သားရယ်"

ဆိုတာကြောင့် လူ့သစ် မဖြစ်မနေ ဖွင့်ပြောလိုက်ရလေသည်။

ထင်သည့်အတိုင်းပဲ စကားလုံးကျည်ဆန်တောင့်များက ဒီဘက်နားကနေ ဟိုဘက်နားကို ထုတ်ချင်းပေါက် တိုးဝင်လာတော့သည်။

မျက်နှာကလည်း ထုံးစံအတိုင်း မိုးကိုတက်ပြီး မီးရှို့မည့်ပုံ။ လူသစ် ပုန်းစရာကြွက်တွင်းရှိလျှင် ဝင်ပုန်းနေချင်မိလောက်အောင် အခက်တွေ့နေရသည်။

ခပ်လှမ်းလှမ်းမှာထိုင်ပြီး ပြောနေမိတဲ့သူ့ကို အတင်း လာဆွဲခေါ်ကာ အနားမှာထိုင်ခိုင်းနေသည့် မိခင်ဖြစ်သူအား အမိန့်ပေးတော့မည့် တရားသူကြီးများလားဟုပင် ထင်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

15



သူ့ကိုမတိုင်ပင်ဘဲ လုပ်လိုက်၍ ဒေါသူပုန်ထတော့မည်ဆိုတာ ကြိုသိနေပေမယ့် ဒီလောက်ကြီးဖြစ်လိမ့်မယ်လို့ မထင်ထားခဲ့။

အခုတော့ နွေခေါင်ခေါင် မိုးကြိုးပစ်တာထက်ဆိုးသော မိခင်၏အသံဟန်များက လူသစ်ကို အရှင်လတ်လတ် ဖဲ့ပို့နေသည့်နှယ်။ ဒီကိစ္စက ဒီလောက်ဖြစ်သင့်လို့လားဆိုပြီး စိတ်ထဲ ကသိကအောက် ဖြစ်လျက် ငူငူကြီး ထိုင်နေမိလေသည်။

"ဘယ်လိုလဲ လူလူ ... အမေကိုများ အရေးစိုက်ပါဦး၊ ငါ့မှာတော့ ငါ့သားအငယ်ဆုံးလေးဆိုပြီး ချစ်လိုက်ရတာ ... ထားစရာ နေရာမရှိဘူး၊ သားအတွက် ဘယ်အချိန် ဘာလုပ်ပေးရမလဲဆိုတာ အမြဲတွေးနေခဲ့တာ၊ အဲဒါကြောင့် သင့်တော်မယ်ထင်လို့ အမေက စီစဉ်ပြီးပြီ ... ဒါကို လက်မခံဘူး ...၊

အခုတော့ ကောင်းသေးရဲ့လား ... ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်လိုက်သတဲ့၊ တိုင်ပင်ပါဦးလား ... ပြောပြပါဦးလား ... မအေက ကောင်း၏၊မကောင်း၏ ဝေဖန်စဉ်းစားပေးမှာပေါ့၊ လူလူ ... ဒီတစ်ခါ ဘယ်လိုအတွေးနဲ့ မအေကို ဆန့်ကျင်လိုက်တာလဲ ... ပြောစမ်း"

ဘာမှပြန်မပြောဘဲ ငူငူကြီးထိုင်နေတဲ့သားကို ဒေါ်ဝတီစိုး အားမရဖြစ်ကာ လက်မောင်းကို တွန်းလိုက်ဆွဲလိုက်နှင့် ယောက်ယက်





ခတ်ရင်း ပါးစပ်က စကားသေနတ်ပစ်လို့မဆုံး။

စိတ်တိုနေတဲ့မိခင်ကြောင့် လူသစ် အမှန်အတိုင်း ပြောသင့် မပြောသင့် စဉ်းစားရင်း နားထင်ကို လက်မ,နှင့်ဖိထားမိသည်။

ဒေါ်ဝတီစိုး သားကိုကြည့်ပြီး ...

"ဘာလဲ လူလူ ... မေမေရွေးပေးတဲ့ ကလေးမလေးကို မခန့်ချင်လို့ တမင်ပြောလိုက်တာလား၊ မေမေသိပါတယ် ... သား ဘယ်တော့မှ မိဘကို မလွန်ဆန်ဘူးဆိုတာ ...၊

အဲဒီကလေးမလေးကို မကြိုက်လည်း နောက်တစ်ယောက် ရှိပါသေးတယ် သားရဲ့ ... သူလေးဆို ကိုရီးယားမှာ သုံးနှစ်လောက် အလုပ်သွားလုပ်ဖူးတယ်၊ တကယ့် ကိုရီးယားမင်းသမီးလေးအတိုင်းပဲ၊ အခုမှ ပြန်ရောက်တာ သိပ်မကြာသေးတော့ အိမ်မှာအနားယူတုန်း၊ ဘယ်မှာမှ အလုပ်မလုပ်ဖြစ်သေးဘူး၊ မေမေတွေ့ပြီး သဘောကျလာ တာ၊ ကဲ ပြောပါဦး သားရယ် ... သူလေးဆိုရင်ရောဟင်"

ချက်ချင်းကြီး လေသံပြောင်းသွားကာ ချိုသာနွဲ့ပြောင်းသွား သော မိခင်ကို လူသစ် မျက်လုံးပင့်ကြည့်လိုက်လေသည်။

အချိုမှာ သကာလူးနေတဲ့ မိခင်၏မျက်နှာက ပုံမှန်မဟုတ်တာ ကြောင့် ...

"မေမေ ... ဘာဖြစ်လို့ ဒီလောက်အားတက်သရော ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲဟင်၊ သားနားမှာ စက္ကူထရီထားဖို့ထက် တခြားကိစ္စတွေ ရှိနေသလား”

လှူသစ် မိခင်၏မျက်နှာကို စုန်ချည်ဆန်ချည် အကဲခတ်ကာ မေးလိုက်လေသည်။

ဒေါ်ဝတီစိုး သားကို ချစ်စနိုးနှင့် ခေါင်းကိုဖွလိုက်ပြီး . . .

“အဲဒါကြောင့် မေမေက သားကိုချစ်တာ၊ သားကြီးနဲ့ သမီးလတ်တို့များ တစ်ခါမှ မအေ့အရိပ်အကဲကို သိတယ်ဆိုတာ မရှိဘူး၊ မအေက ဒါဆို ဟုတ်ကဲ့ပါမေမေ, မအေက ဒီလိုလုပ်လိုက်ဆို ဟုတ်ကဲ့ပါမေမေနဲ့ ရှိသေတာလေးပဲ ချီးမွမ်းစရာရှိတာ၊ မေမေ့သားကတော့ မေမေ့အရိပ်ကို သိမှသိပဲ”

မိခင်ထံမှ ဒီလောက်ချီးမွမ်းသံ ကြားနေရတော့ လှူသစ် ကျောချမ်းလာ၏။

ဘာမှမသိခင်ကတည်းက ကိုယ်က အရင်ဖွင့်ပြောမှပဲ တွေးကာ . . .

“မေမေ သားကိုအရမ်းမချီးမွမ်းနေနဲ့ဦး၊ သား တကယ်ကို စက္ကူထရီ ခန့်လိုက်တာပါ၊ မေမေ့ကို မတိုင်ပင်တာက မေမေ ဒီလောက်ကြီး စဉ်းစားထားမှန်းမသိလို့ပါ၊ နောက်ပြီး သားအတွေးက သားနားမှာ အလုပ်ကို အလုပ်နဲ့တူအောင် လာလုပ်တဲ့သူပဲ လိုချင်တာလေ . . .





သားတို့ရဲ့ အရှိန်အဝါကိုမက်လို့ သားကိုချဉ်းကပ်တာမျိုး မလိုချင်ဘူး မေမေ . . .၊

အခု သားခန့်လိုက်တဲ့ ကောင်မလေးက အရိုးခံလေး မေမေ၊ သားက သူ့ကို သားဆီမှာ အလုပ်လုပ်ဖို့ အကူအညီတောင်းလိုက်တာပါ”

ဒေါ်ဝတီစိုး သားကို တစ်ခါမှ မမြင်ဖူးသူလို ငေးကြည့်နေမိ၏။ သားစကားတွေက သူ့အတွက် ဘာမှအသုံးမဝင်။ အိမ်ထောင်သည်သားနဲ့သမီးတောင် ခုထိ သူက ထိုင်ခိုင်းထိုင်၊ ထခိုင်းထရတုန်း။ ဒီသားကျမှ သူ အရှုံးပေးရတော့မှာလား။

အရှုံးမပေးနိုင်။

သားသမီးတွေအပေါ် အမြဲ ဩဇာညောင်းခဲ့တာ ဒီသားအရွယ်မရောက်ခင်တည်းက၊ ဒီကုမ္ပဏီကို သူ ဦးစီးခဲ့တာပင်။

အခု သား ကျောင်းလည်းပြီး အရွယ်လည်းရောက်ပြီမို့ အလုပ်လွှဲပေးလိုက်ခြင်းပါ။

အလုပ်လုပ်တာမှ သုံးနှစ်နီးပါးရှိသေးသည်၊ မိဘကို ကလော်ကလန် လုပ်ချင်လာပြီလား။ ဘေးဖယ်ထားချင်ပြီလား။

ဝမ်းနည်းသလို ခံစားမိလာသည်။

သားအမေကို ပြေးပြောချင်စမ်းပါဘိ၊ သားအဖေသာ ရှိရင်



www.burmeseclassic.com

www.burmeseclassic.com



လျောင်ပြုံး ပြုံးပြီး ...

"ဘယ့်နှယ်လဲ အမေကြီး ... ဒီသားနဲ့ကျမှ ခင်ဗျား ဆွံ့အသွားပြီမဟုတ်လား၊ သားကြီးနဲ့သူ့မီးလတ်တို့တုန်းက ခင်ဗျားနိုင်ခဲ့သမျှ အခု ဘယ့်နှယ်ရှိ"

လို့ ပြောတော့မှာ မလွဲ။

ဒေါ်ဝတီစိုး သား၊ရဲ့လုပ်ရပ်ကြောင့် သွားလေသူအား တမ်းတနေမိလေသည်။

အို ... သူ့ထက်ကြီးတဲ့ အစ်ကိုတွေ၊ အမ်မတွေကိုတောင် ငါက ဒါဆို ဒါရသေးတာ။ ဒီကလေးကျမှ ငါ့က အလျှော့ပေးရမယ်ဆို ဝတီတို့ရာဇဝင် ရှိုင်းလှချည်ရဲ့လို့တွေးကာ အောက်နှုတ်ခမ်းကို အသာမဲ့ပြီး သားကို ခပ်စူးစူးကြည့်လိုက်ရင်း ...

"ဒီမှာ သား"

ဒေါ်ဝတီစိုးကလည်း သားကိုပြောရန် အားယူပြီးအခေါ် ... လှူသစ်ကလည်း မိခင်ပြောလာမည့်စကားကို အသေအချာနားထောင်ပြီး ဘယ်လိုပြန်ပြောသင့်သလဲဆိုတာ စဉ်းစားရန် မိခင်ကို အသေအချာ စိုက်အကြည့် ...

လှူသစ် သူ့ဘေးမှာချထားသည့် ဖုန်းက မြည်လာသဖြင့် ကောက်ယူနားထောင်လိုက်လေသည်။





"ဟုတ်ပါတယ် ... ကျွန်တော် လှူသစ်ပါ"

"စိမ်း အလုပ်ဆင်းလို့ရပြီလား၊ စိမ်းဖေဖေက အလုပ်လုပ်ခွင့်ပေးလိုက်ပြီ"

တစ်ခါမှမကြားဖူးသောအသံ ဖြစ်နေသည့်အပြင် သူမကိုယ်သူမ စိမ်းဟု အခေါ်အဝေါ်တွေပါ ပြောင်းလိုက်သောကြောင့် ဟိုနေ့က တွေ့တုန်းကလို မာကျောတောက်ပြတ်တဲ့အသံ မဟုတ်လေတော့ လှူသစ် ဟိုနေ့က တွေ့တဲ့ကောင်မလေးမှ ဟုတ်ရဲ့လားလို့ တွေးစရာ ဖြစ်နေတော့သည်။

လှူသစ် ကြောင်အနေခဲ ... နာပျော့ဖွယ်အသံလေးက နားထဲသို့ တိုးဝင်လာပြန်သည်။

"ဘာဖြစ်တာလဲဗျ ... ခင်ဗျားပဲ ပြောင်းပစ်ရမယ်ဆိုလို့ ကျုပ်က အရင်အတိုင်း မိန်းကလေးလို ပြန်ပြောနေတာကိုများ ... လှူကို ကလိမ်ကကျစ် အောက်မေ့နေလား၊ မြန်မြန်ဖြေ ... ဖုန်းဖိုးကုန်တယ်"

လှူသစ် ပြုံးလိုက်ရင်း ...

"မင်း တော်တယ်ကွာ၊ အဲဒါကြောင့် ငါ သဘောကျတာပဲ၊ မနက်ဖြန် စဆင်းလို့ရပြီ"

"..........."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို . . . ရတယ် ရတယ်၊ မင်း အဆင်ပြေသလိုသာ ဝတ်ခဲ့၊ အေး အေး . . . ဒါပဲ"

ဖုန်းပိတ်လိုက်ပြီး လူသစ် မိခင်အား လှည့်ကြည့်လျက် တောင်းပန်သောအကြည့်၊ နှိမ့်ချသောအပြုံးတို့နှင့်အတူ မိခင်၏လက်နှစ်ဖက်ကို ကိုင်ပြီး ရဲဝံ့စွာပြောလိုက်လေသည်။

"မေမေ ဒီတစ်ခါပဲ သားကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ပေးလိုက်ပါနော်၊ သားလုပ်ရပ်ကိုလည်း ယုံကြည်ပေးပါ၊ အများအယွင်း ဘာမှ မဖြစ်စေရဘူးလို့ သား ကတိပေးပါတယ်၊ မေမေ ဘာတွေရည်ရွယ်ထားသလဲ သားမသိပေမယ့် သား ဒီတစ်ခါပဲ မေမေကို ဆန့်ကျင်မှာပါ"

လူသစ် ထိုသို့ပြောပြီး မျှော်လင့်တကြီးနှင့် မိခင်၏မျက်နှာကို စိုက်ကြည့်နေမိလေသည်။

သားကိုကြည့်ပြီး ဒေါ်ဝတီစိုး ဘာမှပြောမထွက်တော့ဘဲ သူ့လက်အား ကိုင်ထားသည့် သား၏လက်နှစ်ဖက်ကို ဖြုတ်ချခဲ့ ပြီး ဧည့်ခန်းမှ ထထွက်လာခဲ့လေသည်။

စိတ်ထဲမှာ ဟာလာဟင်းလင်းဖြစ်လျက် သားပြောလိုက်သော "ဒီတစ်ခါပဲ မေမေကို ဆန့်ကျင်မှာပါ" ဆိုသည့်စကားလုံး၏ နောက်ကွယ်မှ အဓိပ္ပာယ်ပေါင်းများစွာကို တွေးရင်း ဒေါ်ဝတီစိုး သက်မ





မောကို ချလိုက်မိပါ၏။

သားကသာ ဒီတစ်ခါတည်းဟု ဆိုလိုက်သော်လည်း နောက်နောင်အခါပေါင်းများစွာ ဆန့်ကျင်တော့မည့် သား၏အနေအထားကို မိခင်တစ်ယောက်ဖြစ်သည့် ဒေါ်ဝတီစိုး ကြိုတင်မြင်နေမိပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လူသစ် ဒီနေ့ ကုမ္ပဏီကိုသွားရန် အရမ်းတက်ကြွနေရလေသည်။

မိန်းကလေးလိုဝတ်လာမည့် ကောင်မလေးကို တွေ့ချင်နေ၏။ သူ့ကိုတွေ့လျှင် ဘယ်လိုဆက်ဆံမှာပါလိမ့်လို့ တွေးကာ ညက တစ်ညလုံး အိပ်မပျော်ခဲ့။

မနက် လက်ဖက်ရည်ဝိုင်းမှာ မိခင်ကိုမတွေ့တာတောင် မမေးမိ။ အိမ်ဖော်တွေ ပြင်ဆင်ပေးတာကိုပဲ စားကာ ထွက်လာခဲ့သည်။

ဒီမနက် တက်ကြွသွက်လက်နေသော သားကို အပေါ်ထပ် အခန်းထဲကနေ လိုက်ကာလေးဖယ်၍ ကြည့်နေသည့် ဒေါ်ဝတီစိုးမှာ





တော့ သားအတွက် ရတက်မအေးနိုင်ဘဲ ညက အိပ်မပျော်နိုင်။ ဒီမနက်ကျပြန်တော့ စိတ်ထဲမကြည်လင်တာကြောင့် လက်ဖက်ရည်ပင် ဆင်းမသောက်ဘဲ နေမိသည်။

လက်ဖက်ရည်ဝိုင်းမှာ မတွေ့၍ သားများ အခန်းထဲလာကြည့်မလားဟု မျှော်နေသော်လည်း သားက ပေါ်မလာ။

ကားသံကြား၍ လိုက်ကာလေးဖယ်ပြီး ကြည့်မိခြင်းဖြစ်သည်။

လှည့်တောင်ကြည့်မသွားတဲ့ သားအဖြစ်ကို ဒေါ်ဝတီစိုး တွက်လို့ရခဲ့ပါသည်။

သား အလုပ်ခန့်လိုက်သည့် ကောင်မလေးသည် သားရဲ့ဘဝကို အပြောင်းလဲကြီး ပြောင်းလဲပေးတော့မည့်သူမှန်း သိလိုက်ချိန်ဝယ် ဒေါ်ဝတီစိုးလက်က အလိုအလျောက် ဖုန်းကိုဖွင့်မိလျက်သား ဖြစ်သွားတော့သည်။

ရွက်စိမ်း မှန်ထဲမှာ သူမကိုယ်သူမ ကြည့်ကာ ရှက်ကိုးရှက်ကန်း ဖြစ်နေမိသည်။ နှစ်နှစ်လောက် ယောကျ်ားလေးလို နေလာခဲ့တာကြောင့် အကျင့်က ပါနေခဲ့ပြီး အခု အလုပ်ကိစ္စကြောင့် မိန်းကလေးလို ပြန်ဝတ်ရတာ အထာက မကျချင်။

ဖေဖေ့ဆီ အလုပ်ကိစ္စ လှမ်းပြောကြည့်မည်၊ ဖေဖေက မလုပ်ပါနဲ့သမီးရယ်လို့ တားရင် မလုပ်တော့ဟု တွက်ထားတာ။



www.burmeseclassic.com

7

www.burmeseclassic.com



အခုတော့ ဖေဖေကိုယ်တိုင်က . . .

"ကောင်းတယ်သမီး၊ အလုပ်သဘော နားလည်တာပေါ့ . . . လုပ်ကြည့်လေ"

ဆိုတာနဲ့ အလုပ်က လုပ်ဖြစ်သွားခဲ့သည်။

ဒီနေ့ အလုပ်စဆင်းရမှာမို့ ရွှက်စိမ်း ပြင်ဆင်နေခြင်းဖြစ်သည်။

စကတ်ထဘီ ပိုးသားအနီရဲရဲလေးနှင့် ကိုယ်ကျပ်အဝါရောင်လေးကိုဝတ်ပြီး မှန်ရှေ့မှာရပ်နေမိတာ ကြာလှပြီ။ ခုထိ စိတ်တိုင်းမကျသေး။

တစ်ထည်ပြီးတစ်ထည် အင်္ကျီတွေကပ်ကြည့်၊ ခုတင်ပေါ် ပစ်တင်ထားတာလည်း ပုံနေပြီ။ ဘာမှကို စိတ်နဲ့မတွေ့။

နောက်တစ်ထည် ဗီရိုထဲမှဆွဲထုတ်ကာ ကိုယ်မှာကပ်ကြည့်လိုက်ပြန်သည်။

စိတ်ပျက်ပျက်နှင့် အဲဒီအင်္ကျီပါ ခုတင်ပေါ်ပစ်တင်လိုက်မိသည်။

ရှုပ်ပါတယ် . . . ခါးထဲက ဝတ်ပြီးသားပဲ ဝတ်လိုက်တော့မယ် ဆိုပြီး စိတ်ကိုဒုန်းဒုန်းချ၍ ကြိုးရှည် စလင်းဘတ်အညိုလေးကို ကောက်လွယ်လိုက်သည်။





မှန်ကို တစ်ချက်ပြန်ကြည့်လိုက်ပြီး ပန်းဆီရောင်ဆိုးထားသော နှုတ်ခမ်းလေးကို ဝလုံးလေးလို ဝိုင်းကြည့်လိုက်၊ ပြုံးကြည့်လိုက်လုပ်ပြီး ကျေနပ်သွားမှ မှန်ရှေ့က ခွာလိုက်ကာ ဖိနပ်စင်ရှိရာ လျှောက်ခဲ့ပြန်သည်။

သူမအရပ်က ငါးပေကျော်နေတာမို့ ဖိနပ်ကို အရမ်းအမြင့်ကြီးလည်း စီးလို့မဖြစ်။ ဖိနပ်တွေကို ခါးထောက်ပြီး ရပ်ကြည့်နေပြီးမှ ကြိုးသိုင်းဒေါက်မြင့် အဖြူရောင်လေးကို ယူစီးလိုက်လေသည်။ နှစ်လက်မဒေါက်မို့ အတော်ပဲ ဖြစ်သွားသည်။

အားလုံးပြင်ဆင်ပြီးသွားတော့ အခန်းအပြင်ထွက်ရမှာ ရှက်သလိုလို ဖြစ်သွားပြန်သည်။

နှစ်နှစ်လောက် ယောကျ်ားလေးလို ဝတ်စားပြောဆိုနေထိုင်ပြီး အခုလို ပြင်ဆင်ထားတာကို အိမ်ကလူတွေ ဘာထင်မလဲမသိ။

ရွှက်စိမ်း ရပ်ကာစဉ်းစားနေပြီးမှ အို . . . ဘာထပ်ထင် ဆိုပြီး လှေကားကနေ အောက်ထပ်သို့ ဆင်းခဲ့လိုက်သည်။

အပေါ်ထပ်ကနေ တဒေါက်ဒေါက်နဲ့ ဆင်းလာတဲ့အသံကြောင့် ထမင်းချက်မိတိုးတို့သားအမိ အံ့သြပြီး ထမင်းစားခန်းကနေ ထွက်ကြည့်မိကြလေသည်။

ပြောင်းလဲသွားသော သူတို့အိမ်ရှင်မကို တအံ့တသြနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိကြပါ၏။

ရွက်စိမ်းကတော့ ခပ်တည်တည်ပင် ထမင်းစားခန်းထဲ ဝင်လာပြီး မနက်စာပြင်ထားတာကို စားနေလိုက်သည်။

စားသောက်ပြီးတာနဲ့ လက်သုတ်ပဝါနဲ့ ပါးစပ်ကို တို့သုတ်လိုက်ရင်း မိတိုးကို လှမ်းခေါ်လိုက်လေသည်။

"မိတိုး"

"ရှင် မမစိမ်း"

"ငါ့အခန်းထဲက ခုတင်ပေါ်မှာ အင်္ကျီတွေသွားခေါက်ပြီး ဗီရိုထဲ ပြန်ထည့်ထားလိုက်"

"ဟုတ်ကဲ့ မမစိမ်း"

ပြောပြီး ရွက်စိမ်း အရန်သင့်စောင့်နိုင်းထားသော အိမ်ရှေ့မှ ကားဆီသို့ ထွက်လာခဲ့လေသည်။

အနောက်ကနေ မိတိုးတို့သားအမိကတော့ အခုထိ ရပ်ကြည့်နေကြဆဲဖြစ်၏။

အိမ်ရှေ့က တံခါးကိုဆွဲဖွင့်ပြီးထွက်လာတဲ့ ရွက်စိမ်းကို ကားဒရိုင်ဘာ ကိုသိန်း ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေပြန်လေသည်။

သွားစရာရှိတယ်၊ ကားကို အသင့်ထုတ်ထားပါဆို၍ ထုတ်





ထားပြီး အဆင်သင့်စောင့်နေခဲ့သော်လည်း ဘယ်သွားမြီး ဘာလုပ်မယ် အခုထိ မပြောသေး။

ထွက်လာတော့ မမြင်ရတာကြာပြီဖြစ်သော မိန်းကလေးပုံစံနှင့်မို့ အံ့ဩစွာငေးကြည့်နေမိခြင်းပါ။

စိတ်ထဲမှာတော့ နောက်ဆုံးတော့ မိန်းမက မိန်းမပါပဲလို့ တွေးနေဖြစ်သည်။

သူ အံ့ဩစွာ ငေးကြည့်နေသလောက် ရွက်စိမ်းက ဣန္ဒြေလုံးဝမပျက်။ ဘယ်သူ့မှ အရေးမစိုက်ဘဲ ကားနောက်ခန်းသို့ ထိုင်နေလေပြီ။

ဒီတော့မှ ကိုသိန်း ကမန်းကတန်း ကားပေါ်တက်ကာ မောင်းထွက်ခဲ့ရပါ၏။

မြို့ပြင်ရောက်တော့ ...

"ဘယ်ကိုမောင်းရမလဲ မစိမ်း"

အရွယ်ချင်းက သိပ်မကွာသည်မို့ ဟိုအရင်းတည်းက ကိုသိန်းက ရွက်စိမ်းကို မစိမ်းဟုခေါ်လေရာ အခုလည်း ထိုသို့ပင် ခေါ်လိုက်ခြင်းဖြစ်သည်။

"----- လမ်းက "ရွှေသို့" ကုမ္ပဏီကိုမောင်းပါ၊ ဒါပေမဲ့ အဲဒီရှေ့ကို မမောင်းဘဲ လမ်းကြားလေးထဲမောင်းပြီး ရပ်ပေးရင်



www.burmeseclassic.com

www.burmeseclassic.com



ပိုကောင်းမယ် ကိုသိန်း''

''ရတယ် ရတယ် မစိမ်း ... ရပ်ပေးပါ့မယ်၊ ညနေရော လာကြိုရမှာလား''

ရွှက်စိမ်း စဉ်းစားသလို ငေးနေပြီးမှ ...

''အင်း ... ဒီညနေ လာကြိုပေးပါဦး။ အဲဒီလမ်းကြားမှာပဲ ရပ်ထားနော် ... စိမ်းဘာသာ ထွက်လာခဲ့မယ်''

''ကောင်းပါပြီ''

မစိမ်း ဘာကိစ္စလဲဟု မေးမနေတော့။ အလုပ်ကိစ္စပဲ ဖြစ်မည်မှန်း ကိုသိန်းသိလိုက်လေသည်။

ကိုယ်နဲ့ မတိမ်းမယိမ်းဆိုပေမယ့် အပိုအလုပ်တွေကို စိတ်မဝင်စားသော ရွှက်စိမ်းသဘောကို တစ်အိမ်တည်းအတူနေလာခဲ့ကြသော နှစ်တွေအတွင်းမှာ နားလည်ခဲ့ပြီဖြစ်သည်။

ကားထဲမှထွက်လာပြီး မိုးထိမတတ်လွင့်နေသော အဆောက်အအုံကြီးအား ရွှက်စိမ်း မော့ကြည့်နေမိသည်။

ကုမ္ပဏီက အပျံစားပဲ။

အဆောက်အအုံပုံစံကို ကြည့်တာနဲ့တင် ဒီလူ ဘယ်လောက်ဦးနှောက်ကောင်းသလဲဆိုတာ တွေးစရာမလို။ အတော်ကို ဉာဏ်ရှည်ထက်မြက်မည့်သူဟု တွေးလိုက်မိ၏။

❦ ရွှေစကားစာပေ ❦



အတွေးကို ဖြတ်တောက်လိုက်ပြီး မှန်ချပ်တံခါးကို တွန်းဖွင့်၍ ရွှက်စိမ်း အထဲသို့ဝင်လိုက်သည်။

တံခါးဝမှာစောင့်သည့် အလုပ်သမားလေးက ယူနီဖောင်းနှင့် မဟုတ်သော သူမကို အကဲခတ်နေလေသည်။

ရွှက်စိမ်း ဖျတ်ခနဲကြည့်ကာ ...

''မင်းတို့ဘော့စ်ရုံးခန်း ဘယ်အထပ်မှာလဲ''

ကောင်လေးက ပြုံးကြောင်ကြောင်နဲ့ ကြည့်နေပြီးမှ သဘောပေါက်သွားဟန်ဖြင့် ...

''သုံးလွှာမှာပါ၊ ဟိုဘက်ကိုလျှောက်သွားရင် ဓာတ်လှေကားတွေ့ပါလိမ့်မယ်၊ ညာဘက်ထောင့်မှာပါ''

အတိအကျညွှန်ပြလိုက်သော အလုပ်သမားလေးကို ကျေးဇူးတင်ကြောင်း အပြုံးနှင့်သက်သေပြခဲ့ပြီး ဓာတ်လှေကားဆီ လျှောက်လာခဲ့လေသည်။

ကုသိုလ်ကံကောင်းစွာ ရွှက်စိမ်းလည်း ဓာတ်လှေကားဆီအရောက် ဓာတ်လှေကားပွင့်လာသဖြင့် သူမ ခပ်သွက်သွက်ပင် အထဲသို့ ဝင်လိုက်လေသည်။

ငြိမ့်ခနဲရပ်လိုက်တဲ့ ဓာတ်လှေကားအပွင့်မှာ ရွှက်စိမ်း အပြင်သို့ထွက်ပြီး သူမသွားရမည့်အခန်းသို့ လျှောက်လာခဲ့သည်။

❦ ရွှေစကားစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com





အခန်းရှေ့ရောက်တော့ မြှုန်းခနဲ မဝင်ဖြစ်သေး။ ရပ်နေမိသေး၏။ နောက်မှ ပိတ်ထားသော အခန်းတံခါးကို ခပ်ဖွဖွခေါက်လိုက်မိသည်။

"ဝင်ခဲ့လေ"

ဒီတော့မှ တံခါးကို အသာလေးတွန်းပြီး အထဲသို့ ရွက်စိမ်း ဝင်လာခဲ့ပါ၏။

ဟန်ချက်ညီညီလျှောက်လာနေသော ရွက်စိမ်းကို လူသစ် အံ့သြစွာ ငေးကြည့်နေမိလေသည်။

ဟိုနေ့ကတွေ့တဲ့ မြောက်ကြွကြွပုံစံ လုံးဝမတွေ့ရတော့။ ကုပ်ထောက်နီးနီး ဆံပင်တွေကို အရှေ့က ငွေဘီးကုပ်လေးနဲ့ အပြောင် သိမ်းထားတဲ့ ဆံပင်တွေနဲ့အတူ အနောက်မှာ ခပ်စုစုလေးလုပ်ထားလေသည်။

မျက်နှာကို မိတ်ကပ်ပါးပါးလေးလူးပြီး နှုတ်ခမ်းကို ပန်းဆီရောင် ဆိုးထားပုံက အလွန်အကဲကြီးဖြစ်မနေဘဲ မြင်ရသူတွေကို ပူလောင်ခြင်း ဖြစ်မသွားစေခဲ့။

ချစ်စရာလေးဟု ရွေးတွက်ရလောက်အောင် တကယ်ကို ချစ်စရာကောင်းနေပါသည်။

ကိုယ်ကျပ်အင်္ကျီနှင့် စကတ်တိုကြောင့် မိန်းကလေးတစ်





ယောက်၏ အလှတရားမှန်သမျှကို ထင်းလင်းစွာ တွေ့မြင်နိုင်သော်လည်း ရိုင်းပျခြင်း အလျဉ်းမရှိ။

အနားမှာလာရပ်လိုက်တဲ့ ကောင်မလေးကို မိနစ်ပိုင်းအတွင်း အကဲခတ်ပြီးပြီမို့ လူသစ် ကျေနပ်စွာပင် . . .

"မင်း ငါ့အခန်းထဲမှာပဲ နေရမယ်၊ မင်းအတွက် သတ်သတ် အခန်းထားမပေးနိုင်ဘူး . . . ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်"

ဘာမှမမေးမြန်းတော့တာကြောင့် အထူးအထွေ ဖြေစရာ မလိုတော့သဖြင့် သူမေးသလောက်ကိုပဲ ရွက်စိမ်း တုံးတိတိ ဖြေလိုက်လေသည်။

"ဒါဆို ရပြီ ဟိုမှာ . . . မင်း အနားယူရမယ့်နေရာ၊ ငါခေါ်တဲ့ အချိန်, ငါခိုင်းစရာရှိတဲ့အချိန် အဆင်သင့်ရှိနေအောင် အဲဒီနားမှာ စီစဉ်ထားတယ်၊ ဒါနဲ့ မင်း ကော်ဖီတွေဘာတွေ ဖျော်တတ်လား"

သူ လက်ညှိုးထိုးပြရာနေရာသို့ ရွက်စိမ်း လှည့်ကြည့်ပြီး သွားထိုင်မယ်အလုပ် သူက ထပ်မေးလိုက်ရာ . . .

"ဟုတ်ကဲ့ . . . ဖျော်တတ်ပါတယ်"

ထိုသို့ တရိုတသေ ပြန်ဖြေလိုက်တာကို လူသစ် သဘောကျသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေး သူ့နေရာနဲ့သူ နေတတ်စားတတ်သားပဲဟု ရင်ထဲကနေ အမှတ်ပေးလိုက်မိ၏။

"အဲဒါဆိုလည်း ဟိုမှာ ရေခဲသေတ္တာ၊ ဟိုမှာ ဖန်ခွက်၊ ဓာတ်ဘူး အစုံရှိတယ်၊ ဦ့ကို နာနတ်ဖျော်ရည်တစ်ခွက်လောက် အရင် ဖျော်ပေးစမ်းပါကွာ၊ ရေခဲသေတ္တာထဲမှာ အခွံနွှာပြီးသား နာနတ်သီး ရှိတယ်၊ ခုံပေါ်မှာ ဖျော်စက်ရော, သကြားပုလင်းရော ရှိတယ်"

ရွက်စိမ်း သွက်သွက်လက်လက်ပဲ ရေခဲသေတ္တာကို ဖွင့်ကာ နာနတ်သီးကို ဖျော်စက်ထဲ ကျွမ်းကျင်စွာထည့်၍ အလျှင်အမြန် ဖျော် ပေးလိုက်လေသည်။

ဖန်ခွက်ကို အသေအချာ ဆေးကြောပြီး သူက သကြား ပုလင်းကို ပြပေမယ့် သူမက နာနတ်ဖျော်ရည်ထဲ ဆားလေး အနည်း ငယ်ထည့်မွှေလိုက်ကာ လက်သုတ်ပဝါတစ်ထည်နှင့်အတူ ဖျော်ရည် ခွက်ကို အသင့်တွေ့သော စတီး(လ်)လင်ပန်းလေးပေါ်တင်ကာ လူသစ် ရှေ့ စားပွဲပေါ်သို့ သွားတင်ပေးလိုက်လေသည်။

ပြီးသည်နှင့် သူမအတွက်ဟုဆိုသော စားပွဲသို့ လျှောက် လာကာ ထိုင်နေလိုက်တော့သည်။

ရောက်စမို့ ရှိုးတိုးရှန့်တန့် ဖြစ်နေလေတော့ စားပွဲပေါ်က ဖိုင်တွဲအချို့ကို လှန်လှောကြည့်နေမိသည်။

❦ ရွှေစကားစာပေ ❦



ရေးထားသည့်အကြောင်းအရာတွေကို ဘာမှနားမလည် သဖြင့် ပြန်ပိတ်ထားလိုက်ပြီး နာနတ်ဖျော်ရည်သောက်နေသော သူ့ကို လှမ်းကြည့်လိုက်မိသည်။

ဖျော်ရည်ကိုသောက်ရင်း ပြုံးစိစိလုပ်နေတာကြောင့် မှန်ကုပ် ကုပ်ဖြင့် လူသစ်အား ရွက်စိမ်း ကြည့်နေမိလေသည်။

လူသစ် သူ့ကိုကြည့်နေမှန်း မသိ။ နာနတ်ဖျော်ရည်၏ ထူး ခြားတဲ့အရသာကို ခံတွင်းတွေ့ပြီး ကျေနပ်နေခြင်းကြောင့် အလိုလို ပြုံးသွားရခြင်း ဖြစ်သည်။

အရင် ဖျော်နေကျ ချိုရဲရဲအရသာမဟုတ်ဘဲ ချိုတယ်ဆိုရုံ လေးနှင့် သောက်ကောင်းသည့်အနေအထားမို့ . . .

ပွဲဦးထွက် ကောင်မလေးကို အမှတ်ပေးလိုက်မိကာ သူ ဆုံးဖြတ်ချက်မှန်ကန်သွားတာကြောင့်လည်း ကျေနပ်နေမိပါ၏။

ဒီအတိုင်းဆို မေမေနှင့် အချေအတင်ဖြစ်စရာ အကြောင်း မရှိနိုင်ဟု တွေးဖြစ်လေသည်။

ကျေနပ်ခြင်းအတွေးတွေနှင့်အတူ လွန့်လွန့်လေး ပြုံးနေ သော နှုတ်ခမ်းဆီမှ ဖန်ခွက်ကိုခွာလိုက်ပြီး လင်ပန်းထဲသို့ ပြန်ထား လိုက်ရင်း ရွက်စိမ်းဘက်သို့ ငဲ့စောင်းကြည့်လိုက်မိသည်။

ကြည့်လိုက်မိမှ လူသစ် တွန့်ခနဲ ဖြစ်သွားတော့သည်။

❦ ရွှေစကားစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် မှုန်တေတေနှင့် သူ့အားကြည့်နေသော ရွှက်စိမ်းကြောင့် ဖြစ်ပါလေ၏။

အခန်းထဲမှာ ကိုယ်တစ်ယောက်တည်းထင်ကာ အရင်လိုပဲ တွေးချင်ရာတွေးပြီး ငေးချင်ရာငေးနေမိကာ ပတ်ဝန်းကျင်ကို မေ့နေမိ၏။

ကိုယ့်ရဲ့လှုပ်ရှားမှုတွေကို ဟိုကောင်မလေး ကြည့်နေတာပါလား ဆိုတဲ့အသိကြောင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားရပါ၏။

နောက်မှ အရှက်ပြေပြောမိလေသည်။

"မင်း နာနတ်ဖျော်ရည်ဖျော်တာ အတော်အဆင်ပြေတာပဲ၊ အရင်လူတွေ ဖျော်သလို ချိုရဲကြီးမဟုတ်ဘဲ ချိုရုံလေးနဲ့ အတော်အရသာရှိတာပဲ၊ ခံတွင်းကိုရှင်းပြီး တစ်မျိုးလေးမို့ ငါစဉ်းစားနေမိတာ . . . အရင်နဲ့ ဘာကွာလို့လဲပေါ့"

လူသစ်အပြောကို ရွှက်စိမ်း စဉ်းစားဟန်ပြု၍ ပြန်ဖြေလိုက်လေသည်။

"နာနတ်သီးဆိုတာ နဂိုကတည်းက သူ့မှာရှိသင့်တဲ့ အချိုအရသာက ရှိပြီးသားလေ၊ ဒါကို သကြားတွေ စွတ်ထည့်တော့ နာနတ်သီးအရသာ ပျောက်ပြီး သကြားအရသာပဲ ရှိတော့မှာပေါ့၊ အဲဒါကြောင့် သကြားအစား ဆားလေးနည်းနည်းထည့်လိုက်တာ၊





အဲဒီနှစ်ခု ကွာသွားလို့ အရသာပြောင်းသွားတာ ဖြစ်မယ်၊ ဒါတောင် သံပုရာသီးမတွေ့လို့ . . . သံပုရာသီးညှစ်ထည့်ရင် မွှေးပြီး ပိုသောက်ကောင်းမှာ"

စိတ်လိုလက်ရ ရှင်းပြနေသော ကောင်မလေးကို လူသစ် အထင်ကြီးသောမျက်လုံးများနှင့် ကြည့်နေမိ၏။

သူ့မပုံစံလေးက နုဖပ်နွဲ့နှောင်းနေတော့ မယ်မယ်ရရ ဘာမှ လုပ်တတ်မည်ဟု ထင်မထားခဲ့၊ အခုတော့ အသေးစိတ်လေးကအစ လုပ်တတ်နေသည်မို့ လျှော့တွက်လို့မရမှန်း လူသစ် နားလည်သွားခဲ့သည်။

ဒီတော့ လူသစ်ဦးနှောက်ထဲ ဖျတ်ခနဲအတွေးတစ်ခု ဝင်လာလေ၏။

အလုပ်စခဝင်းသည့်နေ့မှာ အစားအသောက်အကြောင်း ဆွေးနွေးနေမယ့်အစား လုပ်ငန်းနဲ့ပတ်သက်တာကို နှိုင်းကြည့်မှပဲဟု တွေးလိုက်ခြင်းဖြစ်သည်။

ရုတ်တရက် ဝင်လာတဲ့အတွေးနဲ့အတူ ဖိုင်တွဲတစ်ခုကို ကောက်ကိုင်လိုက်ပြီး . . .

"ရော့ကွာ . . . အလုပ်မရှိတော့ မင်းလည်း ပျင်းနေမှာပေါ့၊ အဲဒီဖိုင်တွဲထဲကနေ ခနကုမ္ပဏီရယ်, အလင်းရောင်ကုမ္ပဏီနဲ့ အရေး



www.burmeseclassic.com

www.burmeseclassic.com



တန်းကုမ္ပဏီတွေကို ပို့ရမယ့် ပစ္စည်းတွေစာရင်းတွေကို ရွက်စိမ်း ကူးလိုက် ... အားလုံး ခြောက်ရွက်ကူး၊ ပြီးရင် ဒီစားပွဲပေါ် လာတင် ထားလိုက်၊ ငါ အပြင်ခဏသွားလိုက်ဦးမယ်"

လှသစ်ကမ်းပေးနေသော ဖိုင်တွဲအား ရွက်စိမ်းက ထယူ လိုက်ပြီး ကွန်ပျူတာထားသည့်စားပွဲသို့ လျှောက်လာခဲ့သည်။

ကုလားထိုင်မှာ ခဏထိုင်ကာ ဖိုင်တွဲတွေကို သေသေချာချာ ဖတ်ကြည့်နေမိသည်။

အားလုံး အင်္ဂလိပ်လိုရေးထားသည်မို့ အမှားမပါအောင် ဂရုတစိုက် ဖတ်နေရ၏။

အကုန်လုံးဖတ်ပြီးသွားချိန်မှာ ကုမ္ပဏီများကို ပို့ရမည့် အမျိုး တူပစ္စည်းစာရင်းများအား စာရွက်တစ်ရွက်မှာ အရင်ကူးချလိုက်သည်။ ပြီးမှ ကွန်ပျူတာမှခလုတ်များသို့ လက်ချောင်းလေးများအား အလုပ် ပေးလိုက်လေသည်။

အချိန်တိုအတွင်းမှာပဲ လှသစ် ရိုက်ခိုင်းထားခဲ့သော စာရွက် ခြောက်ရွက် ရိုက်ပြီးသွားလေသည်။ ထိုစာရွက်ခြောက်ရွက်ကို စတာ ပလာနှင့် ညှပ်လိုက်ပြီး ခုနက ဖိုင်တွဲတွေနှင့်အတူ လှသစ်စားပွဲပေါ် သွားတင်ထားလိုက်လေသည်။

ရိုက်ခိုင်းထားသော စာရွက်ခြောက်ရွက်ကို သီးခြားအပေါ်မှ





တင်ကာ အသင့်တွေ့သော ဖန်လုံးနှင့် ဖိထားပေးခဲ့လိုက်သည်။

သည်အချိန်ထိ အခန်းထဲသို့ လှသစ်ပြန်မရောက်လာသေး။ ဒါနဲ့ပဲ ဆေးရမည့်ဖန်ခွက်နှင့် လင်ပန်းတို့အား ရွက်စိမ်း ဆေးကြောပြီး သူ့နေရာသူ ပြန်ထားလိုက်လေသည်။

စတီး(လ်)စင်လေးကို ရွက်စိမ်း ကျောခိုင်းလိုက်ပြီး ပြတင်း ပေါက်နားသို့ လျှောက်သွားမိသည်။

သူမ တစ်ရပ်ကျော်မက ရှည်လျားသောလိုက်ကာစ ရှားညို ရောင်ကြီးအား တစ်ဖက်သို့သိမ်းသည့်ကြိုးစနှင့် ခွဲသိမ်းလိုက်ကာ မှန်ချပ်ကြီးများမှတစ်ဆင့် အပြင်သို့ လှမ်းကြည့်နေမိပါ၏။

ရန်ကုန်မြို့လယ်၏ စည်ကားမှုက သူမကို မျက်စိတွေ မှုး နောက်လာစေတာမို့ လိုက်ကာကို ပြန်ဆွဲစေ့လိုက်ပြီး တစ်ဖက်သို့ ပြန်လှည့်လိုက်လေသည်။

တိုက်ဆိုင်စွာပဲ လှသစ်ကလည်း အခန်းထဲ ပြန်ဝင်လာပြီ ဖြစ်၏။

လှသစ် အလုပ်စားပွဲကို တန်းတန်းမတ်မတ် လျှောက်သွား ပြီး ရွက်စိမ်းလာထားသွားသော စာရွက်များကို တစ်ခုချင်း ဖတ်ကြည့် လိုက်သည်။

မျက်နှာမှာ အပြုံးရိပ်တို့ လင်းလက်လျက် ကျေနပ်ခြင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ထွန်းသွားရသည်။

တိကျမှန်ကန်မှုများနှင့် သေသပ်သွက်လက်မှုများက ရွှတ်စိမ်း၏အရည်အချင်းကို ဖော်ပြနေလေပြီ။

လူသစ် ဘာမှကို ပြောစရာမလို။ အလုပ်စဆင်းသည့်နေ့က တည်းက အစစ အဆင်ပြေနေရ၍ သူမအား ကျိတ်ကာ အထင်ကြီး သွားရလေသည်။

ဒီတော့ သူ့ရဲ့ လူရွေးတော်သည့်ဦးနှောက်ကိုလည်း ရွှေချ ထားချင်လောက်အောင် ကျေးဇူးတွေတင်သွားရပါ၏။

အားလုံးကိုစစ်ဆေးကြည့်ပြီး အားရကျေနပ်သွားမှ ဖိုင်တွဲ ထဲ ညှပ်ထားလိုက်သည်။

ညှပ်ထားလိုက်ပြီးတယ်ဆို သူ၏ ဝေဖန်မည့်စကားစုအား စောင့်မျှော်နေသည့် ရွှက်စိမ်းကို စိတ်တိုင်းကျကြောင်း နှုတ်က ဖွင့်ဟ ပြောမနေတော့ဘဲ အပြုံးနှင့်သက်သေပြုကာ ခေါင်းပါညိတ်ပြလိုက် မိပါသည်။

ရွှက်စိမ်းကလည်း သူလုပ်သမျှ အပြစ်မတွေ့ဘူးဆို၍ အကျေနပ်ကြီး ကျေနပ်နေမိပါ၏။

အလုပ်ဝင်တဲ့နေ့မှာ အားလုံး အဆင်ပြေသွားရခြင်းအတွက် ကျေနပ်လို့မဆုံး ။







လူသစ် အပြုံးမပျက် ပြန်ပြောလိုက်၏။

"ညွှန်းတာမဟုတ်ဘူး ဟော့ကောင် ... လက်တွေ့ လက်တွေ့"

နှစ်ယောက်သား ရယ်မောလျက် နာနတ်ဖျော်ရည်ကို ဖိမ်ခံပြီး သောက်နေမိကြလေသည်။

ဖျော်ရည်တစ်ဝက်ခန့်ကုန်သွားတော့ ဖန်ခွက်ကို လင်ပန်း ထဲ ပြန်ထည့်လျက် ဘုန်းသစ်အောင်က ...

"အေးကွ ... မဆိုးဘူးနော်၊ ငါသောက်ဖူးသမျှထဲမှာတော့ အရသာက တစ်မျိုးထူးခြားတာပဲ၊ ဒါပေမဲ့ ငါ့အလုပ်ကိစ္စတွေတော့ မမေ့ဘူး ဟော့လူရေ ... မေ့လို့လည်း မဖြစ်ဘူး၊ အခုလာတာ ဗိုလ် ချုပ်ဈေးက ရွှေဆိုင်မှာ ရစရာရှိတဲ့ငွေတွေ လာသိမ်းတာပဲ၊ ရက်ပတ်နဲ့ လာသိမ်းရတာ ...၊

အရင်က ငါ့ကောင်လေးတစ်ယောက်ကို ယူခိုင်းနေကျ၊ အခု သူ မရှိလို့ ငါကိုယ်တိုင်လာရတာ၊ အဲဒါကြောင့် မင်းဆီဝင်လို့ ပြောတာပေါ့။ နိုမ့်ဆို သိတဲ့အတိုင်းပဲ ရှိသမျှအလုပ် ငါ့အလုပ်ကြီးပဲ"

ပြောရင်းနဲ့ပဲ အလုပ်ကိစ္စဆီ ပြန်ရောက်သွားတော့သည်။ စကားလည်း ထွေထွေထူးထူး မပြောမိကြ။ နောက်ဆုံး ဘုန်းသစ် အောင် ပြန်သွားသည်အထိ သူ့အလုပ်အကြောင်း၊ ကိုယ့်အလုပ်အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများသာ ပြောဖြစ်ကြလေသည်။

ထိုအတူ ရွှက်စိမ်းသည်လည်း ထိုနေ့အဖို့ ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ရပါဘဲ အိမ်ပြန်ချိန်ရောက်ခဲ့ရပါသည်။

အိမ်အပြန်လိုက်ပို့ပေးမည်ဟု လှသစ်က ပြောသော်လည်း ရွှက်စိမ်း ငြင်းဆိုသဖြင့် လှသစ် လက်လျှော့လိုက်လေသည်။

ရွှက်စိမ်းကတော့ သူမ ကြိုတင်မှာကြားထားသည့်အတိုင်း ကိုသိန်းလာကြိုနေမည့်နေရာသို့ ထွက်ခဲ့လိုက်ပါ၏။



အခန်း (၆)

"လှလှရေ ခဏာကွယ်"

ဟိုနေ့က စိတ်ကသိကအောက်ဖြစ်ပြီး လှသစ်အား ရှောင်နေခဲ့သော ဒေါ်ဝတီစိုးက သားဖြစ်သူကို အခန်းဝမှနေ လှမ်းခေါ်ပြီး သူ့အခန်းရှိရာသို့ ပြန်လျှောက်သွားလေသည်။

လှသစ်အခန်းထဲမှာ စာရွက်အချို့ကို ဖတ်နေရာမှ မိခင်၏ ခေါ်သံကြောင့် စာရွက်တွေကိုချထားခဲ့ပြီး အနောက်ကနေ လိုက်သွားမိ၏။

ထိုနေ့တည်းက ရှောင်နေသောမိခင်အား မိမိကစပြီး အကြောင်းအမျိုးမျိုးပြကာ စကားပြောသော်လည်း စိတ်ဆိုးမပြေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားဖြင့် ခပ်တင်းတင်းနေခဲ့သော မိခင်ထံမှ ယခုလို ကြည်သာရွှင်ပျသောအသံကို ကြားရလေတော့ လူသစ် ဝမ်းသာသွားရလေသည်။

လူမှန်းသိတတ်တည်းက ဒီတစ်ကြိမ်သာ မိခင်၏ဆန္ဒကို ဆန့်ကျင်ဖူးခဲ့တာမို့ မိခင်ဖြစ်သူ နားလည်သဘောပေါက်စွာ ခွင့်လွှတ်လိုက်ပြီထင်ပါရဲ့လို့တွေးပြီး ဝမ်းသာနေမိတော့သည်။

ဒီရက်ထဲမှာ ကိုယ့်အပြစ်နဲ့ကိုယ်မို့ ငြိမ်နေရသော်လည်း မခေါ်မပြောဘဲ ရှောင်နေသောမိခင်ဖြစ်သူ၏ အနေစိမ်းမှုကြောင့် လူသစ်စိတ်မချမ်းမသာ ဖြစ်နေခဲ့ရလေသည်။

အခုလို မိခင်ဘက်မှ ပုံမှန်ပြန်ဖြစ်သွားသော အနေအထားကို လက်လွှတ်မခံနိုင်၊ ခပ်သွက်သွက် ထွက်လာခဲ့ပါ၏။

အခန်းထဲကိုဝင်လာပြီး မိခင်ထိုင်နေသော ဒရင်းဘတ်ဘေးမှာ သွားရပ်လိုက်သည်။

ဒေါ်ဝတီစိုး သားကို တစ်ချက်မော့ကြည့်ပြီး အသင့်ကိုင်ထားသော လက်ထဲကစာတ်ပုံတစ်ပုံကို လှမ်းပေးလိုက်ရင်း ...

"ရော့ လူလူ ... အဲဒါ မေမေရှာထားတဲ့ မင်းရဲ့အိမ်ထောင်ဘက်ပဲ"

အလုပ်ကိစ္စများ မေးလေမလားလို့ ထင်ထားခဲ့သော လူသစ်





ဒီအလုပ်ထဲမှာ အဆင်ပြေဖို့ဆိုတာ လွယ်တာမှမဟုတ်ဘဲ။

ကံကောင်းထောက်မစွာ သူမ အလုပ်နိုင်ဆုံးအလုပ်တွေကို ရွေးခိုင်းသည့်အတွက် တော်ပါသေးရဲ့ဟု သက်ပြင်းကျိတ်ချမိလေသည်။

နှစ်ဦးနှစ်ဖက်အဆင်ပြေမှုများအပေါ် ကျေနပ်မှုချင်း ဖလှယ်နေခိုက် လူသစ်အလုပ်စားပွဲပေါ်မှ စပီကာလေး အသံမြည်လာ၍ စပီကာစက်အား အသံချဲ့လိုက်ရင်း ...

"ပြောပါ"

"ဘော့(စ်)ကို လူတစ်ယောက်ကတွေ့ချင်လို့တဲ့၊ ကြိုတင်ချိန်းထားတာ မဟုတ်ဘူးလို့ပြောပါတယ် ... သူ့နာမည်က ဘုန်းသစ်အောင်တဲ့၊ လွှတ်လိုက်ရမလားရှင်"

"လွှတ်လိုက်ပါ"

သူငယ်ချင်းဖြစ်သူနာမည်ကို ကြားလိုက်သည်နှင့် လူသစ်အားရဝမ်းသာပင် လွှတ်လိုက်ရန်ပြောလိုက်ပါ၏။

ကျောင်းပြီးကတည်းက သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ်နှင့် မအားခဲ့ကြ၊ အားတဲ့အချိန် တွေ့ပြန်တော့လည်း လွတ်လပ်စွာ ရယ်မော ပျော်ရွှင်ပြောချိန် မရှိ၊ အပြေးအလွှား ပြောကြဆိုကြ၊ တခြားကိစ္စပြောရန် အချိန်မပေးနိုင်။ တွေ့လိုက်လျှင် စီးပွားရေးဈေး



www.burmeseclassic.com

www.burmeseclassic.com



ကွက်ထဲက စကားတွေပဲ ဖြစ်နေတတ်၏။

ဒီနေ့ ဘာစိတ်ကူးနဲ့ ဘယ်အတွက်ရောက်လာပါလိမ့်ဆိုပြီး ဝမ်းသာသွားမိလေသည်။

မကြာလိုက်ပါ ... အခန်းတံခါးဖွင့်၍ သူငယ်ချင်းဖြစ်သူ ဝင်လာသည်ကို လှုသစ် အခန်းဝမှ ပြုံးရွှင်စွာ ဆီးကြိုနေမိပါ၏။

ဘုန်းသစ်အောင်ကလည်း သူ့ကို လက်ဆွဲနှုတ်ဆက်ရုံမက ပခုံးကနေ တအားဖက်ကာ ကြည်နူးပျော်ရွှင်နေလေသည်။

နှစ်ယောက်သား ဧည့်သည်လာလျှင် ဧည့်ခံရန်ပြင်ဆင်ထားသော ဆက်တီများရှိရာသို့ လျှောက်လာပြီး ထိုင်လိုက်ကြလေသည်။

ဘုန်းသစ်အောင်က အခန်း၏အပြင်အဆင်အနေအထားကို လှည့်ပတ်ကြည့်ပြီး တပြုံးပြုံးနှင့် ဖြစ်နေတော့၏။

နောက်ဆုံး ဘုန်းသစ်အောင်၏ မျက်လုံးအကြည့်က ရွက်စိမ်းထိုင်နေရာသို့ ရောက်ရှိသွားပြီး လှုသစ်ကို လှည့်ကြည့်လိုက်ရင်း မျက်စပစ်ပြလိုက်လေရာ အကင်းပါးသော လှုသစ်က ...

"ရွက်စိမ်းရေ ... ဖျော်ရည်တစ်ခုခု လုပ်ခဲ့ပေးပါ၊ အဲဒါ ငါ့စက္ကူထရီလေ ... နာမည်က ရွက်စိမ်းတဲ့၊ ပြောပါဦး ... တစ်ခါမှ အလုပ်မအားတဲ့သူက အခု ဘာလာလုပ်တာလဲ"

သူငယ်ချင်းဖြစ်သူအား ရွက်စိမ်းနှင့် မိတ်ဆက်ပေးပြီး အစား





အသောက်ပါ စီစဉ်ခိုင်းရင်း သူငယ်ချင်းဘက်သို့ ပြန်လှည့်ကာ စကားနာထိုးလိုက်လေသည်။

ဘုန်းသစ်အောင်ကတော့ လှုသစ်မေးနေတာကို စိတ်မဝင်စား။ ရွက်စိမ်းလှုပ်ရှားမှုများကို စိတ်ဝင်စားနေရသည်။

ဒါကို လှုသစ် သဘောပေါက်၍ နှစ်ယောက်တည်းကြားရုံလေး ပြောလိုက်ရ၏။

"ဟေ့ကောင် ... အဲဒီလောက် မီးတောက်မနေနဲ့၊ တော်ကြာ ဒီအခန်းထဲက မီးခိုးတွေထွက်နေတယ်ဆိုပြီး ငါ့ကုမ္ပဏီနား မီးသတ်ကားတွေ ပိုင်းလာဦးမယ်"

အဲသလိုပြောလိုက်တော့မှ ဘုန်းသစ်အောင် ခပ်ရှေ့ရှေ့ ရယ်၍ အရှက်ပြေပြောလိုက်လေသည်။

"မင်းကလည်း ... တိုစရာမရှိ တိုနေပြန်ပြီ၊ ငါ့မှာ တစ်နေ့တစ်နေ့ အလုပ်ခန်းထဲကကို ထွက်ရတာမဟုတ်ဘူး။ အခုလို အပြင်ထွက်ရတုန်းလေး မျက်စိအစာကျွေးရတာ ... ကိုယ်ချင်းစာမှပေါ့ကွ"

ဟုတ်တော့လည်း ဟုတ်ပါသည် ...။ ဘုန်းသက်အောင်က ကျောင်းပြီးတယ်ဆို မိဘများပိုင်ဆိုင်သော ရွှေဆိုင်ကို ဦးစီးရလေသည်။ သူ့မိဘများ၏ အကွက်စေ့မှုကြောင့် ရွှေပန်းထိမ်ပါ တွဲဖွင့်ထားသည့်အလုပ်ကို ဦးဆောင်ရပြန်သဖြင့် သူကိုယ်တိုင် ရွှေထည်ရွေး



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ရသည့်အခါလည်း ကိုင်ရပြန်လေတော့ ဘယ်သောအခါမှ မအားခဲ့။ ဒီကြားထဲ ရွှေအမှိုက်များ လေလွင့်မသွားအောင် စည်းကမ်းရှိရှိ စနစ်တကျ ထိန်းသိမ်းရပြန်သေးသည်။

အဲဒီတော့ ဘုန်းသစ်အောင်ဘဝမှာ အချိန်ရှိသရွေ့ အလုပ်တွေနဲ့သာ နှစ်ပါးသွားနေခဲ့ရလေသည်။

ကြာတော့လည်း နေသားကျသွားသည်လား မပြောတတ်။ အပြင်ကိုထွက်ရန်ပင် သတိမရရှာတော့။

တစ်ခါတလေ လှူသစ်နှင့်ချိန်းပြီး စားကြသောက်ကြရင်းတောင် အလုပ်အကြောင်းကလွဲပြီး ဘာအကြောင်းမှ မပြောဖြစ်ကြ။ အခု ဘယ်လိုအားလပ်ခွင့်ရပြီး ဘာကိစ္စလာသလဲ မပြောတတ်ပေ။

ဘုန်းသစ်အောင်အကြောင်း တွေးနေဆဲ ရှက်စိမ်းက ခုနက ဖျော်ပေးသော နာနတ်သီးဖျော်ရည်ကိုပဲ ဖျော်ကာ လာချပေးလေသည်။

"ရော့ သောက်ကြည့် . . . မင်း အလုပ်အကြောင်းတွေရော အလုပ်ကိစ္စတွေပါ အကုန်မေ့သွားစေရမယ်"

"ဟ . . . တယ်ညွှန်းပါလား"

လှူသစ်လှမ်းပေးသော ဖျော်ရည်ခွက်ကို ဘုန်းသစ်အောင် ယူလိုက်ရင်း ရယ်ကျဲကျဲနှင့် နောက်နေလေသည်။

❦ ရွှေစကားစာပေ ❦



တစ်ယောက် မထင်မှတ်သောစကားကို ကြားလိုက်ရ၍ အူတူတူနှင့် မိခင်အား ပြန်ကြည့်နေမိလေသည်။

အူတူတူဖြစ်နေသောသားကို ဒေါ်ဝတီစိုး မာထန်သောမျက်နှာဖြင့် ကြည့်လိုက်ပြီး အသံကပါ ခက်ထန်လျက် . . .

"ယူလေ လူလူ၊ ဘာလဲ . . . ဒီတစ်ကြိမ်လည်း မေမေ့ကို ဆန့်ကျင်ဖို့ စဉ်းစားနေတာလား"

လှူသစ် မိခင်အား ခပ်ရိုရိုကြည့်ရင်း လက်ထဲကဓာတ်ပုံကို လှမ်းယူလိုက်လေသည်။

"သွားတော့ . . . ကုမ္ပဏီကို သွားတော့မှာ မဟုတ်လား။ မင်းဆီက လက်မခံဘူး, လက်ခံတယ်ဆိုတဲ့စကား မေမေ မကြားချင်ဘူး။ မေမေပြောတာ မင်းနားထောင်သွား . . . အဲဒီဓာတ်ပုံရှင်ဟာ မင်းရဲ့ဇနီးလောင်းဆိုတာပဲ"

ခုထိ လှူသစ် ဘာစကားမှ မပြောမိသေး။ ပြောရန်စကားလည်း ရှာမရ။ ငြင်းရန်အင်အားလည်း မရှိ။ အဲဒီတော့ သွားတော့ဆိုသည့် မိခင်၏စကားအတိုင်း အခန်းထဲက လှည့်ထွက်ခဲ့လိုက်လေသည်။

သူ့အခန်းထဲရောက်တော့ လက်ထဲကဓာတ်ပုံကို စားပွဲပေါ် ပစ်တင်လိုက်မိသည်။

❦ ရွှေစကားစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံကိုကြည့်ရန် စိတ်ကူးမရှိသလို စိတ်လည်း မဝင်စား။ ခြေပစ်လက်ပစ် ခုတင်ပေါ် ပစ်လှဲလိုက်မိပါ၏။

ခဏကြာ လှဲနေပြီးမှ ကုမ္ပဏီသို့သွားရန် ရေမိုးချိုး အဝတ်အစားလဲပြီး လေးလံထိုင်းမှိုင်းသောခြေလှမ်းများဖြင့် ထွက်ခဲ့မိတော့သည်။

ကုမ္ပဏီကို ထွက်လာခဲ့ရသော်လည်း မိခင်အကြောင်းများကိုသာ တစ်လမ်းလုံး စဉ်းစားလာမိလေသည်။

ဘာကြောင့်များ ကတိုက်ကရိုက်နဲ့ ဒီအကြောင်းကို ပြောရတာပါလိမ့်။ သွယ်သွယ်ဝိုက်ဝိုက်လည်း မဟုတ်။ တဲ့တိုးကို ပြောချလိုက်တာ။

ဟိုအရင်က ပြောသံမကြားရဘဲ အခုမှ ဘယ်လိုဖြစ်တာပါလိမ့်ဆိုပြီး တွေးကာ စိတ်မသက်မသာ ဖြစ်နေမိလေသည်။

ကားပါကင်ထိုးသည့်နေရာအရောက် ကားကိုပါကင်ထိုးထားခဲ့ပြီး ကုမ္ပဏီထဲကို ဝင်လာတဲ့ခြေလှမ်းများက ပေါ့ပါးမှုမရှိ။ မျက်နှာကလည်း မကြည်လင်။ ရုံးခန်းထဲကိုရောက်သည့်တိုင် စိတ်ကမရွှင်လန်း။

လက်ထဲက အတက်ခ်ျကေ့(ခ်)ကို စားပွဲပေါ်တင်လိုက်ပြီး ဆုံလည်ကုလားထိုင်မှာ ထိုင်ချလိုက်ရင်း မျက်လုံးတို့ မှိတ်ထားမိ၏။

ထိုစဉ် နှာခေါင်းမှရှူရှိုက်လိုက်မိသော မွှေးကြိုင်သော ရနံ့





တစ်မျိုးကြောင့် ဦးနှောက်ထဲ ကြည်လင်သွားသလိုမို့ လူသစ် မျက်လုံးဖွင့်ကြည့်လိုက်မိလေသည်။

သူ့ရှေ့က စားပွဲပေါ်တွင် ငွေလင်ပန်းလေးနှင့် လာတင်ထားသော နာနတ်ဖျော်ရည်ခွက်ကို တွေ့ရလေသည်။

ဖန်ခွက်ရှည်မျောမျောလေးထဲမှာ သံပုရာသီးစိတ်လေးတွေ ပေါလောပေါ်နေသည့်အနေအထားကိုကြည့်ပြီး ရင်ထဲ မရှင်းမလင်းဖြစ်နေသမျှ သောက်ချလိုက်လျှင် ရှင်းသွားမှာပဲဟုတွေးကာ ယူသောက်လိုက်မိလေသည်။

ထင်သည့်အတိုင်း ရင်ထဲရှင်းသွားရုံမက ဦးနှောက်ထဲပါ ကြည်လင်လန်းဆန်းသွားရတာကြောင့် ရွက်စိမ်းအား ကျေးဇူးတင်သောအကြည့်ဖြင့် လူသစ်ကြည့်လိုက်မိ၏။

သည်အချိန်မှာ ရွက်စိမ်းကလည်း ပြန်ကြည့်နေချိန်မို့ နှစ်ဦးသားအပြုံးချင်း ဖလှယ်လိုက်ကြလေသည်။

ရွက်စိမ်း၏အပြုံးထဲတွင် ဘာထည့်၍ပြုံးလိုက်လဲတော့ မသိ။ အခိုက်အတန့်အတွင်းမှာပဲ လူသစ်တစ်ယောက် ကယောင်ချောက်ချားနှင့် လက်ထဲကဖျော်ရည်လက်ကျန်ကိုတောင် မသောက်မိဘဲ ငွေလင်ပန်းလေးထဲ သွန်ပစ်လိုက်မိသည့်အဖြစ်။

ထိုအဖြစ်အပျက်ကို မြင်တွေ့လိုက်ရသော ရွက်စိမ်းမှာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



လို့ဖြစ်တာပါလိမ့်လို့ပင် မတွေးအား၊ လျှင်မြန်စွာထ၍ ပြေးသွားလိုက်ပြီး ဖိတ်စဉ်သွားသောရေတွေကို သုတ်လျက် ဗိုင်းတွဲတွေ၊ စာရွက်စာတမ်းတွေကိုပါ ရေမစိုအောင် ဘေးသို့ ဖယ်ပေးလိုက်ရလေသည်။

မြှုန်းခနဲမို့ လူသစ်လည်း ရွှက်စိမ်းလှုပ်ရှားနေသမျှကိုသာ ငေးကြည့်နေမိပါ၏။ သူ့ကိုယ်သူပင် ဘာဖြစ်သွားမှန်းကို မသိလိုက်။ သတိဝင်လာတော့ ရှက်တာနှင့်ထူပူနေတာပဲ သိတော့သည်။

လင်ပန်းတွေ၊ ဖန်ခွက်တွေ ဆေးပြီးသည်နှင့် ရွှက်စိမ်း အလုပ်စားပွဲသို့ပြန်သွားကာ ဖိတ်စာလေးတစ်စောင်ကို ယူ၍ လူသစ်အား တရိုတသေပေးလိုက်လေသည်။

လူသစ် ဖိတ်စာကို ဖတ်ကြည့်ပြီး . . .

"ဒါ ဘယ်အချိန်က ရောက်လာတာလဲ"

ပြန်မော့၍ ရွှက်စိမ်းကိုကြည့်ကာ မေးလိုက်လေသည်။

"စိမ်းရောက်ကတည်းက တွေ့တာပါပဲ၊ ဘော့(စ်)ထက် နည်းနည်းစောပြီး စိမ်းရောက်လာတာလေ၊ စားပွဲခုံကိုရှင်းတော့ တွေ့တာနဲ့ ယူဖတ်ကြည့်လိုက်တာ၊ ဘော့(စ်)ရောက်ကတည်းက ပြောမလို့ ဘော့(စ်) တစ်ခုခုဖြစ်လာသလားလို့ စိတ်ကထင်ပြီး မပြောသေးတာပါ"

တလေးတစား ရှင်းပြနေသော ရွှက်စိမ်းကို လူသစ် အသေအချာကြည့်ကာ စဉ်းစားနေဖြစ်လေသည်။

❦ ရွှေစကားစာပေ ❦



အခုဖိတ်စာထဲမှ မိမိရှယ်ယာဝင်ထားသော "ပန်းတိုင်" ကုမ္ပဏီ၏ အစည်းအဝေးကို ရွှက်စိမ်းအား တစ်ယောက်တည်း လွှတ်လိုက်ရကောင်းမလား၊ သူမနှင့်အတူ မိမိပါ လိုက်သွားရ ကောင်းမလားဟု ဝေခွဲမရ ဖြစ်နေမိ၏။

နောက်ဆုံးတော့ လူသစ် ဆုံးဖြတ်ချက်ချနိုင်ခဲ့ပါသည်။

သူမ၏အရည်အချင်းကို အဆုံးအဖြတ်ပေးမည့်ပွဲမို့ တစ်ယောက်တည်းပဲလွှတ်လိုက်ရန် အတည်ပြုလိုက်လေသည်။

"မင်း အိမ်ပြန်ပြီး အဝတ်အစား လဲချင်လဲနိုင်တယ်၊ ညနေ အစည်းအဝေးကို မင်းတစ်ယောက်တည်းသွားဖို့ ပြင်ပါ၊ အိမ်ကနေပြီးတော့ သွားချင်လည်း သွားလို့ရတယ်၊ ဒါမှမဟုတ် ဒီကိုပြန်လာပြီး ဒီကနေသွားမယ်ဆိုလည်း ဖြစ်တယ် . . . မင်းဘာသာ ဆုံးဖြတ်ပါ၊ အစည်းအဝေးက ညနေ လေးနာရီမှစဖြစ်လိမ့်မယ်၊ မင်း အိမ်အပြန် နောက်ကျလိမ့်မယ် . . . ရရဲ့လား"

အခုတော့လည်း လူသစ်ပုံစံက တကယ့်သူဌေးစတိုင် ပြန်ဖြစ်သွားတော့သည်။ ခုနက ဖြစ်ပျက်ပုံနဲ့ တခြားစီဖြစ်သွားသော သူမ၏သူဌေးအား ရွှက်စိမ်း အတန်ကြာစိုက်ကြည့်နေပြီးမှ ပြောချင်သည့်စကားကို မပြောတော့ဘဲ တည်တည်ငြိမ်ငြိမ်ပင် ပြန်ပြောလိုက်လေသည်။

❦ ရွှေစကားစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကနေပဲ သွားလိုက်ပါ့မယ်၊ အိမ်အပြန်နောက်ကျလည်း အကြောင်းမဟုတ်ပါဘူး၊ ဒါ စိမ်းရဲ့တာဝန်ပဲ၊ စိမ်း ကျေပွန်အောင် ထမ်းဆောင်မှာပါ၊ ဘော့(စ်) စိတ်ကျေနပ်စေရပါ့မယ်"

"မင်းအိမ်ကို ကားနဲ့လိုက်ပို့ခိုင်းလိုက်ရမလား"

အလိုက်တသိ လူသစ်က ပြောလိုက်သော်လည်း ရွက်စိမ်း ငြင်းဆိုလိုက်လေသည်။

"ရပါတယ် ... စိမ်း ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားပါ့မယ်"

"ဘာလဲ ... မင်းအိမ်ကို ငါသိမှာစိုးလို့လား"

အကောင်းပြောနေရာကနေ ဖောက်လာသော လူသစ်ကို ရွက်စိမ်း ပြန်ပြောရန်ပြင်ပြီးမှ ကိုယ့်အလုပ်ရှင်ဟူသော အသိစိတ်ဖြင့် ဘာမှပြန်မပြောဖြစ်ခဲ့။

သူ့မှ ယူရမည့်ပစ္စည်းတွေကို ယူပြီးတော့ ဓာတ်လှေကားဆီကိုသာ ထွက်လာခဲ့လိုက်ပါသည်။

ရွက်စိမ်းထွက်သွားသည်နှင့် လူသစ် စိတ်လက်ပေါ့ပါးစွာ ပြုံးလိုက်ပါ၏။

မနက်က အိမ်မှာဖြစ်လာသည့်ကိစ္စကိုပင် မေ့သွားရလေသည်။

စိတ်ထဲမှာတော့ ကျေနပ်မှုတွေနှင့် ပြည့်လျှံနေသော ရွက်စိမ်း





အပေါ် အပြည့်အဝ ယုံကြည်နေမိခြင်းကြောင့် မြင်မြင်သမျှအားလုံး သစ်လွင်တောက်ပနေသည်ဟု ထင်နေမိလေသည်။

တစ်ဆက်တည်းမှာလည်း ဟန်း(ဒ်)ဖုန်းအား ဖွင့်လိုက်ပြီး လက်ကိုအလုပ်ပေးလိုက်လေသည်။

"အေး ... ငါပါ၊ ဟော့ကောင် ဖေယျ ... ဒီနေ့အစည်းအဝေးကို ငါမလာတော့ဘူး၊ ငါ့စက္ကူထရီကို လွှတ်လိုက်တယ်"

"............"

"အဟွန်း ... မပြောမိဘူးကွာ၊ မကြာသေးပါဘူး ... တစ်ရက်, နှစ်ရက်ပဲ ရှိသေးတယ်လေ"

"............"

"မဟုတ်ဘူးကွ ... ငါ့ဘာသာ ရှာလိုက်တာ၊ ဟုတ်ပါ့ကွာ ... ငါ့မယ်တော်ကြီးရဲ့ ဒိုင်းနမိုက်စက်ကွင်းကတော့ လွှတ်သွားပါရဲ့၊ နောက်ထပ် အုံးစားစရာထပ်ပေါ်လာလို့ ဘယ်လိုဖြေရှင်းရမှန်း မသိဘူး ဖြစ်နေတယ်"

"............"

"ဟုတ်ပြီ ဟုတ်ပြီ ... တစ်နေ့လောက် ချိန်းပြီး ဖောကြတာပေါ့ကွာ ... အေးပါ"

လူသစ် အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးနှင့် ဖုန်းပြောရင်း တစ်ဖက်မှ သူငယ်ချင်းဖြစ်သူ၏ ထောပနာပြုမှုကိုလည်း ခံယူနေရသေးသည်။

ဖုန်းပြောပြီးလို့ ထိုင်ခုံမှာထိုင်မိသည့်တိုင် ဘာကြောင့်မှန်းမသိ . . . လှုသစ် အပြုံးတို့ဖြင့် ပီတိတွေဝေနေဆဲ ဖြစ်နေလေသည်။

မျက်လုံးထဲမှာတော့ အင်းလျားကန်ဘောင်ပေါ်မှာ တွေ့ခဲ့သော ရွက်စိမ်းဆိုသည့် ဘုတောတတ်သည့်ကောင်မလေးကို မြင်ယောင်နေမိပါ၏။

♥ ♥ ♥





## အခန်း (၇)

မနက်ခင်း၏ နေရောင်ခြည်အလင်းတန်းများ ပြတင်းမှတစ်ဆင့် အခန်းတွင်းသို့ ကျူးကျော်ကာဝင်ရောက်လာခဲ့ပြီး နွေးထွေးမှုအထိအတွေ့ကို ခံစားလိုက်ရသည့်တိုင် လှုသစ် အိပ်ရာမှ မထသေးဘဲ ဆက်ပြီးနှပ်နေမိ၏။

မနေ့က သူ့ကိုယ်စား အစည်းအဝေးကို လွှတ်လိုက်သော ရွက်စိမ်းအကြောင်းများအား တစ်ခုချင်း ပြန်တွေးနေမိခြင်းကြောင့် ဖြစ်သည်။

ယောကျ်ားလေးအဝတ်အစားအသွင်အပြင်နှင့် တွေ့လိုက်ရ တုန်းက မာကျောခက်ထန်သလောက် မိန်းကလေးပုံစံ ပြောင်းလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



တည်းက နှုးညံ့ပျော့ပျောင်းသွားပုံများ အံ့သြယူနေရ၏။

နောက်တစ်ခု အနေအထိုင်၊ အဆင့်အတန်းမြင့်ပုံက သာမန် လူတန်းစားထဲက မဖြစ်နိုင်ဟု တွေးနေမိသည်။

အလုပ်တစ်ခုကို သေချာပြတ်သားစွာလုပ်နိုင်သည့် အရည် အချင်းကလည်း အထင်ကြီးလေးစားစရာ။ အလုပ်ရှင်ကို အလုပ်ရှင်လို ရိုသေစွာ ဆက်ဆံတတ်ပုံကအစ တော်ရုံအဆင့်အတန်းထဲက မဟုတ် မှန်း လူသစ် ခန့်မှန်းမိပါသည်။

အခု လွှတ်လိုက်သည့်ကိစ္စလည်း အားလုံး အဆင်ပြေ ချော မောလာခဲ့မည်ဆိုတာကို ယုံကြည်နေမိလေသည်။

ဟိုနေ့တွေက ကိုယ့်ကိစ္စနှင့်ကိုယ် ခေါင်းစားနေရ၍ သူမ အကြောင်းကို မတွေးဖြစ်ခဲ့။ ဒီနေ့တော့ မနေ့ကအကြောင်းနှင့် ဆက် စပ်ကာ တစ်ရှည်တစ်လျား တွေးနေမိပါသည်။

အတွေးဆုံးသည်နှင့် စိတ်ရှင်လန်းစွာဖြင့် ကိုယ်လက်သန့် စင်ရန် အိပ်ရာမှထလိုက်လေသည်။ ရေပါ တစ်ခါတည်းချိုးရန် စဉ်း စားပြီး တဘက်ကို ပခုံးပေါ်တင်လိုက်စဉ် သူ၏ဟန်းဖုန်းမှ သာယာ သောသံစဉ်လေးတစ်ပိုဒ် ပေါ်ထွက်လာခဲ့လေသည်။

သံစဉ်ဆုံးသွားတယ်ဆို လူသစ် ဖုန်းကိုယူပြီး နားထောင် လိုက်လေသည်။





"ပြော ဖေယျ . . . ဘာအကြောင်းထူးလို့လဲ"

"ဘာမှ အကြောင်းမထူးပါဘူး။ မင်း လူကဲခတ်တော်တဲ့ အကြောင်း ချီးမွမ်းချင်လို့ပါ၊ နေပါဦး . . . မင်း အခုထိ ကုမ္ပဏီမသွား သေးဘူးလား"

"သွားတော့မလို့ပါ၊ မင်းကလည်း သဘောပေါက်ရဲ့သားနဲ့ . . . မေးနေသေးတယ်၊ အရင်လို ကုမ္ပဏီကို အစောကြီးသွားစရာ မလိုတော့ဘူးလေကွာ၊ စက္ကူထရီခန့်လိုက်မှပဲဟာ . . . ငါ့ကိုယ်စား သူတာဝန်ယူလိုက်မှာပေါ့"

လူကဲခတ်တော်ပါတယ်လို့ သူငယ်ချင်းဖြစ်သူက ချီးမွမ်းလာ မှပဲ လူသစ် ခပ်ကြွားကြွားလေး ပြန်ပြောနေမိလေသည်။

ဖေယျာ တဟားဟားနှင့် ရယ်လျက် . . .

"မင်းကလည်း ချီးမွမ်းမှပဲ လေသံက မြင့်သွားလိုက်တာ၊ ပြန်ဆွဲချ ဟော့ကောင် . . . အရင်လိုပဲ ဟိုပြေးဒီပြေးနဲ့ ဇော့်ကျင့်ခန်း လေး ပြန်လုပ်ပါလားကွာ . . .၊

မင်းကောင်မလေး ငါ့ဆီပို့လိုက်ရင် ပိုအဆင်ပြေမယ်ထင် တယ် . . . ငါ အတည်ပြောတာနော်၊ မင်းကောင်မလေး တကယ်တော် တာမောင်၊ တို့တွေ နောက်ထပ်ကမ်းလှမ်းထားတဲ့ အဝတ်အစားဒီဇိုင်း ပြိုင်ပွဲမှာ အတော်ကိုအသုံးဝင်မယ့် အနေအထားရှိတယ် . . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကျ ဂျပန်ကိုယ်စားလှယ်နဲ့ စင်ကာပူကကိုယ်စားလှယ်တွေ လာကြမှာဆိုတော့ မင်းကောင်မလေးက အဲဒီဘာသာစကားတွေ တတ်နေတာ မဟုတ်လား ... အိုကေပဲ ကိုယ့်လူ"

မင်းကောင်မလေးချင်း မိုးမွှန်နေအောင်ပြောရင်း သဘောတွေကျနေသော ဖေယျူအား လူမမြင်ရပေမယ့် သွားတွေ အအေးပတ်လောက်အောင် ဖြီးနေမှာပဲဟုတွေးကာ လူသစ်လည်း ဖြီးယောင်သမ်းနေရလေသည်။

ရှေ့ဆက်ရမည့်လုပ်ငန်းအတွက်ပါ ရှက်စိမ်းကို ကြိုတင်ချီးမွမ်းနေလေတော့ မနေ့က အစည်းအဝေးမှာ ဘာမှပြောစရာ မရှိလောက်အောင် အဆင်ပြေပြီဆိုတာ တွက်ဆလို့ရနေတာမို့ လူသစ် အထွေအထူး မေးမနေတော့။ တခြားအကြောင်းဘက်ကို မြားဦးလှည့်လိုက်မိသည်။

"မင်းကောင်မလေး မင်းကောင်မလေးနဲ့ အတော် အာတွေ့နေလား ဖေယျူ ... တော်ရုံဆို ရပါပြီကွာ၊ အဲဒီအသံ မေမေကြားသွားရင် ဘာတွေဆက်ဖြစ်လာနိုင်လဲဆိုတာ တွေးမိရဲ့လား"

"အေး ... ငါမထိန်းလိုက်နိုင်ဘူးကွ၊ ဆောရီးသူငယ်ချင်း ... ဒါပေမဲ့ ငါပြောတဲ့အထဲ အပိုတစ်လုံးမှမပါဘူးဆိုတာ မင်းသိပါတယ်၊ မင်းချိန်းပြီး ဖောမယ့်အချိန်ကို ငါမစောင့်နိုင်တော့ဘူးကွာ၊





အခုပဲ သိချင်တယ်၊ ဘယ်က ရှာတွေ့လာတာလဲ၊ ဒီလိုမျိုး ဘက်စုံတော်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ အခုဟာက ချောတာ လှတာက အစ နေတာ ထိုင်တာ, သွားတာ လာတာအဆုံး ဘာမှကို ပြောစရာ မလိုတာ ...၊

နောက်ပြီး ကုမ္ပဏီနဲ့ပတ်သက်တဲ့ လုပ်ငန်းပိုင်းကို တင်ပြသွားတာများ အထစ်အငေါ့မရှိဘူးကွာ၊ မင်းက သူ့ကိုခန့်လိုက်တာ ရက်ပိုင်းပဲရှိသေးတယ်လို့ ပြောတုန်းက ငါ အံ့သြနေတာ၊ ဒီရက်လေးနဲ့ စိတ်ချပြီး လွှတ်လိုက်တယ်ဆိုပြီးတော့လေ၊ အာ ပါး ... တကယ့်လက်တွေ့မှာ လက်ဖျားခါသွားရတော့တယ်ဟေ့"

စကားလမ်းကြောင်းပြောင်းလိုက်ခါမှ ဆင့်ကဲ ဆင့်ကဲ ချီးမွမ်းခန်းဖွင့်လို့မဆုံး ဖြစ်နေသော ဖေယျူ၏စကားများကို နားကြားပြင်းကတ်လာတာကြောင့် တမင်ပင် စကားစကို ဖြတ်လိုက်လေသည်။

"ကဲ ဖေယျူရေ ... မင်းဘာသာ ချိန်းတဲ့ရက်ကို မစောင့်နိုင်လည်း မတတ်နိုင်ဘူး။ လောလောဆယ် မင်းလေမိပြီး ငါ အအေးပတ်နေလို့ ဖုန်းပိတ်လိုက်တော့မယ်၊ နောက်မှပဲတွေ့ကြတာပေါ့ကွာ ... ဘိုင့်ဘိုင် သူငယ်ချင်း"

ဖုန်းကိုပိတ်လိုက်ပြီး ရေချိုးခန်းသို့ဝင်ခဲ့ကာ ကုမ္ပဏီသွားရန် ပြင်ရလေတော့သည်။ ပြင်ရတယ်ဆိုသော်လည်း အရင်လို သုတ်ခြ



www.burmeseclassic.com

www.burmeseclassic.com



တင်စရာမလိုဘဲ စိတ်အေးလက်အေး သွားရုံပင်။ ဟိုကျ ရှက်စိမ်းက သူ့ကိုယ်စား လုပ်စရာရှိတာများကို လုပ်ထားပြီးနေပြီ ဖြစ်၏။

ဝင်လာသည့်ဖုန်းမှုန်သမျှကို အားလုံး ဒိုင်ခံနားထောင်ကာ သူလာလျှင် အဆင်သင့်သိနိုင်အောင် စာရွက်နှင့် ရေးခြစ်မှတ်သား ထားပြီး စားပွဲပေါ်မှာတင်ထားပေးလေသည်။

ဒါတင် မကသေး ... အောက်ကတက်လာသော လက်မှတ် ထိုးပေးရမည့် ဖိုင်တွဲတွေကိုလည်း အရန်သင့်နေရာချထားပြီးသား ဖြစ်နေတတ်သည်။

အခန်းထဲမှာလည်း သန့်ရှင်းသပ်ရပ်စွာ ပစ္စည်းမှန်သမျှ နေ ရာတကျ ရှိနေရပြီး အလှပန်းအိုးကိုပါ အနွမ်းမခံ၊ တစ်မျိုးမဟုတ် တစ်မျိုး ပန်းလေးများကို လှပစွာ ထိုးထားတတ်သေးသည်။

အရင်ကဆို အခန်းရှင်းရန် ဝန်ထမ်းသတ်သတ်ငှားရ၏။ အပိုစကားတွေ မပြောချင်၍ စက္ကုထရီမ ခန့်ခြင်းကြောင့် ကုမ္ပဏီနှင့် ပတ်သက်သမျှ ကိုယ့်တာဝန်ကြီး ဖြစ်နေရသည်။

မေမေကြောင့်သာ အခုလို စက္ကုထရီခန့်ဖြစ်ခြင်းဖြစ်သည်။

အခုတော့ စက္ကုထရီခန့်လိုက်ခြင်း၏ အရသာကို လက်တွေ့ ခံစားနေရပါပြီ။ မေမေကို ကျေးဇူးတင်လိုက်မိသော်လည်း တစ်ဖက်စွန်း ရောက်လွန်းသော မိခင်ဖြစ်သူ၏ တစ်သမတ်တည်း ချမှတ်ထားသည့်





စည်းကမ်းဘောင်ထဲမှာ လူသစ် အသက်ရှူကျပ်နေရလေသည်။

ဟိုတစ်လောက ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် စက္ကုထရီခန့် လိုက်၍ မျက်နှာချင်းမဆိုင်တော့ဘဲ ရှောင်နေခဲ့သည်။ အခုတစ်ခါ ခါတ်ပုံတစ်ပုံပြကာ အိမ်ထောင်ဘက်ရွေးပေးပြန်လေသည်။

လူသစ် ဘာမှပြန်မပြောခဲ့ပေမယ့် ခါတ်ပုံပေးပြီးတည်းက ရှောင်နေပြန်ပါပြီ။ ဘာတွေဆက်ပြီး အကြံထုတ်နေသလဲတော့ မပြော တတ်။

သူ့အစဉ်အလာအတိုင်း အကြီးနှစ်ယောက်လိုပဲ သူက ယူရ မယ်ဆို ငြင်းစရာမလိုဟု အမိန့်ပေးထားသည့်အတွက် လူသစ် ဘာမှ မပြောသာ။ ဒီတော့ စီစဉ်ထားသည့်အတိုင်း လိုက်နာရုံပဲ ရှိတော့သည်။

ရေချိုးရင်း အကျီလဲရင်းဖြင့် လူသစ်တစ်ယောက် သူ့အ ကြောင်း သူပြန်တွေးနေမိလေသည်။

အလုပ်သွားရန် အဆင်သင့်ဖြစ်တော့ အပြင်ထွက်လာပြီး ဘုရားခန်းကို လှမ်းကြည့်မိသည်။ မိခင်အား မတွေ့သဖြင့် အောက်သို့ ဆက်ဆင်းခဲ့လိုက်သည်။ ထမင်းစားခန်းထဲ ဝင်လိုက်သည်။ ဒီမှာလည်း မရှိ။

လူသစ် သက်ပြင်းချလိုက်မိသည်။ သူ့ကိုရှောင်နေတာ သိ သာလှသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မချမ်းမြေ့စရာတွေကို ဘေးဖယ်ထားပြီး ထမင်းချက် ဒေါ်အေးမြအား လှမ်း၍မေးလိုက်မိသည်။

"ဒေါ်ဒေါ်မြ . . . မေမေ ဘယ်သွားလဲ"

"ရှိတယ်လေ လူလူ . . . ခြံထဲမှာ လမ်းလျှောက်နေတယ်နဲ့ တူတယ်"

ခြံထဲဆင်းပြီး ဘာတွေ အကြံထုတ်နေပြန်လဲမသိဘူး ဆိုသည့် အတွေးဖြင့် လူသစ် စားရင်းသောက်ရင်း မျက်နှာမဲ့လိုက်မိသည်။

စားလက်စကို အပြီးသတ်လိုက်ပြီး အလုပ်သွားရန် ထွက်ခဲ့ရင်း ခြံထဲမှာ လမ်းလျှောက်နေသည်ဆိုသော မိခင်ဖြစ်သူကို မျက်လုံးဝေ့ကာ ရှာဖွေနေမိသည်။

သစ်ခွပင်တွေကြားထဲမှာ အလုပ်ရှုပ်နေသော မိခင်နားသို့ သွား၍ နှုတ်ဆက်လိုက်သည်။

"မေမေ . . . သား အလုပ်သွားတော့မယ်"

"အေး အေး"

ပန်းပင်တွေကို ဆေးဖျန်းနေတဲ့ကြားက လှည့်မကြည့်ဘဲ ပြောလိုက်သော မိခင်အား လူသစ် ဘဝင်မကျသော်လည်း လှည့်ထွက်ခဲ့လိုက်ပါသည်။

ကိုယ့်ဘက်က အမှားလေးတစ်ခု လုပ်မိတာနှင့် အချစ်ဆုံး





သားကိုတောင် လျစ်လျူရှုထားနိုင်သော မိခင်ဖြစ်သူအား အံ့လည်း အံ့ဩမိပါ၏။

ဒါတောင် ကိုယ့်လုပ်ရပ်ကြောင့် ဘာမှ ချို့ယွင်းမှုမရှိသေး။ တိုးတက်နေတဲ့ခေတ်ကြီးထဲမှာ တစ်ခါလာလည်း မဲပြာပုဆိုး လုပ်နေမယ့်အစား ကလေးတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးကိုလည်း ထုတ်သုံးခွင့်ပြုပါဦးတော့တဲ့လား။

အခုတော့ ကိုယ်နဲ့အတူ အလုပ်တွဲရမယ့်လူကို ကိုယ့်စိတ်ကြိုက် ရွေးမိတာနဲ့ပဲ တစ်သက်လုံး ခွင့်မလွှတ်နိုင်တော့တဲ့အတိုင်းပဲ။

သူ့အား မိခင်ဖြစ်သူ စကားမပြောဘဲနေခြင်းကိစ္စကို တွေးပြီး စိတ်က မကြည်လင်တော့။ မိခင်စိတ်ချမ်းသာအောင် ရှက်စိမ်းကို အလုပ်က ထုတ်ပစ်ရအောင်ကလည်း သူမရဲ့ လုပ်ရည်ကိုင်ရည်က ပြောစရာမရှိအောင် စိတ်တိုင်းကျနေရသည်။

ဒီအကြောင်းတွေ ပြောပြချင်လို့ မိခင်ဖြစ်သူအား အကြောင်းမရှိ အကြောင်းရှာကာ စကားစသော်လည်း လိုတာထက် ပိုမပြောဘဲ ခပ်တည်တည် ရှောင်ထွက်သွားတတ်ပြန်၏။

စိတ်ရှုပ်စရာအတွေးများနှင့် ကားမောင်းလာရင်း ကုမ္ပဏီသို့ ရောက်လာခဲ့သည်။

ရုံးခန်းထဲကိုရောက်သည်နှင့် စားပွဲပေါ်ကို အရင်လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



မိလေသည်။ ထင်ထားသည့်အတိုင်း ရွှက်စိမ်း တာဝန်ကျေစွာ လုပ်ဆောင်ထားတာကို တွေ့ရလေသည်။

"အဲဒီပေါ်မှာ မနေ့က အစည်းအဝေးရဲ့ အစီရင်ခံစာတွေ တင်ထားပေးပါတယ်၊ ဒီဘက်ကစာရွက်မှာ ခုနက ဘော့(စ်)ဆီ ဖုန်းဆက်တဲ့လူတွေရဲ့နာမည်နဲ့ အကြောင်းအရာတွေကို ရေးထားပေးပါတယ်၊ ဒီမနက် ဘရိတ်ဖတ်အတွက် ဘာများလုပ်ပေးရပါ့မလဲ"

လူသစ် ထိုင်လိုက်တယ်ဆို အနားမှာလာရပ်ပြီး တာဝန်ကျေစွာ ရွှက်စိမ်း တစ်ခုချင်းရှင်းပြကာ မေးရမည့်ဝတ္တရားအတိုင်း မေးလိုက်ခြင်းဖြစ်သည်။ မျက်နှာကတော့ အပြုံးအရယ် မရှိ။ လူသစ်ကိုသာ တလေးတစား ကြည့်နေလေသည်။

သူမအား လူသစ်မော့ကြည့်လိုက်ပြီး လက်ကာပြ၍ ပြန်ဖြေလိုက်သည်။

"လိုတော့မှပြောမယ်ကွာ ... အခု ဒါတွေဖတ်ကြည့်လိုက်ဦးမယ်"

ရွှက်စိမ်း ဖျတ်ခနဲလှည့်ကာ သူမစားပွဲမှာ သွားပြန်ထိုင်လိုက်သည်။

စာရွက်တွေကို ဖတ်ပြီး လူသစ် ပီတိပြုံးကို ပြုံးမိလေသည်။ အင်္ဂလိပ်လိုရေးရမည့်နေရာတွေမှာ လက်တန်းရေးချထားသော သူမ၏





ပညာအရည်အချင်းကို လုံးဝလျှော့မတွက်ရဲတော့ပေ။ လုပ်သင့်တာကိုလည်း အကွက်စေ့အောင် လုပ်ထားခဲ့သေးသည်ကို ချီးမွမ်းခန်းဖွင့်ရလျှင် ဆုံးမည်မထင်။

တစ်ခုပဲ ဆုံးဖြတ်လိုက်ပါသည်။

မေမေ ဘယ်လောက်ပဲတားတား၊ မလိုလားမှုတွေ ဘယ်လောက်ပဲရှိနေပါစေ ... ရွှက်စိမ်းဆိုသော ကောင်မလေးကို သူမကိုယ်တိုင် အလုပ်မထွက်သွားမချင်း လက်တွဲသွားရန် ဆုံးဖြတ်လိုက်ခြင်းပါ။

"ဘော့(စ်) ... ကိုဇေယျက ပြောလိုက်ပါတယ် ... သူတို့ဆုံးဖြတ်ချက်တွေကို ပြင်ချင်ပါသေးသလားတဲ့၊ ပြင်ချင်ရင် အချိန်မီ ဖုန်းဆက်ပြောပါလို့ မှာလိုက်ပါတယ်"

လူသစ် စာရွက်တွေကိုဖတ်ပြီးချိန်မှာ ရွှက်စိမ်းအသံလေးက ကြည်လင်စွာ ပေါ်ထွက်လာလေသည်။

သူမကို လူသစ် လှမ်းကြည့်ပြီး မနက်က ဖုန်းထဲမှာ ဇေယျ ပြောလိုက်သော ကုမ္ပဏီနဲ့ပတ်သက်တဲ့ လုပ်ငန်းပိုင်းကို တင်ပြသွားတာများ အထစ်အငေါ့မရှိဘူးဆိုသည့်စကားအား သတိရသွား၍ မေးကြည့်လိုက်မိသည်။

"မင်း မနေ့က ဒီကုမ္ပဏီနဲ့ပတ်သက်ပြီး လုပ်ငန်းပိုင်းမှာ ဘာတွေတင်ပြခဲ့လဲ၊ ငါ ဘာမှမမှာလိုက်မိလို့ အဆင်ပြေအောင် ပြော



www.burmeseclassic.com

www.burmeseclassic.com



မှပြောခဲ့ရဲ့လား"

ရွက်စိမ်း ထိုင်နေရာမှထလာပြီး လူသစ်နားကို လျှောက်လာခဲ့သည်။

"ဟုတ်ကဲ့ ... ဘော့(စ်) မမှာလိုက်ပေမယ့် စိမ်း ပြောသင့်တယ်ထင်လို့ ပြောခဲ့မိပါတယ်၊ အဲဒီစကားအတွက် ဘော့(စ်) မကျေနပ်ရင် စိမ်းကို အပြစ်ပေးလို့ရပါတယ်"

"ဘာတွေများ ပြောခဲ့လို့လဲ"

"ဟိုနေ့တွေက အားနေတာနဲ့ စိမ်း ဖိုင်တွဲတွေကို ဖတ်ကြည့်နေမိတာ ... သွင်းကုန်နဲ့ ထွက်ကုန်စာရင်းတွေမှာ ထွက်ကုန်စာရင်းက ရောင်းအားလျော့နေသလားလို့၊ အဲဒါကြောင့် အလှကုန်ပစ္စည်းတွေတို့၊ မိန်းကလေးအသုံးအဆောင်ပစ္စည်းရော, ယောကျ်ားလေးအသုံးအဆောင်ပစ္စည်းရောပေါ့နော်၊ အဲဒါတွေကို ပို့နေတဲ့ ကုမ္ပဏီလက်ခွဲတွေကိုပဲ ပို့နေမယ့်အစား နယ်တွေဆင်းပြီး စတိုးဆိုင်ကြီးတွေကို အရောင်းမြှင့်တင်ရရင် ကောင်းမယ်လို့လေ ...၊

ဒါမှလည်း စိမ်းတို့ကုမ္ပဏီကထွက်တဲ့ ပစ္စည်းတွေကို နယ်ကလူတွေ မြန်မြန်သတိထားမိမှာပေါ့၊ အဲဒီအတွက်တော့ အရောင်းဝန်ထမ်းလေးတွေ ထပ်ရှာရပါလိမ့်မယ်"

သူမ,တင်ပြချက်ကို လူသစ် သုံးသပ်ကြည့်ပြီး ဘဝင်ကျ





သွားရသည်။

သူမ၏အရည်အချင်းကို ကြည့်ချင်၍ ဒီကုမ္ပဏီ၏ အလုပ်မှန်သမျှနှင့် အနေအထားကို ဘာမှမရှင်းပြသေး။ သူမဘာသာ မလေ့လာစေရန် ဒီအတိုင်းကြည့်နေမိသည်။

အခုတော့ သူမက လုပ်ရမည့်တာဝန်ကို အားလုံး ကွက်ကျော်မြင်တတ်လေသည်။ ဒါကိုပဲ ကျေနပ်၍ မဆုံးတော့။

"အေး ... ဟုတ်တယ်၊ မင်းတင်ပြတာတွေ အတော်ကိုလိုအပ်တာပဲ၊ ငါ ဒါတွေကို သတိမထားမိဘူး၊ အဲဒီတာဝန်ကို မင်းယူနိုင်ပါ့မလား ... ဝန်ထမ်းငှားဖို့နဲ့ နယ်ဆင်းရမယ့် ကိစ္စတွေကိုလေ"

"ဟုတ်ကဲ့ ... စိမ်း တာဝန်ထားပါ"

"ဒါဆို ဒီနေ့ကစပြီး လှုပ်ရှားတော့ကွာ"

"ဟုတ်ကဲ့"

"ဩော် ... ဟေ့"

"ရှင် ... ပြောပါ၊ ဘာပြောစရာကျန်သေးလို့လဲ"

လှည့်ထွက်မယ်ပြင်ပြီးမှ ပြန်ခေါ်လိုက်၍ ရွက်စိမ်း ပြန်လှည့်လိုက်ရင်း မေးလိုက်လေသည်။

"ဩော် ... မင်းကို နှိမ့်ချတာတော့မဟုတ်ဘူး၊ မင်းအနေ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အထားနဲ့ ဖုန်းတစ်လုံးတော့ ရှိသင့်တယ်လေ၊ မင်းပြောတော့ လမ်းဘေးက ဖုန်းဆက်နေရတာဆို၊ မနက်ဖြန် ဖုန်းတစ်လုံးဝယ်ပါ”

“ရပါတယ်”

ရွှက်စိမ်း ထိုသို့သာပြောပြီး စားပွဲဆီပြန်လျှောက်လာလေသည်။

လူသစ် ယောင်နနနှင့် ကြည့်နေမိ၏။ ဘယ်လိုလဲဟ ဆိုသည့်သဘောနှင့် ကြည့်နေမိခြင်းဖြစ်သည်။

ဟုတ်ကဲ့ . . . ဒါဆိုလည်း ဝယ်မယ်လေ၊ ဒါမှမဟုတ်လည်း ရှိထားရင်လည်း ရှိထားတယ်ပေါ့။ အခုတော့ မတင်မကျနဲ့ ပြောသွားလိုက်ပုံ။

ချိုးမွမ်းနေခါမှ ဖောက်ချင်လာပြီလားဆိုပြီး စိတ်တိုသွားကာ ခုနက ဖုန်းဆက်ထားသည်ဆိုသော လူတွေ၏နာမည်တွေကို ဖတ်ကြည့်နေလိုက်တော့သည်။ သူတို့ဆက်ရခြင်းအကြောင်းအရာတွေကိုပါ ဖတ်ကြည့်နေမိသည်။

လုပ်ငန်းပိုင်းကမဟုတ်ဘဲ တခြားကိစ္စများဖြစ်နေ၍ အသာထားလိုက်ပြီး လက်မှတ်ထိုးသင့်သည့် စာရွက်ပါ အကြောင်းအရာများကို အသေအချာဖတ်၍ လက်မှတ်ထိုးပေးခြင်းကို ပြုနေလိုက်လေသည်။





သူမကတော့ ဘာအလုပ်ပေါ်သွားသည် မသိ . . . အပြင်သို့ထွက်သွားလေရဲ့။ ဒီအချိန် ဖုန်းမြည်လာ၍ နားထောင်လိုက်မိသည်။

“ဟော့ကောင် ငလူ . . . မင်းကောင်မလေး အနားမှာရှိလား”

မနေ့က အစည်းအဝေးကိစ္စများ ပြောမလားမှတ်တယ် . . . မဆိုင်သည့်စကားက အရင်စလာ၍ ခုနက စိတ်တိုနေရတဲ့အထဲ ထပ်ဆင့်၍ စိတ်တိုသွားရကာ ခပ်မာမာပဲ ပြန်ပြောလိုက်မိသည်။

“ဘယ်လိုဖြစ်နေတာလဲ ဇေယျ . . . ဒါ အလုပ်ချိန်လေကွာ၊ မဆိုင်တာတွေ ဘာလို့မေးနေတာလဲ”

“အဟာ . . . မင်းကလည်း အလုပ်ချိန်လည်း တခြားကိစ္စပြောလို့မရဘူးလား၊ ဒါလေးမေးတာနဲ့ တိုနေပြန်ပြီ”

လာပြန်ပြီ တစ်ယောက်။

ဟိုနေ့ကလည်း ဘုန်းသစ်အောင်က ပြောသွားသေးသည်။ တိုစရာမရှိ တိုမနေနဲ့တဲ့။ ဘာတိုစရာရှိလို့လဲ။

ရွှက်စိမ်းကို အလုပ်မှာ တာဝန်ကျေ သိတတ်မှုတွေကိုသာ သဘောကျနေမိတာ။ ကျန်တာ ဘာမှ စိတ်မဝင်စား။ ဒါကို သူတို့က ဘာတွေဖြစ်လို့ ဒီလိုပြောကြမှန်း နားမလည်။

“ဘာဖြစ်သွားတာလဲ လူကလေး . . . ပြောလိုက်မှ ကောင်မလေးကို အသေအချာ ထိုင်ကြည့်နေတာလား . . . စိတ်လျှော့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



လူ စိတ်လျှော့၊ အဟင်း … မင်းလုပ်တာနဲ့ မေးမယ့်စကားတောင် မေ့သွားတယ်၊ မနေ့က သူထပြောတဲ့ မင်းကုမ္ပဏီကိစ္စကို မင်း ဘယ်လို သဘောရလဲ၊ သူ မင်းကိုပြောပြပြီးရောပေါ့”

“အေး … ပြောပြပြီးပြီ၊ ငါလက်ခံလိုက်ပြီ၊ အဲဒီကိစ္စ သူ ဆောင်ရွက်နေပြီ”

“ဟေ”

ဖေယျ အလွန်အမင်း အံ့သြသွားပါ၏။ ဒီကောင်မလေးကို တွေ့လိုက်တည်းက သွက်လက်ချက်ချာမှန်း သိပါသည်။ ဒီလောက် လျင်မြန်သွက်လက်လိမ့်မည် မထင်ခဲ့။ အခုတော့ ကြည့်ပါဦး … မနေ့က တင်ပြသည်၊ ဒီနေ့ အကောင်အထည်ဖော်နေပြီတဲ့။ လူသစ်တို့ လူရွေးတော်သွားခဲ့တာ ကံကောင်းသွားခဲ့လေသည်။

အဲဒီကောင်မလေးနှင့် နှိုင်းယှဉ်ခါမှ သူ့ဆီက စက္ကူထရီအား စိတ်ကုန်မိသည်။ ကိုယ်က ဒါလုပ်လိုက်ပါဆိုမှ လုပ်သည်။ ဟိုသွား လိုက်ပါဆိုမှ သွားသည်။ သူမဆီက အကြံဉာဏ်ဆို၍ ဘာမှမရ။ ပေးတဲ့တာဝန်ကိုတော့ ကျေပွန်အောင် ထမ်းဆောင်ပါရဲ့။ မနိုင်းသ၍ ဘာမှမလုပ်။ ဖေယျစိတ်ပျက်စွာ သက်ပြင်းချနေမိသည်။

ဒီဘက်မှာတော့ လူသစ် လွှန့်လွှန့်လေးပြုံးကာ မထိလေး စားဖြင့် ဖေယျအား မေးလိုက်လေသည်။





“ဒါပဲမဟုတ်လား ဖေယျ … ငါ့မှာ အလုပ်တွေရှိသေးတယ်၊ ဖုန်းပိတ်လိုက်မယ်နော်၊ ငါ့ကုမ္ပဏီက တင်သွင်းတဲ့ပစ္စည်းတွေအတွက် မင်းလည်း လုပ်ငန်းစသင့်ပြီ၊ နောက်မှ ဆက်ဖောကြတာပေါ့”

လူသစ် အရင်ဦးအောင် ဖုန်းပိတ်လိုက်ပြီး သူ လူရွေးတော် တဲ့အကြောင်း၊ လူကဲခတ်တော်တဲ့အကြောင်းများအား တွေးလိုက်တိုင်း အကျေနပ်ကြီး ကျေနပ်နေတော့သည်။

ဖေယျ၏အသံကို ကြားလိုက်ရုံနှင့် သူရွေးလိုက်သော စက္ကူ ထရီကို ဘယ်လောက်အထင်ကြီးသွားပြီလဲဆိုတာ သိသာနေလေ သည်။ အထင်ကြီးအောင်လည်း သူမက လက်တွေ့ပြလိုက်ပြီ မဟုတ် ပါလား။

မကြာခင်မှာပဲ ရှက်စိမ်း ရုံးခန်းထဲကို ပြန်ဝင်လာပြီး လူသစ်ထံ တန်းတန်းမတ်မတ် လျှောက်လာခဲ့သည်။

“စိမ်း ဝန်ထမ်းတွေကို အရေးပေါ် အစည်းအဝေးလုပ်ဖို့ ဒီနေ့ခင်း ၁၂–နာရီကို ခေါ်ထားပါတယ်၊ နယ်ဆင်းဖို့နဲ့ ဝန်ထမ်း ယပ်ခေါ်ဖို့က သူတို့ထဲမှာ တာဝန်ယူနိုင်မယ့်သူ ရှိ မရှိ မေးကြည့် ချင်လို့ပါ၊ ဒါမှ မရှိဘူးဆိုရင်လည်း သတင်းစာထဲကထည့်ပြီး ကြော် ငြာရမှာမို့ ခပ်မြန်မြန်ပဲ အစည်းအဝေးခေါ်လိုက်ပါတယ် …၊

မနေ့က စိမ်းတင်ပြလိုက်တာကို အားလုံး သဘောကျကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ၊ ဒီတော့ သူများတွေမလှုပ်ရှားခင် စိမ်းတို့က အရင်လှုပ်ရှားမှ ဖြစ်မယ်မဟုတ်လား''

လခရ ပြီးရောဆိုတဲ့ သဘောမျိုးနဲ့မဟုတ်တဲ့ ကုမ္ပဏီအပေါ်မှာ တကယ့်စိတ်ရင်းနဲ့ တက်တက်ကြွကြွ ဆောင်ရွက်နေသော ရွှက်စိမ်း၏လုပ်ဆောင်ချက်ကို လူသစ် ငြင်းစရာမရှိ၊ ဒါကြောင့် ခေါင်းညိတ်လက်ခံလိုက်သည်။

ထို့ကြောင့် တစ်နေ့တည်းနှင့် ကုမ္ပဏီကဝန်ထမ်းတွေထဲကပဲ နယ်ဆင်းရန် လူရွေးခြင်း၊ တာဝန်ပေးခြင်းများကို လုပ်ဆောင်နိုင်ခဲ့လေသည်။

ဒါကိုလည်း ရွှက်စိမ်းကပဲ ဦးဆောင်ကာ လုပ်ဆောင်သွားခဲ့ခြင်း ဖြစ်ပါသည်။

ထိုနေ့က အိမ်ပြန်လမ်းတစ်လျှောက် ကျေနပ်မှုတွေ အပြည့်အဝ ရင်မှာပိုက်၍ လူသစ် ပျော်ရွှင်မဆုံး ဖြစ်နေခဲ့ရလေသည်။

အရင်ကဆို တစ်ယောက်တည်းဦးနှောက်ဖြင့် စဉ်းစား ဆုံးဖြတ်ခဲ့ရတာ။

အခုတော့ တိုင်ပင်ဖော် တိုင်ပင်ဖက်လို့ ပြောရမှာတောင်မလုံလောက်တော့၊ သူမ၏အကြံဉာဏ်များကိုပင် ရရှိနေသည် မဟုတ်ပါလား။





ဒီတော့ လူသစ်မှ ပျော်ရွှင်မဆုံး ဖြစ်မနေလျှင် ဘယ်သူလာ၍ ပျော်ရွှင်ပါမည်နည်း။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"သမီး"

"ပြောပါ ဖေဖေ . . . စိမ်း နားထောင်နေပါတယ်"

ကုမ္ပဏီနဲ့ပတ်သက်တဲ့ စာအုပ်တွေကို လေ့လာဖတ်ရှုနေစဉ် ဖခင်ထံမှ ဖုန်းဝင်လာ၍ စာအုပ်တွေကို ဘေးဖယ်လိုက်ရင်း ရွှက်စိမ်း ဖုန်းနားထောင်လိုက်သည်။

"အဆင်ပြေရဲ့လားလို့ မေးမယ်စိတ်ကူးတာ၊ ဖေဖေ့သမီး စိတ်ဓာတ်ကိုသိနေလို့ အဲဒီအကြောင်း မမေးတော့ပါဘူး။ ကျန်းမာရေး ကို ဂရုစိုက်ဖို့ပဲ မှာတော့မယ် သမီးရယ်"

"ဟုတ်ကဲ့ . . . စိတ်ချပါ ဖေဖေ၊ စိမ်း ကျန်းမာရေးကို ဂရု





စိုက်ပါတယ်၊ အခုမှ စိမ်း နောင်တတွေရနေတာ ဖေဖေ၊ ဖေဖေ့ဆီက အကြင်နာ အယုအယတွေ မရ,ရကောင်းလားဆိုပြီး ဘဝကို အရွဲ့တိုက် နေမိတာ နှစ်နှစ်လောက် အချိန်တွေ ကုန်သွားခဲ့တယ် . . .၊

ကိုလှူသစ်ကိုလည်း ကျေးဇူးတင်ပါမိပါတယ်၊ သူနဲ့ တိုက် ဆိုင်စွာ တွေ့ပေးလိုက်တဲ့ ကံကြမ္မာကိုလည်း ကျေးဇူးတင်မိတယ် ဖေဖေ၊ သူ့ကုမ္ပဏီမှာ အလုပ်ဝင်ဖြစ်တာ အတော် ကံကောင်းသွား တယ်၊ နို့မို့ဆို စိမ်း ဘယ်အထိ လေလွင့်နေဦးမလဲ မသိဘူး . . .၊

အဲဒါကြောင့် အလုပ်ကို အလုပ်နဲ့တူအောင်လုပ်ပြ၊ ကုမ္ပဏီနဲ့ ပတ်သက်တာတွေကိုလည်း လေ့လာနေမိတယ် ဖေဖေ၊ ဒါမှ တစ်ချိန် ဖေဖေ့ကို အနားပေးနိုင်လောက်အောင် ကျွမ်းကျင်နေအောင်လို့ပါ"

ဦးရန်နိုင် ဝမ်းသာလွန်း၍ မျက်ရည်စို့ရလေသည်။ အနား မှာသာ သမီးလေးရှိနေပါက ရင်ခွင်ထဲသွင်းပြီး ဖက်ထားလိုက်ချင်ပါ ၏။

သူ့အပေါ်ကို နားလည်ပေးလိုက်ပြီး ရှေ့ရေးအတွက်ပါ စဉ်း စားပေးသော သမီးလေးအား ပို၍ပင် အချစ်တွေ တိုးရပါလေသည်။ ကျေးဇူးလည်း တင်လိုက်သည့်ဖြစ်ခြင်း။

အခု ကြားရသည့်လေသံအရ သမီးလေး စိတ်ချမ်းသာနေ ပုံရသည်မို့ စိတ်ချသွားရကာ ကျေနပ်မှုများနှင့် သမီးလေးအား ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်မိပါသည်။

"ဖေဖေဝမ်းသာလိုက်တာ သမီးရယ်၊ ဖေဖေ့သမီးလေး အခု လောက် နားလည်မှုရှိလာတာ အလုပ်ထဲရောက်လို့ ရင့်ကျက်သွားတာလားကွယ်၊ ဒါဆို ဖေဖေတို့ အဆိုးထဲကအကောင်းကို တွေ့ကြတာပဲ၊ ဆက်ကြိုးစားပါ သမီး ... ဖေဖေလည်း ဒီကအလုပ်တွေကို ပြတ်အောင်ဖြတ်ပြီးရင် မြန်မာပြည်ကို အပြီးပြန်လာတော့မှာပါ"

"ဟုတ်ကဲ့ပါ ဖေဖေ ... ဒီမှာ အလုပ်ကို စိတ်ပါလက်ပါ လုပ်ရင်း ဖေဖေပြန်လာမယ့်နေ့ကို သမီးစောင့်မျှော်နေပါ့မယ်၊ ဖေဖေ့ကိုသတိရတိုင်း အလုပ်ကို ပိုကြိုးစားပါ့မယ်လို့ သမီး ကတိပေးပါတယ်"

ဦးရန်နိုင် မြန်မာပြည်ကို ချက်ချင်းပြန်ပြေးလာချင်လောက် အောင် သမီးလေးရဲ့စကားတွေက ရင်ကို အေးမြစေပါတော့သည်။

"စိတ်ချပါ သမီးရယ် ... မကြာခင် ဖေဖေပြန်လာနိုင်အောင် ကြိုးစားပါ့မယ်"

လို့ ရင်ထဲက ပြောနေမိ၏။

သားအဖနှစ်ယောက် အတူတူပြန်နေနိုင်ဖို့အရေး ကြိုးစား လာခဲ့သမျှတွေ ကြိုးစားရကျိုးနပ်ခဲ့ပါသည်။ သမီးရဲ့ စကားတစ်ခွန်းက ပဲ အားဆေးတစ်ခွက် ဖြစ်ခဲ့ပါပြီ။

❦ ရေစကားစာပေ ❦



"လိမ္မာရေးခြားရှိတဲ့ သမီးလေး ကျန်းမာစွာဖြင့် မျှော်လင့် သောပန်းတိုင်ကို ရောက်ပါစေ"

ဟု ဆုတောင်းပေးမိလေသည်။

"သမီးလေး ... အခု ဘာလုပ်နေလဲ"

"ကွန်ပျူတာနဲ့ပတ်သက်တဲ့အကြောင်းတွေ လေ့လာနေပါတယ် ဖေဖေ၊ ဒါတွေဖတ်ပြီး လက်တွေ့လည်း အသုံးချကြည့်နေပါတယ်၊ လေ့လာရင်းနဲ့ အတော်လေးကို လုပ်ငန်းသဘောတွေ နားလည်နေ ပါပြီ"

"ကောင်းတယ် ကောင်းတယ် သမီး ... ညဉ့်နက်အောင် တော့ မနေနဲ့နော်၊ စောစောအိပ်ရာဝင်ပါ"

"ဟုတ်ကဲ့"

"ဒါဆို ဂွတ်နိုက် သမီးရယ် ... ကောင်းသောညချမ်းပါ ကွယ်"

"ဟုတ်ကဲ့ ... ဖေဖေလည်း ဒီည ကောင်းသောအိပ်စက် ခြင်းနဲ့ အိပ်စက်နိုင်ပါစေလို့ စိမ်း ဆုတောင်းပေးလိုက်ပါတယ် ဖေဖေ"

သားအဖနှစ်ယောက် နှုတ်ဆက်ကြပြီး စကားပြောခြင်းကို ရပ်နားလိုက်သော်လည်း စိမ်း ဟန်းဖုန်းလေးကို ရင်မှာပိုက်ထား၍ ငေါင်နေဆဲဖြစ်၏။

❦ ရွှေစကားစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



အရင်ကဆို ဒီလိုညမျိုးတွေမှာ တစ်ယောက်တည်း အထီးကျန်စွာ နေရခြင်းအတွက် ဘဝကို စိတ်တိုင်းမကျသမျှ ငိုလျှင်ငို၊ မငိုလျှင် တစ်ခုခုကို ပေါက်ခွဲပစ်လိုက်မြဲ။

ဤသို့ဖြင့် စိတ်ထွက်ပေါက်ကို ရှာခဲ့မိသည်။

အကြောင်းမရှိ အကြောင်းရှာကာ တိုင်းတစ်ပါးတွင် အလုပ်သွားလုပ်နေသော ဖခင်အား အပြစ်မြင်နေမိ၏။ အနားမှာရှိနေသော ဒေါ်လေးကလည်း သူမအား နွေးထွေးမှုမပေးလေတော့ ပို၍ ရင်မှာ အနာတရတွေ ဖြစ်နေရသည်။

အဲဒါကြောင့်လည်း ဒေါ်လေးလည်း နေချင်သလိုနေ၊ သူမလည်း နေချင်သလိုနေမည်ဟု အရွဲ့တိုက်ကာ ဖေဖေ့ရော သူမပါ မြတ်နိုးလှသည့် တင်ပါးဖုံးနေပြီဖြစ်သော ဆံပင်တထွေးကြီး ညှပ်ပစ်လိုက်ခြင်း ဖြစ်သည်။

ယောက်ျားလေးပုံစံပြောင်းကာ ဒေါ်လေး အိမ်ကထွက်တာနှင့် သူမလည်း အိမ်ကထွက်ကာ နေကုန်မှ အိမ်ပြန်လာတတ်လေ၏။

ကျောင်းတက်နေစဉ်ကတော့ သူငယ်ချင်းတွေနှင့် ပြောလိုက်ဆိုလိုက်မို့ ဒီလောက်မခံစားရ၊ ကျောင်းပြီးကတည်းက သူငယ်ချင်းတွေ အလုပ်ထဲရောက်ကုန်ကြချိန်၊ အိမ်မှာ အနေများလာတော့မှ တစ်ယောက်တည်း ချောက်ချားစပြုလာခဲ့ခြင်း ဖြစ်သည်။





မကြာခဏ မီးဖိုချောင်ဝင်ပြီး မိတ်ဆွေတို့သားအမိနှင့် ချက်ပြုတ်စားသောက်ရတာကိုလည်း စိတ်မဝင်စားတော့။

ခြံထဲဆင်းပြီး ပန်းပင်လေးတွေ မြေပြင်လိုက်၊ ရေလောင်းလိုက် ဆိုတဲ့ အလုပ်တွေကလည်း သူမကို ဘယ်လိုမှ အဖော်မပြုနိုင်ခဲ့။

အဲဒီထဲက ရှက်စိမ်းတစ်ယောက်၊ ကွန်ပျူတာသင်တန်းတက်ခြင်း၊ နိုင်ငံခြားဘာသာစကားပြောသင်တန်းတွေ တက်ခြင်းနှင့် ကိုယ်ခံပညာအနေနှင့် အခြေခံလောက်တတ်ထားရန် တိုက်ကွမ်ဒိုနည်းပညာတို့အား သင်ကြားရင်းဖြင့် သူမဘဝကို ထိုကိစ္စတွေထဲမှာသာ နှစ်မြှုပ်ထားခဲ့မိလေသည်။

အခုတော့ မထင်မှတ်ဘဲ လူသစ်ဆိုသော ကယ်တင် ရှင်နှင့် ထူးဆန်းသောဖြစ်ရပ်လေးပါ တွေ့ဆုံခဲ့ရသည်။

ထူးဆန်းစွာပဲ သူမကို ယုံကြည်စွာ အမေးအမြန်း အစစ်အဆေးမရှိ စက္ကူထရီခန့်ခဲ့လေသည်။

လူပုံစံကိုကြည့်ပြီး ယုံကြည်အားကိုးစွာ အကူအညီတောင်းခဲ့ခြင်း ဖြစ်၏။

သူမဘဝက ထူးဆန်းသောအဖြစ်များကို ဆက်တိုက် တွေ့ကြုံခဲ့ရလေသည်။

တခြားသူတွေလို လျှောက်လွှာတင်ခြင်း၊ လူတွေ့စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတို့ မပြုလုပ်ရဘဲ အလွယ်တကူပင် အလုပ်ရခဲ့ပါ၏။ ထိုင်စားလို့ရနေသည့်ဘဝမှာ အချိန်ဖြုန်းနေမယ့်အစား အလုပ်ပေးမယ့်သူရှိတုန်း အလုပ်ဝင်လုပ်လိုက်မိသည်က နေရာမှန် လူမှန်ဖြစ်သွားခဲ့သည်။ မှန်ကန်စွာ ဆုံးဖြတ်လိုက်သော သူမ၏ဦးနှောက်အား စိန်စီထားလိုက်ချင်ပါ၏။

အဲဒါကြောင့် ကိုယ်ကျိုးတစ်ခုတည်းမကြည့်တဲ့ သူမ၏ ကာယတင်ရှင် ကိုလူချောကြီး၏အကျိုးကိုပါ ရည်မျှော်၍ စေတနာအပြည့်အဝဖြင့် ဆောင်ရွက်နေမိခြင်း ဖြစ်ပါသည်။

သူ့ကိုလည်း ကိုယ့်အလုပ်ရှင်ဟု စိတ်ထဲမှာထားကာ ရိုသေစွာဆက်ဆံခဲ့ပါသည်။ ဒီလိုတွေးလိုက်မှ သူမအား ဖုန်းတစ်လုံးဝယ်ရန်ပြောလိုက်သောအကြောင်းဆီ အတွေးရောက်သွားရ၏။

သူမရင်ခွင်မှာ ပိုက်ထားသောဖုန်းကို ကြည့်ပြီး ရယ်ချင်သွားတော့သည်။

သို့ပေမယ့် မရယ်ဖြစ်ပါ။

အလုပ်ရှင်ဆိုပြီး မာန်မာန မရှိ အားလုံးကို တန်းတူဆက်ဆံ၍ မိမိ၏အလုပ်သမားတွေအပေါ် နားလည်မှုရှိသော၊ စာနာသောစိတ်ထားရှိသည့် လူသစ်ဆိုသော သူ့အား လေးစားကြည်ညိုမိနေပါ၏။





သူမ ဘယ်မှာနေသည်ကိုပင် တစ်ခါမှမစပ်စုသော စိတ်ထားကိုလည်း မလေးစားဘဲ မနေနိုင်အောင်ရှိရလေသည်။

တကယ့်အဖြစ်မှန်ကို သိသွားခဲ့သော် မည်သို့ရှိမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အဆင့်မြင့်ဟိုတယ်တစ်ခု၏ သီးသန့်ခန်းတစ်ခုအတွင်း၌ ဖြစ်သည်။

"ဟ . . . မင်းအဖြစ်ကလည်း ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲက အတိုင်းပါပဲလားကွ၊ ဒါကြောင့် ဒီကောင်မလေး ဆံပင်တိုတိုလေး ဖြစ်နေတာကို။ နေပါဦး . . . သူက ဘာဖြစ်လို့ ယောကျ်ားလေးလို နေရတာလဲတဲ့၊ မင်းပြောလို့သာ ကြားရတာ . . . အခုတော့လည်း တကယ့်မိန်းကလေးပုံစံပါပဲကွ"

"အေး . . . အဲဒါကိုပဲ ငါအံ့သြတာပေါ့၊ အဲဒီနေ့က ငါ ယောကျ်ားလေးက မိန်းမချော ချောတာလို့ကို ထင်ထားခဲ့တာပါ





ကွာ၊ မင်းတွေ့ရင်လည်း အဲသလိုပဲ ထင်မှာ၊ ဘာဖြစ်လို့ အဲဒီပုံစံဖြစ်နေရတာလဲဆိုတာကို ငါမေးကြည့်ပါတယ်၊ ငါ့ကို ဘုတောလိုက်လို့ ဆက်မမေးဖြစ်တော့ဘူး။ အခုလည်း တစ်ခါမှကို စကားမစပ်မိဘူး၊ အလုပ်ထဲမှာ အလုပ်ကိစ္စနဲ့ပဲ ပြီးနေတာမဟုတ်လား . . .၊

ပြီးတော့ ခင်းလေးက မိန်းကလေးဝိသသွားပြန်တော့လည်း ဣန္ဒြေကြီး တစ်ခွဲသားနဲ့ ကိုယ့်လူရေ၊ ငါ့ကိုလည်း အလုပ်ရှင်လို သဘောထားပြီး တလေးတစားပဲ ဆက်ဆံတယ်၊ ဟိုတစ်ခါတွေ့ရတဲ့ ကြွပ်ဆတ်ဆတ် ပေစောင်းစောင်းပုံစံတွေ ဘယ်ရောက်ကုန်လဲ မသိတော့ဘူး"

"ဟား ဟား ဟား"

ဇေယျနှင့်လူသစ်တို့ အလုပ်အားသော ညနေခင်းလေးတစ်ခုမှာ ချိန်းဆိုလိုက်ကြပြီး ရောက်တတ်ရာရာ ပြောဆိုနေကြခြင်း ဖြစ်သည်။

ထိုရောက်တတ်ရာရာတွေထဲတွင် လူသစ်နှင့် ရွှက်စိမ်းတို့ တွေ့ဆုံပုံကို အလေးထားပြောနေမိကြလေသည်။

ရွှက်စိမ်းအား တွေ့စမှာ သူ လူကဲခတ်မှားသွားကြောင်းကို ပြောပြနေခြင်းကြောင့် ဇေယျ အူလှိုက်သည်းလှိုက် ရယ်နေမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လှသစ် ရှက်ရယ်ရယ်လျက် အမြည်းအဖြစ် မှာထားသော ပုစွန်တုပ်သုပ်ပန်းကန်အား လက်နှင့် ဟိုလှည့်ဒီလှည့် လုပ်နေမိသည်။

ရယ်လို့အားရသွားသည်နှင့် ဖေယျ လက်ထဲက ဘီယာခွက်ကို ပြန်ချပြီး ဆက်၍မေးပြန်သည်။

"အဲဒီကိစ္စနဲ့ မင်းမားသားကြီး တင်းသွားတယ်ဆိုပါတော့"

"အေးကွ ... ငါ့ပြောနေကျ စကားအတိုင်းပေါ့ ... ငါ့နားမှာ အလုပ်လာလုပ်မယ့်သူကို ငါ့ဘာသာငါ ရွေးချယ်ချင်တာ၊ မေမေရွေးလိုက်တဲ့သူကို ငါက စိတ်တိုင်းမကျတော့ ဘယ့်နှယ်လုပ်မလဲ၊ အဲဒါကို မေမေက သဘောမပေါက်တဲ့အပြင် နားလည်မှုမပေးနိုင်ပြန်ဘူး"

ဓားနှင့်လှီးဖြတ်ထားသော ပုစွန်တုပ်အပိုင်းလေးတစ်ပိုင်းကို လှသစ် ခက်ရင်းနှင့်ထိုးယူလိုက်ပြီး စိမ်ပြေနပြေဝါးရင်း ရှင်းပြနေမိသည်။

"ဒါနဲ့ပဲ မင်းကို မိန်းမပေးစားဖို့ ဖြစ်လာရောလား"

"အဲဒီကိစ္စနဲ့ပတ်သက်တာ, မပတ်သက်တာတော့ မသိဘူးကွ၊ ဓာတ်ပုံတစ်ပုံပေးပြီး ငါ့ကိုချုပ်နှောင်လိုက်တာပဲ၊ ကိုကိုနဲ့ မမလေးတို့တုန်းကလည်း မေမေရှာပေးတာကိုပဲ ယူလိုက်ကြတာလေ၊ ငါ့ကိုလည်း ဒီအတိုင်းပဲပေါ့၊ ကိုယ့်အစွမ်းအစမရှိတဲ့ ငါ့ဘဝက မေမေပြု





သမျှ နုရမှာပဲပေါ့ကွာ"

ရယ်ဟာဟာနှင့်ပြောလိုက်သော လှသစ်အား ဖေယျ အကဲခတ်သလို မျက်ခုံးပင့်ကြည့်၍ ...

"ဒီတစ်ခါလည်း မင်းအစွမ်းအစကို ထုတ်သုံးလိုက်ပေါ့ကွာ၊ မင်းစက္ကုထရီလည်း မဆိုးပါဘူး၊ မေမေရယ် ... သားကို ဒီတစ်ခါလေးလည်း ခွင့်လွှတ်ပါလို့ အသနားခံလိုက်ပေါ့ ... မဟုတ်ဘူးလား ... ဟား ဟား ဟား"

ထိုသို့ပြောပြီး ဖေယျ သူ့ဘာသာ သဘောတွေကျကာ ရယ်နေပြန်တော့သည်။

အရက်ငွေ့ရန်ပြင်နေသော လှသစ်လက် ရပ်တန့်သွားပြီး တဟားဟားနှင့် ရယ်နေသော ဖေယျအား စူးစိုက်စွာပြန်ကြည့်လိုက်ရင်း ...

"မင်းကတော့ ဘာရယ်မဟုတ်ဘူး ... နောက်လိုက်တာပဲ၊ အဲဒီစကားသာ မေမေကြားလို့ကတော့ ငါ့ကို အခုချက်ချင်းပဲ မိန်းမပေးစားမလားမသိဘူး၊ မင်းသာ ရွှက်စိမ်းကို တစ်ခါလေးတွေ့ဖူးတာနဲ့ ပါးစပ်ထဲက မထွက်ဖူးဖြစ်နေတာ၊ ငါတော့ နေ့တိုင်း တွေ့နေလျက်နဲ့ ဘယ်လိုမှကို စိတ်ထဲမနေဘူး"

ဟိုတစ်ခါဖျော်ရည်ခွက်သွန်မိသည်ထိ စိတ်ထဲ လှုပ်ရှားသွား



www.burmeseclassic.com

www.burmeseclassic.com



ရတာကိုတော့ လူသစ် ချန့်လှပ်ထားမိပါသည်။ တကယ်လည်း နောက်ထပ် ဘယ်လိုမှ စိတ်ထဲမနေခြင်းကလည်း အမှန်တကယ် ဖြစ်နေခြင်းကြောင့် ထိုသို့ပြောမိခြင်းဖြစ်ပါ၏။

"ဒါဆို ငါ လှုပ်ရှားရမလား။ အဲဒီတော့မှ လွတ်တဲ့ငါး မကြီးပါနဲ့နော်"

"ဒါက မင်းသဘောပါ ... ဒါပေမဲ့ အမှန်အကန်တော့ ဖြစ်စေချင်တယ် ဖေယု"

အလုပ်လုပ်သမျှ အောင်မြင်နေပြီး ငွေကို ရေလိုသုံးနိုင်နေသော ဖေယုတစ်ယောက် ဘာကိုမှအတည်တကျမရှိတဲ့ ရှက်ကျပင်လိုသဘောထားတတ်သော စိတ်ခါတ်လေးသိနေ၍ လူသစ် သတိပေးရခြင်း ဖြစ်သည်။

ကိုယ် ရည်ရွယ်မထားပေမယ့် ကိုယ်နဲ့ဆက်နွယ်ပြီး သူတစ်ပါး မနစ်နာစေလို၊ အထူးသဖြင့် ခေတ်၏သမီးပျို ဖြစ်သော်လည်း အခြားမိန်းကလေးတွေလို ဖလန်း ဖလန်းလေး မဟုတ်တာကြောင့် သူငယ်ချင်းဖြစ်သူအား သတိပေးမိခြင်း ဖြစ်ပါပေသည်။

ရှက်စိမ်းအတွက် ပူပင်သွားမိသည့်စိတ်အား ဘယ်လိုမှ ဖုံးဖိချိန် မရလိုက်။ မျက်နှာမရွှင်မပျဖြင့် ပြောလိုက်မိခြင်း ဖြစ်သည်။

ဒါကို ဖေယု အငိုက်ဖမ်းဖြစ်အောင် ဖမ်းလိုက်လေသည်။







"ဘယ်လိုဖြစ်တာလဲကွာ ... ငါ အတည်မကြံမှာ စိုးရိမ်နေလည်း အရင်ပုံစံအတိုင်း ပျော်စေပျက်စေပုံစံနဲ့ နောက်သလို ပြောင်သလိုပြောလည်း ရပါတယ်ကွာ၊ အခုတော့ မင်းပုံက မျက်စိမျက်နှာကို ပျက်သွားတာပဲ"

ဟု ဖေယုကပြောလိုက်လေရာ လူသစ် ရှက်အမ်းအမ်း အမူအရာဖြင့် ချက်ချင်းပင် ဖြေလိုက်လေသည်။

"မင်းကလည်း တစ်ဆိတ်ရှိ ငါ့ကိုပဲ အပြစ်မြင်နေတော့တာလား၊ ငါက မင်း ဖွန်ကြောင်တတ်မှန်းသိလို့ သတိပေးနေရတာကွ၊ တခြားသူ့တွေနဲ့က ကိစ္စမရှိဘူး ... အခုဟာက ငါ့စက္ကူထရီလေ၊ မင်းကြောင့် သူ့အလုပ်ထွက်သွားရင် ငါနစ်နာတာပေါ့၊ ဒါကြောင့် ကြိုတင်သတိပေးရတာ ...၊

ငါ့မှာက မေမေစီစဉ်ပြီးသား ရှိနေမှ ဘာစိတ်ညစ်ခံတော့မလဲကွာ၊ ဒီတစ်ခါ မေမေကိုဆန့်ကျင်လိုက်ရင် ငါ့ကို သေခန်းဖြတ်လိမ့်မယ် ဟေ့ကောင်"

မှင်သေသေနှင့် အလျှောက်ကောင်းသွား၍ ဖေယု ဝေဖန်ခြင်းကို အဆုံးသတ်လိုက်လေသည်။

"နေပါဦးကွ ... မင်းအမေရွေးထားတဲ့ သူ့ချွေးမလောင်းပုံ ငါ့လည်း တစ်ခါလောက်ပြပါဦး ... တော်တော်ချောလား"



www.burmeseclassic.com

www.burmeseclassic.com



ဖေယျ အမေးစကားကြောင့် လှသစ် ရယ်ကျဲကျဲဖြင့် ...

"အဟွန်း ... ငါ တစ်ခါမှတောင် မကြည့်မိသေးဘူး"

"အမ်"

မျှော်လိုက်သည့် ရှမ်ပိန်အရသာပင် ပျက်သွားရသည့်ထိ ဖေယျ အံ့ဩသွားရလေသည်။ နားမလည်သော မျက်ဝန်းများဖြင့် လှသစ်အား ကြည့်လျက် ...

"ဘယ်လိုဟာကြီးလဲကွ ... မင်းဟာက ဘယ်လိုပုံစံရှိလဲ ဆိုတာလောက်တော့ ကြည့်ထားသင့်တာပေါ့ဟ"

"မယုံမရှိနဲ့ ဖေယျ ... အဲဒီဓာတ်ပုံတောင် ပျောက်နေတယ် ကိုယ့်လူ၊ အဲဒီလောက် ငါ စိတ်ဝင်စားတာ၊ မင်းစဉ်းစားကြည့်လေ ... ဓာတ်ပုံကြည့်လည်း အလကားပဲ၊ မကြည့်လည်း အလကားပဲ၊ အချိန်တန် ချစ်ချစ်,မချစ်ချစ် လက်ထပ်ရမှာပဲဟာ၊ ကြည့်ထားတော့ရော ဘာထူးမှာမို့လဲ"

အရက်မူးလို့ ပြောနေတဲ့စကားမဟုတ်မှန်း ဖေယျသိနေပါ၏။ နှစ်ပေါင်းများစွာ အတူတွဲလာသော သူငယ်ချင်း၏အကြောင်းကို မိမိ သိနေသည်ပဲ။ ဒီကောင် တကယ်ကို စိတ်ဝင်စားပုံမရမှန်း သိလိုက်ပါပြီ။

အခုထိ ချစ်သူမရှိသေးသော သူငယ်ချင်းမှာ စားချိန် အိပ်ချိန်မှ





လွဲလျှင် အချိန်ပြည့် အလုပ်တာဝန်တွေ ပိနေခဲ့တာကြောင့် မိန်းကလေး ကိစ္စနှင့်ပတ်သက်သည့်အကြောင်းများ သူ့နှတ်ဖျားက တစ်ခါမှ မကြား စဖူး။ မိခင်ပေးသောဓာတ်ပုံကို စိတ်မဝင်စား၍ မကြည့်ဆိုတာ ဖြစ်နိုင်ခြေ အများကြီးရှိနေပါသည်။

မိမိလိုလည်း ဘာဘာညာညာ ရှုပ်ထွေးသည့်ကိစ္စတွေဆို ပိုလို့တောင် ဝေးသေး။ ဒီကောင် အသည်းနှလုံးမှ ရှိရဲ့လား။ ဒါမှမဟုတ် သူ့ရဲ့မြားနတ်မောင် တစ်ချောင်ချောင်မှာ အိပ်ပျော်နေလေရောသလား ဟု ရှမ်ပိန်ကို ဖိမ်နှင့်သောက်ရင်း ဖေယျ နှတ်ဆိတ်ကာ တွေးနေဖြစ် လေသည်။

မိမိသာဆို နေ့တိုင်း တွေ့နေမြင်နေရသော ရွက်စိမ်း၏ အချောအလှမှာ ယစ်မူးမိမှာ မလွဲ။

အခုတော့ မိမိဘက်က ရွက်စိမ်းအပေါ်ထားသည့် သဘော တရားတွေကို ထုတ်ပြောနေတာတောင် ဒီကောင် မတုန်မလှုပ်နဲ့ စဉ်းစားရခက်စွာ နဝေတိမ်တောင်နှင့်။

ထိုနေ့က သူတို့နှစ်ယောက် လမ်းခွဲထွက်ခဲ့ကြလေသည်။

အပြန်လမ်းတစ်လျှောက်မှာ ဖေယျက သူ့သူငယ်ချင်း၏ သဘောထားကို အပြန်ပြန်အလှန်လှန် တွေးတောမိသလို ...

လှသစ်သည်လည်း သူငယ်ချင်းအရှေ့မှာ ဟန်ဆောင်နေခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သမျှ တစ်လမ်းလုံး အိမ်ရောက်သည်အထိ တွေးလာမိသည်ကား ရွက်စိမ်းအကြောင်းပင် ဖြစ်ရပါ၏။

♥ ♥ ♥





## အခန်း (၁၀)

"ဟင် အန်တီ . . . ဘာဖြစ်တာလဲ၊ ကိုင်လိုက် ကိုင်လိုက် . . . စိမ်းလက်ကို ကိုင်လိုက်၊ လာ အန်တီ . . . ဒီနားမှာ ခဏလေး ထိုင်လိုက်ရအောင်"

ပလာဇာထဲကအထွက် ဆိုင်ဝတွင်ရပ်ကာ ရင်ဘတ်ကိုဖိပြီး မျက်လုံးစုံမှိတ်ထားသော အမျိုးသမီးကြီးတစ်ယောက်အနားသို့ ရွက်စိမ်းပြေးသွားကာ ဖေးမကူညီလိုက်ရင်း လှမ်းရှင်းသည့်နေရာကို တွဲခေါ်လာခဲ့မိသည်။

ဒေါ်ဝတီစိုးကလည်း ကိုယ့်ကိုယ်ကိုယ် မဟန်တော့မှန်းသိ၍ တွဲခေါ်လာသည့်နောက်ကို အလိုက်သင့်လိုက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... အဖော်မပါဘူးလား။ စိမ်း ဘာကူညီရမလဲ ဟင်၊ ဆေးခန်းပို့ပေးရမလား"

ကရားရေလွှတ် တတွတ်တွတ်မေးနေသော ကောင်မလေးအား အသက်ကို မှန်မှန်ရှူကာ ဒေါ်ဝတီစိုး မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်လျက် မော့ကြည့်မိသည်။

ယောကျ်ားခေါင်းဆံပင်နှင့် ဖြူနုတဲ့မျက်နှာလေးကို မိတ်ကပ် ပါးပါးလူးပြီး နားပေါက်မရှိသောနားတွင် ကျောက်စိမ်းကို နားကွင်းပွပွ သေးသေးလေး ဆင်မြန်းထားပုံက မြင်ရသူတိုင်းကို ချစ်စရာလေးဟယ် ဟု ပြောရလောက်အောင် တကယ်ကို ချစ်စရာကောင်းနေပါသည်။

ရင်ထဲကျပ်ဆို့ပြီး အသက်ရှူမဝဖြစ်သွားသော ဒေါ်ဝတီစိုးမှာ တဒင်္ဂ မှင်တက်မိသွားရ၏။

မပြုံးမရယ်နဲ့ စိုးရိမ်တကြီး ကြည့်နေပုံလေးက သွေးသားရင်းချာတစ်ယောက်အား စိတ်ပူနေတဲ့ပုံမျိုး။

"သက်သာသွားလား အန်တီ၊ ဘယ်ကိုလိုက်ပို့ပေးရမလဲ ဟင် ... စိမ်းမှာ ကားပါပါတယ်"

"ကျေးဇူးပါပဲ သမီးရယ် ... မြန်းခနဲ လေတက်စောင့်သွားတာလေ၊ အန်တီလည်း ကားပါပါတယ်၊ တတ်နိုင်ရင်တော့ ကားဆီကိုသာ လိုက်ပို့ပါကွယ်"

❦ ရွှေစကားစာပေ ❦



"အာ ... ဒါလောက်ကရပါတယ် အန်တီ၊ ကားက ဘယ်နားလောက်မှာလဲသာ ပြောပါ၊ ဒါနဲ့ လေတက်ဆောင့်တာဆိုတော့ တစ်ခုခု စားချလိုက်ပါလားဟင် ... တော်ကြာ လမ်းမှာ ထပ်ဖြစ်နေပါဦးမယ်"

သူမ လက်ထဲက ဆွဲထားသော အထုပ်တစ်ထုပ်ကို ခဏချထားလိုက်ပြီး ဒေါ်ဝတီစိုးအား ရှက်စိမ်း တွဲထူရင်း တတွတ်တွတ်နှင့် ပြောနေမိသည်။

ဒါလေးကိုပဲ ဒေါ်ဝတီစိုး စိတ်ထဲမှာ ကျေနပ်မိသလိုလို၊ ကြည်နူးသလိုလို ခံစားလိုက်ရ၏။

ရင်ထဲမှာ မကောင်းရတဲ့အထဲ စိတ်ညစ်လိုက်တာလို့ မဖြစ်မိ။ သူမလေး တွဲထူပေးတာကိုပဲ အလိုက်သင့် ထရပ်လိုက်သည်။

"ရပါတယ် သမီးရယ် ... ကားထဲမှာ အန်တီစားနေကျ အစားအစာတွေနဲ့ သောက်နေကျဆေး ပါတယ်လေ၊ ကားပေါ်ကျမှပဲ စားလိုက်သောက်လိုက်တော့မယ်၊ ကားက ဟိုအလယ်က အဖြူလေးပါ၊ အဲဒီနားကို ပို့ပေး"

ချထားတဲ့အထုပ်ကို ရှက်စိမ်း ကောက်ဆွဲလိုက်ပြီး ဒေါ်ဝတီစိုးကို ကားနားသို့ ပို့ပေးလိုက်သည်။ ကားတံခါးကိုပါ ဖွင့်ပေးလိုက်ပြီး ...

❦ ရွှေစကားစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



"ရရဲ့လား အန်တီ ... ကိုယ်တိုင်မောင်းလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် သမီးရယ်၊ ကားပေါ်မှာ ခဏနားပြီး ဆေးသောက်လိုက်ရင် ကောင်းသွားမှာပါ။ ဒီလိုပဲ တစ်ခါတလေ ဖြစ်တတ်ပါတယ်၊ အခုတစ်လော အစားအသောက်စားရတာ ခံတွင်းမတွေ့တော့ ကိုယ့်ကိုယ်ကိုယ် သတိထားနေတာပဲ ... အဲဒီကြားထဲက ဖြစ်သွားတာ"

ဒေါ်ဝတီစိုး ကူရှင်ကိုမှီထားလျက် ရှက်စိမ်းကို ရှင်းပြနေလေသည်။

"အဲဒါမျိုး အန်တီရယ် ... တစ်ယောက်ယောက်လွှတ်လိုက်ရောပေါ့၊ တော်သေးတယ် ... ပစ်ပျက်လဲမသွားတာ"

သူမ,ပြောတာ မှန်နေသည့်အတွက် ဒေါ်ဝတီစိုး သဘောကျစွာ ရယ်လျက် ...

"ဟုတ်ပါ့ သမီးရယ် ... သမီးနဲ့သာ မတွေ့ရင် လဲပြိုသွားမလားဘဲ။ အခုကိစ္စက ကိုယ်တိုင်လာမှ ဖြစ်မှာမို့ လာရတာ၊ အိမ်ကသားကို စေ့စပ်ပွဲလုပ်ပေးမလို့ စေ့စပ်လက်စွပ်လာဝယ်တာလေ၊ သားကိုခိုင်းရတာလည်း စိတ်တိုင်းမကျဘူးကွဲ့၊ အဲဒါကြောင့် ကိုယ်တိုင်လာရတာ"

"ဪ ... စိမ်းက မသိလို့ပြောမိတာပါ အန်တီရယ်၊ စိတ်





မဆိုးပါနဲ့နော် ... အဟွန်း၊ စကားကောင်းနေတာနဲ့ အန်တီ ဆေးသောက်စရာရှိတာ မသောက်ရသေးဘူး၊ သောက်တော့လေ၊ စိမ်းသွားလို့ရရင် သွားတော့မယ်နော်"

"အေး အေး သမီး ... အေး အေး၊ ရတယ် ရတယ် ... ထားခဲ့တော့"

နှုတ်ဆက်ပြီး ချာခနဲလှည့်ထွက်သွားသော စိမ်းဆိုသော ကောင်မလေးအား ဒေါ်ဝတီစိုး လိုက်ကြည့်ပြီး ပြုံးနေမိ၏။

မျက်နှာလေးက ချစ်စရာကောင်းသလို ဝတ်တာစားတာကလည်း ကြည့်ကောင်းလွန်းနေသဖြင့် သဘောကျနေမိပါ၏။

အပေါ်က တီရှပ်ပွပွလေးကို အောက်က (စတော်ကင်) အသားကပ်ကျပ်ကျပ်လေးကို ဝတ်ထားသော်ငြား မျက်စိထဲမှာ ရိုင်းမနေ။

ပန်ဆဲလ်ဟီးကို စီးထားပေမယ့် တစ်စက်လေးမှ ခြေလှမ်းမမှား။

ကြည့်နေရတာကိုက မော်ဒယ်လ်တစ်ယောက်လမ်းလျှောက်သွားသည့်နှယ် ကြည့်ကောင်းနေတော့သည်။

ကောင်မလေး ကားတွေနဲ့ကွယ်သွားပြီး မြင်ကွင်းထဲက ပျောက်သွားမှ ဒေါ်ဝတီစိုး လည်ပင်းလေးလိမ်ပြီး လိုက်ကြည့်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ကနေ ခပ်ဖြည်းဖြည်း မျက်နှာကို ရှေ့သို့ပြန်လှည့်လိုက်မိပါ၏။

မျက်နှာလေးကို တစ်နေရာရာမှာ မြင်ဖူးသလိုလိုပဲလို့ တွေးရင်း ဘာကြောင့်မှန်းမသိ လက်ပွေ့အိတ်ထဲက စေ့စပ်လက်စွပ်ဘူးကို ဖွင့်ကြည့်ပြီး သက်ပြင်းချနေမိသည်။

အတန်ကြာအောင် ဘူးလေးကိုကိုင်ထားမိပြီး အဝေးကို ငေးနေရာမှ ဩော် ... ကလေးမလေးကို နာမည်နဲ့လိပ်စာတောင် မမေးလိုက်မိပါလားလို့ တွေးမိကာ သက်ပြင်းတစ်ရှိုက်နှင့်အတူ ဘူးလေးကို အိတ်ထဲသို့ ပြန်ထည့်လိုက်လေတော့သည်။

ရင်ထဲမှာ နေသာသလိုရှိသွားသည့်အတွက် ဆေးကို သောက်မနေတော့ဘဲ ကားကို ဘက်ဆုတ်ကာ မောင်းထွက်ခဲ့ပါတော့သည်။

ကားပေါ်ရောက်သည်နှင့် ရွက်စိမ်း စက်နှိုးရန်ပြင်ဆဲ ... ခုနကနေရာမှာ ဟိုအန်တီကြီးရှိသေးလားလို့ လှမ်းကြည့်မိ၏။ မတွေ့တော့မှ သာသာလေးပြုံးပြီး ကားကိုမောင်းထွက်ခဲ့လေသည်။

ဟိုတစ်ခါလိုပဲ ဖေဖေက မထင်မှတ်ဘဲ ရောက်ချလာပြီး မနက်ဖြန် အိမ်ကို ဧည့်သည်တွေလာမယ်၊ သမီး လက်စွမ်းပြရမယ်၊ ထမင်းစားဖိတ်ထားတယ်ဆို၍ ဈေးဝယ်ထွက်ခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီပိတ်ရက်နှင့် တိုက်နေ၍ တော်သေးသည်။

တိုက်ဆိုင်စွာ တွေ့လိုက်ရသော ဖေဖေ့အရွယ် အန်တီကြီး





ကို အကူအညီပေးနေရသောကြောင့် အနည်းငယ်ကြာသွားရသည်။

ဖေဖေမျှော်နေတော့မည်ဟု အတွေးဖြင့် ကားလေးအား အင်းလျားလမ်းရှိ သူမအိမ်ရှိရာသို့ မောင်းနှင်ခဲ့ပါတော့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မေမေ သားကိုခေါ်တယ်ဆို"

အနားမှာလာရပ်လိုက်သော သားဖြစ်သူကို ဒေါ်ဇာတီစိုး မျက်မှန်ပေါ်မှ ကျော်ကြည့်၍ ...

"အေး ... ဟုတ်တယ် လူလူ၊ ထိုင်ပါဦး ... ဒီနေ့ ကုမ္ပဏီ ပိတ်တယ်မဟုတ်လား"

မေးဆတ်ပြလိုက်ပြီး ထိုင်ခိုင်းနေသည့်မို့ လူသစ် ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ရသည်။

ကုမ္ပဏီကလည်း ပိတ်သည့်နေ့ဆိုတော့ ပြေးစရာမြေမရှိ၊ ပြောတာကို ထိုင်နားထောင်ရုံအပြင် ဘာမှမတတ်နိုင်။





"ရော့"

အပိုအလိုလုံးဝမပါ။ ကတ္တီပါဘူးအနက်လေးအား လူသစ် ရှေ့သို့ တိုးပေးနေလေသည်။

ဘာများပြောမလို့ပါလိမ့်ဆိုပြီး မိခင်မျက်နှာကိုသာ အကဲခတ် နေသော လူသစ်မှာ ယောင်နနဖြစ်သွားရပြီး ကတ္တီပါဘူးကို တစ်လှည့် သူ့မေမေ၏မျက်နှာကိုတစ်လှည့် ကြည့်နေမိသည်။ ဘူးကိုတော့ မကိုင် မိသေး။

"ယူကြည့်လေ လူလူ"

ခက်ထန်သောမျက်နှာနှင့်အတူ အမိန့်သံဖြင့် ပြောလိုက် လေရာ ယောင်တိယောင်ချာ လူသစ် ဘူးလေးကို လှမ်းယူလိုက်ပြီး မိခင်၏မျက်နှာကိုသာ စိုက်ကြည့်နေမိသည်။

"ဘာ ယောင်ချာချာလုပ်နေတာလဲ လူလူ ... ဖွင့်ကြည့် လေ"

လူသစ် တံတွေးကို တစ်ချက်မျိုချလိုက်ပြီး ဘူးလေးကို ခုံ ပေါ်ပြန်တင်လိုက်သည်။ ဖွင့်ကြည့်စရာမလို အထဲမှာ ဘာရှိသည်ကို အတတ်သိနေပါသည်။

ဒါ့ကြောင့် ...

"မေမေပြောစရာရှိတာသာ ပြောပါ ... ဒီလောက်ဆို အား



www.burmeseclassic.com

www.burmeseclassic.com





သဘောပေါက်ပါတယ်''

သားကိုကြည့်ပြီး ဒေါ်ဝတီစိုး ခပ်မဲ့မဲ့ပြုံး၍ . . .

''အေး . . . အခုလို သဘောပေါက်တာ ကျေးဇူးတင်တယ်၊ ဒီတစ်ခါ မေမေ့ကို ဆန့်ကျင်မှာမဟုတ်တော့ဘူးလို့လည်း ယူဆထား တဲ့အတွက် အပိုစကားတွေ ပြောမနေချင်တော့ဘူး၊ ညနေကျရင် မေမေရွေးချယ်ထားတဲ့ ချွေးမလေးအိမ်ကို သွားမယ် . . . မင်း ပြင် ဆင်ထားပါ၊ သူ့အဖေ မန္တေက မြန်မာပြည်ကိုပြန်ရောက်တယ်၊ အဲဒါ လာတဲ့အခိုက် တစ်ခါတည်း စေ့စပ်သွားချင်တယ်ဆိုလို့ မေမေ စီစဉ် လိုက်တာပဲ''

ဒေါ်ဝတီစိုး ပြောစရာရှိတာကို ပြောပြီး ငေါင်တောင်တောင် ဖြစ်သွားသော သားကို မျက်လုံးစွေကြည့်ပြီး . . .

''မေမေပြောနေတာ ကြားလား လူလူ . . . ဘာဆင်ခြေ ပေးချင်သေးလို့လဲ''

ထိုသို့အော်ငေါက်လိုက်မှ သက်ပြင်းကို လေးတွဲစွာချပြီး ရှေ့ကဆံပင်တွေကို လက်နှင့်ဖွရင်း . . .

''ဘာမှ ဆင်ခြေပေးစရာ မရှိပါဘူးမေမေ၊ အမှန်အကန် ပြောမှာပါ . . . အခု မေမေပေးစားမယ်ဆိုတဲ့ အမျိုးသမီးကို သား တစ်ခါမှလည်း မတွေ့ဖူးတဲ့အတွက် ဘယ်လိုမှလည်း စိတ်ထဲမှာမနေ





ပါဘူး၊ အဲဒါကြောင့် ချစ်တာတို့, မချစ်တာတို့ဆိုတာလည်း သား ရင်ထဲမှာ ရှိမနေဘူး၊ ဒါကိုတော့ မေမေ သိထားသင့်တယ်ထင်တယ်''

''ဘယ်လို . . . မင်းကို မေမေ ဓာတ်ပုံပေးထားတယ်လေ . . . မကြည့်မိဘူးလား၊ မေမေကတော့ မင်း ဓာတ်ပုံကိုတွေ့ပြီး သဘောကျလို့ ဘာမှပြောသံမကြားတာလားဆိုပြီး ငြိမ်နေမိတာ၊ ဆံပင်ရှည်ရှည်လေးနဲ့ ချောကလည်းချော, ပညာတတ်လေးလည်း ဖြစ်, တစ်ဦးတည်းသောသမီးလေးကလည်း ဖြစ်ပြန်၊ သူ့အဖေက နိုင်ငံခြားမှာ ကုမ္ပဏီထောင်ထားတာလေ၊ စီးပွားရေးကလည်း ဘာမှ ပြောစရာမရှိဘူး . . .၊

မင်း မေမေ့ကို ကတိပေးပြီးသားနော် . . . နောက်ထပ် မေမေ့ ကို ဆန့်ကျင်ဖို့ မကြိုးစားပါနဲ့၊ မင်းရင်ထဲမှာ ချစ်တာ,မချစ်တာ ဘာမှမလိုအပ်ဘူး၊ အချစ်ဆိုတာ ဘာကိုခေါ်တာလဲ၊ မေမေ့အမြင် တော့ သံယောဇဉ်ကိုခေါ်တာပဲလို့ ဆိုချင်တယ်၊ အေး . . . အဲဒီသံ ယောဇဉ်ကလည်း အနေနီးရင် အလိုလိုဖြစ်ပေါ်လာမှာပဲ၊ ဘာမှ လုပ် ယူစရာမလိုဘူး၊ မင်းအစ်ကိုနဲ့ မင်းအစ်မက သက်သေပဲလေ''

ဘယ်လိုမှမငြင်းနိုင်အောင် ဒေါ်ဝတီစိုး စကားလုံးပေါင်း များစွာဖြင့် သားအား ပစ်ပေါက်နေမိလေသည်။

မိခင်ပစ်ပေါက်လိုက်သော စကားလုံးတိုင်းက လူသစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆီ လာထိမှန်လေရာ ဘယ်လိုမှ ငြင်းမရမှန်းသိလာလေတော့ နှုတ်ဆိတ်လို့နေလိုက်ရသည်။

ဓာတ်ပုံကို ခုထိ တစ်ခါမှ မကြည့်မိသည့်အပြင် ဓာတ်ပုံက ဘယ်ဆီရောက်နေမှန်းတောင်မသိ။

ခေါင်းငိုက်စိုက်ကျနေသောသားကို ဒေါ်ဝတီစိုးကြည့်ပြီး ရင်ထဲ ထိတ်ခနဲဖြစ်သွားရကာ ကမန်းကတန်း မေးလိုက်မိ၏။

"ဘာလဲ လူလူ ••• မင်းစက္ကူထရီနဲ့ ဘယ်လိုအခြေအနေ ဖြစ်နေလို့လဲ"

"ဗျာ"

ဖြုန်းခနဲ ကြားလိုက်ရသော မိခင်၏အမေးကြောင့် လူသစ် ခေါင်းက ဆတ်ခနဲ မော့လာပြီး မျက်လုံးပါ ပြူးထွက်သွားတော့သည်။

"မင်းနဲ့ မင်းရဲ့စက္ကူထရီရဲ့ အခြေအနေကို မေးတာပါ"

မေမေမေးလိုက်မှပဲ ရင်ထဲမှာ ပြောမထွက်ဘဲ ဆို့ကျပ်နေတာ ဘာမှန်းမသိခဲ့သမျှ အခုမှ အဖြေက တရေးရေးပေါ်လာရသည်။

ဒါပေမဲ့ မသေချာမရေရာသောအဖြေက ရင်ထဲမှာပဲ ပျောက်ကွယ်သွားခဲ့သည်။

"သားတို့ ဘယ်လိုအခြေအနေမှ မရှိပါဘူး မေမေ၊ သား အခုဖြစ်နေတာက ကိုယ်နဲ့မရင်းနှီးသေးတဲ့သူနဲ့ လက်ထပ်ရမှာကို





တစ်မျိုးကြီးဖြစ်နေလို့ပါ၊ တကယ်ဆို တစ်ယောက်ကိုတစ်ယောက် ရင်းနှီးမှု အရင်ယူသင့်တယ်လို့ ထင်တယ်၊ ဒါမှလည်း သံယောဇဉ်ဆိုတာ ဖြစ်တာမဟုတ်ဘူးလား မေမေ"

"တော်ပါတော့ လူလူ ••• မင်းဆင်ခြေတွေကို မေမေ လုံးဝ လက်မခံပါဘူး။ တစ်ခွန်းပဲ ထပ်ပြောမယ် ••• မင်း ဒီညနေ အဲဒီအိမ်ကို သွားဖို့ပြင်ထားပါ"

စကားကို အမိန့်သံနှင့်အဆုံးသတ်ပြီး ဒေါ်ဝတီစိုး ညှိခန်းထဲမှ ထထွက်သွားတော့သည်။

လူသစ် ဘာမှပြင်ဆင်ချိန် မရလိုက်ဘဲ မိခင်၏အမိန့်သံ အောက်တွင် ကျောက်ရုပ်ဖြစ်သွားရပါ၏။

ရင်ထဲမှာ မွန်းကျပ်သွားတာတွေကို သူငယ်ချင်းဖြစ်သူ ဖေယျ အား ဖုန်းဖြင့်လှမ်းပြောကာ ရင်ဖွင့်ချင်သော်လည်း အခုလက်ရှိ အခြေ အနေက စကားပြောချင်စိတ်ပင် ကုန်ခန်းသွားရသည့်အဖြစ်။

ညှိခန်းထဲမှာပဲ ငူငူကြီး ထိုင်နေမိပါလေသည်။ မျက်လုံး ကို မှိတ်ချလိုက်ပြီး ဆိုဖာနောက်မှီပေါ် ခေါင်းတင်ထားလိုက်မိ၏။

ဒီအချိန်မှာ မှိတ်ထားတဲ့မျက်လုံးထဲ ပေါ်လာသည်က ရွှန်းစိမ်း မျက်နှာလေး ဖြစ်နေခြင်းကြောင့် လူသစ် လန့်ဖျပ်ကာ ခန္ဓာကိုယ်ကြီး တောင့်မတ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဖန် မျက်လုံးကို ပြန်မှိတ်လျက် သက်ပြင်းကို ရှူးခနဲ မှုတ်ထုတ်ကာ ဆိုဖာနောက်မှီပေါ်သို့ ခေါင်းကိုလှန်ချလိုက်မိပါ၏။

ဒေါ်ဝတီစိုး အနောက်ကနေ သားဖြစ်သူ မတည်မငြိမ်ဖြစ်နေပုံကိုကြည့်ပြီး စိတ်ထဲ ကသိကအောက်နှင့်ပင် လှည့်ထွက်လာခဲ့လိုက်သည်။

♥

ရှက်စိမ်းပြန်လာသည်ကို အပြုံးချိုချိုဖြင့် အိမ်ဝမှ ဖခင်ဖြစ်သူ စောင့်ကြိုနေသဖြင့် သူမရင်ထဲ ကြည်နူးသွားရလေသည်။

ဟိုတစ်ခေါက်ကကိစ္စကြောင့် သူမအား သူမ၏ဖခင် ပိုဂရုစိုက်လာသည်ဟု အထင်ရောက်ကာ ကျေနပ်၍မဆုံး ဖြစ်နေမိသည်။

"ပြန်လာပြီလား သမီး ... ဘာမှလည်း မပါပါလား"

လက်ထဲက အထုပ်လေးတစ်ထုပ်ကိုသာ တွေ့လိုက်၍ ဦးရန်နိုင် မေးလိုက်ခြင်းဖြစ်သည်။

"အဲဒီအထုပ်လေးထဲမှာ ဖေဖေ့ဒည့်သည်တွေ အကြိုက်တွေ့





စေမယ့် အစားအစာတွေပါတယ် ဖေဖေ၊ စိတ်ချ ... အဲဒီဧည့်သည်တွေ ဟာခနဲ ဟင်ခနဲ ဖြစ်သွားအောင် စိမ်း လက်စွမ်းပြလိုက်မယ်"

မချိုမချဉ်မျက်နှာပေးနှင့် ပြောပြီး မီးဖိုဘက်ဝင်သွားသော သမီးအား ဦးရန်နိုင် ငေးကြည့်၍ စိတ်မကောင်းဖြစ်သွားမိ၏။

သူ စေတနာနှင့်လုပ်လိုက်သည့်ကိစ္စကို သမီးလေးသိသွားခဲ့လျှင် ဘယ်လိုများ အပြစ်တွေတင်လာမလဲဆိုပြီး ရင်ထဲမှာ မကောင်းနိုင်။ ဒီလိုမှမလုပ်လျှင် မဖြစ်။

အခုတစ်လော ဖောက်ပြန်လာသည့် သူ့ဝေဒနာတွေက နေ့သေမလား ညသေမလား မပြောတတ်။ ဒီတော့ ဟိုးအရင်တည်းက ကတိရှိထားခဲ့သော ငယ်သူငယ်ချင်းနှင့် တိုင်ပင်ပြီး စီစဉ်လိုက်ရခြင်းဖြစ်သည်။

လုပ်ငန်းအားလုံးကိုပါ သမီးလေးနာမည်နှင့် လွှဲပြောင်းပေးထားပြီးသည့်ထိ ဦးရန်နိုင် လုပ်ဆောင်ပြီးနေလေပြီ။

နေဝင်ချိန်မှာ သမီးလေး နားလည်နိုင်ပါစေ။

ထိုအတွေးနဲ့အတူ ပြာဝေသွားတဲ့ မျက်လုံးတွေကို ပိတ်ပစ်လိုက်ရင်း ဧည့်ခန်းရှိ ဆိုဖာတစ်လုံးပေါ် ထိုင်ချလိုက်ရလေသည်။

♥



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး တကုပ်ကုပ်နှင့် ထမင်းချက်မိတိုးတို့သားအမိနှင့် အတူ ရွက်စိမ်း ချက်ပြုတ်ကြော်လှော်နေရသဖြင့် အချိန်တွေ ကုန်မှန်း မသိ ကုန်သွားခဲ့သည်။

အားလုံးပြီးတယ်ဆို ရေမိုးချိုး အဝတ်အစားလဲထားလိုက်၏။ ညည့်သည်လာမှာမို့ အိမ်နေရင်း အဝတ်အစားထက် အဆင်ပြေမည့် အဝတ်အစားကို ရွေးဝတ်လိုက်မိသည်။

ညနေစောင်းတွင် ဧည့်သည်တွေ မလာမီ အချိုပွဲများကို အသေအချာပြင်ဆင်၍ သူမ လက်စွမ်းပြထားသော ဟင်းမျိုးစုံတို့အား ပြန်နွှေးလိုက်သည်။

ထိုသို့ ထမင်းစားခန်းထဲတွင် အလုပ်ရှုပ်နေဆဲ အိမ်ရှေ့မှ ကားသံကြားရပြီး ဖခင်နှင့်အတူ ဧည့်ခန်းထဲတွင် စကားသံတွေပါ ကြားလိုက်ရတော့ ဧည့်သည်ရောက်ပြီဆိုသောအသိဖြင့် ဖခင်ခေါ် မည့်အချိန်ကို နားစွင့်နေမိသည်။

မကြာလိုက်ပါ ... ဧည့်ခန်းထဲမှ သူမ၏ဖခင်အသံက လွင့် ပျံ့လာပါပြီ။

"သမီးရေ ... ခဏထွက်ခဲ့ဦးဟေ့၊ ဧည့်သည်တွေနဲ့ မိတ်







ဆက်ပေးရအောင်"

ဖခင် လှမ်းခေါ်နေသံကြောင့် အင်္ကျီကိုဆွဲဆန့်လိုက်ပြီး ရွက်စိမ်း ထွက်လာခဲ့လိုက်သည်။

ဧည့်သည်တွေဆိုပေမယ့် စကားသံက မိန်းမသံချည်း ကြား နေရသဖြင့် ရွက်စိမ်း ရှက်ကိုးရှက်ကန်း ဖြစ်မနေရချေ။ ဣန္ဒြေနှင့် လျှောက်လာနိုင်ခဲ့သည်။ ဖခင်အနားမှာ ခပ်ရိုရိုလေး ထိုင်ချလိုက် သည်။

ထမင်းစားခန်းထဲက သူမ,ထွက်လာစဉ်က ကျောပေးပြီး ထိုင်နေကြသော လူသစ်တို့သားအမိမှာ လှည့်မကြည့်မိကြဘဲ အနား မှာလာထိုင်လိုက်မှ သားအမိနှစ်ယောက် ပြိုင်တူကြည့်လိုက်မိလေ သည်။

သားအမိနှစ်ယောက် အံ့ဩစွာ ငေးကြည့်နေမိပါလေ၏။

ပိုဆိုးသည်က လူသစ် ... ပင်။

သွေးလည်ပတ်မှုတွေ မြန်ဆန်ကုန်သည်ဟု ထင်ရလောက် အောင် နှလုံးခုန်နှုန်းတွေလည်း ပုံမှန်မဟုတ်တော့ပေ။ ဟုတ်ရောဟုတ် ရဲ့လားဟု ရင်ခုန်နေတဲ့ကြားက ပြူးကြည့်နေရသည့်အဖြစ်။

ဒေါ်ဝတီစိုးရော ဘာထူးလို့လဲ။

မနက်ကပဲ သူမကို ကူညီခဲ့သူလေးအား ငါ့သမီးလေးဆို



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကောင်းမှာပဲဟု ချစ်စရာ မျက်နှာပိုင်ရှင်လေးကို မြင်မြင်ခြင်း ချစ်ခင်သွားခဲ့မိတာ။ ခုတော့ မိမိတော်ရမည့် ချွေးမ,ဆိုပါလား။

ယုံနိုင်ဖွယ်မရှိ တိုက်ဆိုင်လိုက်ပုံများ အံ့ဩစွာ ငေးကြည့်နေရာမှ ဒေါ်ဝတီစိုး ကျေနပ်စွာ ပြုံးလာမိလေသည်။

သမီးကိုကြည့်ပြီး အပြောင်းအလဲဖြစ်သွားသော သားအမိအား ဦးရန်နိုင် နားမလည်နိုင်အောင်ဖြစ်သွားပြီးမှ ကျေနပ်စွာ ပြုံးလိုက်သော ဒေါ်ဝတီစိုးကြောင့် သက်ပြင်းကို ကျိတ်ချလိုက်ရသည်။

ပေးထားတဲ့ဓာတ်ပုံက ဆံပင်ရှည်၊ အခု ဆံပင်တိုမို့ ကြည့်မရများ ဖြစ်သွားသလားလို့ စိတ်ပူသွားမိတာ။

တော်ပါသေးရဲ့ . . . ဟု ဟင်းချနိုင်သည့် အခြေအနေမို့ စိတ်သက်သာရာ ရသွားတော့သည်။

သမီးအတွက် နောက်ဆံမတင်းရအောင် စိတ်ချရမည့်သူလက်ထဲ အပ်ခဲ့ချင်တာ။ စိတ်တိုင်းမကျခဲ့ရင်လို့ တွေးပူနေခဲ့သော ရင်ထဲမှာ အခုမှ အေးချမ်းသွားရပါသည်။

သူငယ်ချင်းဖြစ်သူ ဝတီ့မျက်နှာ ပြုံးနေပေမယ့် သူ့သားမျက်လုံးကြီးက ဘာလို့ သမီးကို ပြူးကြည့်နေရတာပါလိမ့်လို့ စဉ်းစားမရပြန်တော့ ချက်ချင်းမိတ်ဆက်ပေးလိုက်မိသည်။

"ဝတီ . . . ဒါ ကိုနိုင့်သမီးလေ ရွက်စိမ်းလို့ခေါ်တယ်၊ ------ နဲ့ ကျောင်းပြီးတာ၊ အခု ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေတယ်၊ အလုပ်မလုပ်ဘဲ ထိုင်စားနိုင်ပေမယ့် သမီးက အလုပ် လုပ်ပါရစေဆိုတာနဲ့ ခွင့်ပြုလိုက်တာလေ . . .၊





တစ်ချိန် ကိုယ့်ကုမ္ပဏီကို သမီးဦးစီးသင့် ဦးစီးရမှာမို့ အောက်သက်ကျေပြီး အလုပ်သဘောနားလည်အောင် ခွင့်ပြုလိုက်တာပဲ . . .၊

သမီး . . . ခေါင်းမော့စမ်းပါဦးကွ၊ ဒါ ဖေဖေ့သူငယ်ချင်း၊ ဝတီစိုးလို့ ခေါ်တယ် . . . ဒေါ်ဝတီစိုးပေါ့ကွာ"

ညှို့ခန်းထဲကထွက်လာပြီး လှမ်းကြည့်လိုက်တော့ ရှယ်ကူယောက်ျားလေးတစ်ယောက် ပါလာတယ်ဆိုသည့်အသိကြောင့် ခေါင်းငုံ့ထားမိသော ရွက်စိမ်းမှာ တဖြည်းဖြည်း ခေါင်းကိုမော့လာပြီး ဖခင်မိတ်ဆက်ပေးသည့် ဒေါ်ဝတီစိုးဆိုသူအား ပြုံးပြုံးလေး လှမ်းကြည့်လိုက်မိသည်။

"ဟင်"

သူမအား ပြူးပြူးကြီးကြည့်နေသော ဒေါ်ဝတီစိုးအား တွေ့လိုက်ချိန်တွင် ရွက်စိမ်း "ဟင်" ဟုပင် အသံထွက်သွားရပါ၏။

မနက်က သူမ အကူအညီပေးလိုက်သော အမျိုးသမီးကြီးဖြစ်နေသောကြောင့် အံ့ဩသွားခြင်းဖြစ်ပါ၏။

ဒါတင်မဟုတ်သေး . . . မနက်က ထိုအနံ့တီပြောသွားသော



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်လက်စွပ်ကိစ္စပါ ခေါင်းထဲဝင်လာ၍ ဖျတ်ခနဲ ဘေးဘက်သို့ကြည့်လိုက်မိရာ ရွှက်စိမ်း မျက်မှောင်လေးကုတ်၍ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

ဘာတွေလဲ ... ဘာအဓိပ္ပာယ်လဲ ... ဆိုပြီး သူမအား အံ့ဩစွာ ငေးကြည့်နေသည့် လူသစ်ထံမှ မျက်လုံးကိုခွာ၍ ဖခင်အား ဖျတ်ခနဲ ပြန်လှည့်ကြည့်လိုက်လေသည်။

ဦးရန်နိုင် အခြေအနေကို ဘာမှန်းမသိသေးသော်လည်း တစ်ယောက်နဲ့တစ်ယောက် ဆက်နွယ်တွေတော့ ရှိနေကြပြီဆိုတာ ရိပ်စားမိလိုက်တာကြောင့် အံ့ဩထိတ်လန့်စွာကြည့်နေသော သမီးလေးကို လျော့ရဲသော အပြုံးတစ်စနှင့်အတူ ...

"သမီး ... ဖေဖေ့စကားကို ဆုံးအောင်နားထောင်ဦး။ ဖေဖေ မပြောခင် ဒီက ဝတီတို့နဲ့ သမီး အစတည်းက သိနေသလား ... ဖေဖေ သိပါရစေ"

ဖခင် ဘာဆက်ပြောတော့မည်ကို သိလိုက်သည့် ရွှက်စိမ်းမှာ ဘာမှပြန်မဖြေနိုင်။ နှုတ်ခမ်းလေးတလှုပ်လှုပ်နှင့် ဖခင်မျက်နှာကိုသာ မျက်ရည်ဝဲလျက် ကြည့်နေလေသည်။

ရက်စက်လိုက်တာ ဖေဖေရယ် ... သမီးကို ယောကျ်ားပေးစားမှာများ ကြိုမပြောတဲ့အပြင် သူစိမ်းလက်ထဲ သမီးကို ထည့်လိုက်ရ





မှာတောင် မျက်နှာတစ်ချက် မပျက်ပါလားလို့ ရင်ထဲမှာ ပြောနေမိ၏။

ဒေါ်ဝတီစိုး မနေသာတော့။ အခြေအနေ မတင်းမာခင် ကြားဝင်ရတော့သည်။

"ဒီလို ကိုနိုင် ... သမီးနဲ့ဝတီတို့ မနက်က ရန်ကင်းပလာဇာမှာ တွေ့ခဲ့ကြတာ၊ ဝတီ ရင်ဘတ်ထဲထိုးအောင့်ပြီး ပစ်လဲမလို ဖြစ်တာကို သမီးက ကူညီခဲ့တာလေ၊ သားနဲ့ကတော့ ဘယ်တုန်းက သိနေတာလဲ ဝတီမသိဘူး ...၊

မနက်က သမီးကြားလိုက်ရတဲ့ ဝတီ့ဆီက တစ်စွန်းတစ်စ စကားကြောင့် သမီးလေး စိတ်ထိခိုက်သွားတာလား မသိဘူး ကိုနိုင်၊ သား ပြောပါဦး ... သမီးလေးနဲ့ ဘယ်တုန်းက သိတာလဲ"

"နေ နေဦး ... ဝတီက သမီးကို ဘာပြောလိုက်လို့လဲ"

လူသစ်ဖြေရန် ဆွံ့အနေဆဲ ဦးရန်နိုင်က လက်ကာပြ၍ တားလိုက်ပြီး ဒေါ်ဝတီစိုးအား ဆက်မေးလိုက်လေသည်။

ဒေါ်ဝတီစိုး စိတ်မသက်သာစွာဖြင့် သက်ပြင်းမှူးမှူးချ၍

"သမီးလေးက အခုလိုဖြစ်တတ်ရင် တစ်ယောက်ယောက်ကို လွှတ်လိုက်ရောပေါ့ အန်တီရယ်၊ ဘာလို့ ကိုယ်တိုင်လာရတာလဲလို့ပြောတာနဲ့ ဝတီကလည်း ပြန်ဖြေမိတယ် ... မဖြစ်မနေမို့ လာရတာပါသမီးရယ်လို့၊ သားအတွက် စေ့စပ်လက်စွပ် လာဝယ်



www.burmeseclassic.com

www.burmeseclassic.com



တာ တခြားသူနဲ့ စိတ်မချလို့ပါဆိုပြီး ပြောမိသွားတာ၊ ကိုနိုင်က သမီးကို အသိမပေးထားဘူးလား"

ဦးရန်နိုင် ဖြည်းညင်းစွာ ခေါင်းခါလိုက်ပြီး ...

"ကဲ ပြောပါဦး ... သားတို့ကရော ဘယ်တုန်းကသိကြတာလဲ"

မျက်ရည်တွေဝဲပြီး ခေါင်းပြန်ငုံ့သွားတဲ့ ရွက်စိမ်းဆီ တစ်ချက်ဝေ့ကြည့်၍ လူသစ်ပြန်ဖြေလိုက်သည်။

"ကျွန်တော့်ကုမ္ပဏီမှာ စက္ကူထရီလာလုပ်တာ ရွက်စိမ်းပါ အန်ကယ်"

"ဟယ်"

"ဟေ"

တစ်ပြန်အံ့သြသွားကြသူများက ဦးရန်နိုင်နှင့် ဒေါ်ဝတီစိုးတို့ ဖြစ်ရပါလေ၏။

ဒေါ်ဝတီစိုး သားကိုရော ရွက်စိမ်းကိုပါ ဟိုကြည့် ဒီကြည့်လုပ်၍ နားမလည်နိုင်တော့ပါ။ မိမိထင်ထားသည်က သား သူ့စက္ကူထရီနှင့် ရည်ငံနေကြလို့ မနက်က ငိုင်တွေငေးမောသွားတာ ဖြစ်မည်ဟု။

အခု သားဘက်က အံ့သြသည့်အမူအရာကကလွဲပြီး ဘာမှမထူးခြားသော်လည်း ရွက်စိမ်းဘက်က ထူးခြားနေလေသည်။





လက်ထပ်ရမှာကို မနှစ်မြို့ဟန်နှင့် မျက်ရည်တောင် ဝဲနေလေသည်။

ဒါဆို သားကို ရွက်စိမ်းသဘောမကျလို့များလား။ မိမိကတော့ သူမကို မနက်ကတွေ့လိုက်စဉ် ငါ့သမီးလေးဖြစ်ရင် သိပ်ကောင်းမှာပဲဟု တွေးလိုက်မိသေးသည်။

ဒေါ်ဝတီစိုး မျက်နှာပျက်လျှင် ဦးရန်နိုင်ထံ အကြည့်ပို့လိုက်မိသည်။

ဦးရန်နိုင် သမီးပခုံးလေးကို ဖက်လျက် အသံကိုမတုန်အောင်ထိန်းရင်း ...

"သမီး ... သမီး ဖေဖေ့ကို တလွဲမထင်စေချင်ဘူး။ သမီးကိုကြိုတင်မပြောမိတာက ဖေဖေ့စေတနာပါ၊ ဖေဖေ့မှာ အချိန်သိပ်မရှိတော့ဘူး သမီး၊ ဖေဖေ့ရဲ့ဦးနှောက်ထဲမှာ အကျိတ်ဖြစ်နေတာ ကြာခဲ့ပြီ၊ အခု ကြာလေဆိုးလေးဖြစ်နေတဲ့ပြင် လအပိုင်းအခြားနဲ့ဖော်ပြင် ဆရာဝန်တွေက ဖေဖေ့ရဲ့ အသက်ရှင်နေနိုင်မယ့်သက်တမ်းကို အတိအကျပြောလိုက်ကြပြီ၊ ဒါကြောင့် သမီးကို စိတ်ချရမယ့်သူရဲ့လက်ထဲမှာ ထားခဲ့နိုင်ဖို့ ဖေဖေ စီစဉ်လိုက်ရတာပဲ ...၊

ဝတီဆိုတာ ဖေဖေနဲ့ သမီးမေမေတို့ရဲ့ ငယ်သူငယ်ချင်းအရင်းကြီးပဲ၊ သူကလွဲပြီး ဖေဖေ့မှာ ယုံကြည်အားကိုးရမယ့်သူမရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ ဒါကြောင့် အမြန်စီစဉ်လိုက်ရတာပါသမီးရယ် ...၊

ဖေဖေ့လုပ်ငန်းမှန်သမျှ သမီးနာမည်နဲ့ အကုန်လွှဲပြီးပြီလေ၊ ကျန်ရှိတဲ့သက်တမ်းအတွက် ဖေဖေ အနားယူချင်တယ်၊ ကိုယ့်နောက်ပါမယ့်အလုပ်ကို လုပ်ချင်သေးတယ် သမီး၊ သမီးကို ဝတ်လက်ထဲအပ်ပြီးတာနဲ့ ဖေဖေ တရားဘာဝနာ အားထုတ်ချင်တယ်''

ဖခင်စကားဆုံးသည်နှင့် ရွက်စိမ်း ချုံးပွဲချ၍ ငိုချလိုက်ပြီး သွေးပျက်မတတ် ချောက်ချားတုန်လှုပ်လျက် ဖခင်ရင်ခွင်ထဲ၌ တိုးဝင်ကာ ဖခင်အား တအားဖက်ထားမိလေသည်။ ဘာမှလည်း မမေးမိ၊ ဘာမှလည်း ပြန်မပြောနိုင်။

သားအဖနှစ်ယောက်ကိုကြည့်၍ ဒေါ်ဝတီစိုးတို့သားအမိ ရင်ထဲ ဆို့နင့်လို့သွားကြရလေသည်။

ဘာမှပြန်မပြောနိုင်လောက်အောင် ဝမ်းနည်းကြေကွဲစွာ ခံစားနေရရှာသည့် ရွက်စိမ်းအား သားသမီးချင်း ကိုယ်ချင်းစာလျက် အားပေးနှစ်သိမ့်လိုသောဆန္ဒဖြင့် အနားသို့ လေးတွဲ့စွာ လျှောက်လှမ်းသွားကာ အနားတွင်ထိုင်ချလိုက်ပြီး ဦးရန်နိုင်ရင်ခွင်ထဲမှ ပြောင်းယူ၍ သူ့မရင်ခွင်ထဲတွင် ရွက်စိမ်းကို ထွေးပိုက်ထားလိုက်မိလေသည်။

''သမီး ကိုနိုင်တို့ မိုးမိုးတို့ရဲ့သမီးဟာ အန်တီ့သမီးပါပဲကွယ်၊ မနက်တုန်းကတောင် သမီးကို တွေ့လိုက်တော့ မိုးမိုးနဲ့တူလိုက်တာ





ဆိုပြီး ရင်ထဲ စိတ်မကောင်းဖြစ်သွားရသေးတယ်၊ ချစ်စရာကောင်းတဲ့ သမီးလေးကို ငါ့သမီးလေးဖြစ်ရင် သိပ်ကောင်းမှာပဲလို့တောင် တွေးမိသေးတယ် ...၊

ကိုနိုင်က သူ့အဖြစ်ကို ဖွင့်ဟပြီးတိုင်ပင်တုန်းကလည်း အန်တီ ကိုနိုင့်ကို အထပ်ထပ် ကတိတွေပေးထားပြီးသားပါ၊ ကိုနိုင် မရှိတော့ခဲ့ရင်လည်း သမီးလေးကို အန်တီ့သမီးအရင်းလေးတစ်ယောက်လို စောင့်ရှောက်ပါ့မယ်လို့လေ ...၊

အခုတော့ အန်တီ သမီးလေးလို ချစ်မိသွားတဲ့သူက ချွေးမ တော်ရမယ့်သူ ဖြစ်နေတော့ အန်တီ့လောက် ဝမ်းသာတဲ့သူ မရှိတော့ပါဘူးကွယ်''

ဒေါ်ဝတီစိုးရင်ခွင်ထဲမှာ ထွေးပွေ့ထားပြီး ခေါင်းကဆံပင်လေးတွေကို အသာအယာဖွ၍ ရွက်စိမ်းအား လေသံအေးအေးဖြင့် ပြောပြနေမိလေသည်။

ရွက်စိမ်း မျက်ရည်စက်လက်ဖြင့် ဒေါ်ဝတီစိုးရင်ခွင်ထဲမှ အသာထွက်လိုက်ပြီး ဖခင်အား မျက်ရည်တွေပြည့်လျှံနေသော မျက်လုံးများဖြင့် ရီဝေစွာကြည့်လျက် ...

''ဖေဖေ ... ဖေဖေ့ကို ဆရာဝန်တွေက အချိန်ဘယ်လောက် သတ်မှတ်လိုက်လဲဟင်''



www.burmeseclassic.com

www.burmeseclassic.com





"အဟွန်း ... ဒါတွေ သမီးသိတော့ စိတ်မကောင်းဖြစ်ရုံက လွဲပြီး ဘာမှ ထူးခြားလာမှာမှ မဟုတ်တာ၊ မသိချင်ပါနဲ့ သမီးရယ်၊ ကံတရားဆိုတာလည်း ရှိပါသေးတယ်၊ ဘုရားတရားရဲ့ ဂုဏ်ကျေးဇူးကြောင့် အခြေအနေပြောင်းသွားတာတွေလည်း ရှိနေတာပဲဟာ ...၊

ဖေဖေ အနားယူပြီး တရားစခန်းတွေဝင်မယ်၊ တရားအားထုတ်မယ်၊ မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေ ခံယူမယ်၊ အဲဒီကျ သေခဲ့သည့်တိုင် အဆိုးထဲက အကောင်းတွေ ဖြစ်လာမှာပါ ...၊

လောဘ, ဒေါသ, မောဟတွေကင်းတဲ့, အေးချမ်းတဲ့ ဘုရားရိပ်, တရားရိပ်မှာ ခိုလှုံနိုင်ဖို့ ဖေဖေ့သမီးလေး ဖေဖေ့ကို ပါရမီဖြည့်မယ်မဟုတ်လားဟင်"

ရှက်စိမ်း ဖခင်အား ဝမ်းနည်းကြေကွဲစွာ အကြာကြီး စိုက်ကြည့်နေပြီးမှ မျက်ရည်များ ဘေးသို့လွင့်စဉ်သွားသည်ထိ ခေါင်းညိတ်ပြလိုက်လေသည်။

ဦးရန်နိုင်သည်လည်း စိတ်ကို အနိုင်နိုင်ထိန်းနေသည့်ကြားက မျက်ရည်တို့ ဝေ့သီရသည်။ သို့သော် အပြုံးတွေနှင့် သမီးအား ပြန်ဖက်ထားလိုက်မိပါ၏။

အဖြစ်အပျက်အားလုံးကို ထိုင်ကြည့်နေသော လူသစ်၏ ရင်ထဲမှာ မချစ်တတ်သော နှလုံးသားအတွင်းသို့ ကရုဏာသက် စာနာ





အချစ်နုတ်သမီးလေးတစ်ပါး ဝင်ရောက်နေရာယူလာခဲ့လေသည်။

အစက ရှက်စိမ်းအပေါ် ချစ်မိသည်၊ မချစ်မိသည်ကို ဆန်းစစ်ချိန် မရလိုက်ဘဲ မိခင်ဖြစ်သူ၏အမိန့်သံကို နာခံပြီး လက်ထပ်ဖို့ ကိစ္စအား လက်ခံလိုက်ခြင်းဖြစ်သည်။

အခုအခြေအနေက တစ်မျိုးဖြစ်သွားတာကြောင့် လူသစ် ကိုယ့်ဘာသာကိုယ် ပြန်သုံးသပ်နေရသည်။

ချစ်မိသွားတာလား ...၊

ကောင်မလေးခံစားနေတာကို ကြည့်ပြီး ကရုဏာသက်သွားတာလား ... ဟု။

ဒါပေမဲ့ လူသစ် ကိုယ့်ကိုယ်ကိုယ်သိလိုက်တာတစ်ခုက ရှက်စိမ်းဆိုသော ကောင်မလေးသည် သူ့အား မမြင်ရသော ကြိုးတစ်ချောင်းဖြင့် နှောင်ဖွဲ့လိုက်ပြီ ... ဟူ၍။

"ကဲ သမီးလေး ... မျက်နှာသွားသစ်လိုက်ပါလား၊ ဖေဖေ့ကို ခွင့်လွှတ်ပါသမီးရယ်၊ သမီးရဲ့မင်္ဂလာအချိန်မှာ စိတ်မကောင်းစရာတွေ ဖြစ်သွားရတာကို"

ဦးရန်နိုင် ရင်ခွင်ထဲမှသမီးကို အသာလေးဆွဲထုတ်၍ နဖူးလေးကို ဖွဖွနမ်းကာ စိတ်မကောင်းခြင်းများစွာဖြင့် ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွက်စိမ်း ငိုမဲ့မဲ့မျက်နှာလေးနှင့် ခေါင်းကို အသာအယာ ယမ်းလျက် ...

"အဲသလိုမပြောပါနဲ့ ဖေဖေရယ် ... ဖေဖေသာ အစောကြီးကတည်းက ဖွင့်ပြောခဲ့ရင် ဖေဖေ့ကို သမီး ဒီထက်ပိုပြုစုခွင့်ရမှာ၊ အခုတော့ ..."

ပြောပြီး ဝမ်းနည်းလာကာ ဖခင်၏ရင်ခွင်ထဲသို့ တိုးဝင်၍ ငိုပြန်လေသည်။

ဒေါ်ဝတီစိုး ကြည့်နေရင်းမှ မကြည့်ရက်တော့၍ တသိမ့်သိမ့်ငိုရှိုက်နေသော ရွက်စိမ်း၏ပခုံးလေးအား ဖေးမဆွဲထူ၍ ...

"တိတ်ပါ သမီးရယ် ... ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့၊ သမီးရဲ့ဖေဖေ ပြောသလိုပဲ ကံတရားဆိုတာ ရှိပါသေးတယ်၊ အန်တီတို့တွေ ပိုင်းဆုတောင်းပေးကြတာပေါ့ ...၊

ကိုနိုင်လည်း အာရုံပြောင်းလိုက်တော့၊ ဝတီက သားရှင်ဆိုတော့ သမီးတောင်းဖို့လာတာ မင်္ဂလာစကား ပြောကြရအောင်၊ ကိုနိုင့်ဆီကနေ ဝတီ ခွင့်တောင်းပါတယ် ... သားလေးနဲ့ သမီးလေးကို သဘောတူပါလို့၊ ဒီမှာ စေ့စပ်လက်စွပ်"

ဒေါ်ဝတီစိုး ဖွင့်လိုက်သော ကတ္တီပါဘူးနက်လေးထဲမှ စိန်လက်စွပ်လေးနှစ်ကွင်းက ခုနက ဝမ်းနည်းကြေကွဲစွာ မျက်ရည်မိုးတွေ





ရွာချနေသော ရွက်စိမ်းအား လက်ညှိုးလေး ကွေးချည် ဆန့်ချည်ဖြင့် ကရော် ကရော်ဟု လှောင်ပြောင်နေသည့်နှယ်။

ရွက်စိမ်း မျက်ရည်တွေရပ်တန့်သွားပြီး တစ်ချက် တစ်ချက် ရှိုက်နေရင်းက လက်စွပ်တွေကို ပြူးတူးကြောင်တောင်ဖြင့် ကြည့်နေမိသည်။

တဒိန်းဒိန်း ဆောင့်ခုန်လာသောရင်ကို သက်ပြင်းခိုးချ ဖယ်ရှားလျက် သူမအား တစ်ချိန်လုံး ထိုင်ကြည့်နေသည့်လူသစ်ဆီသို့ ဖြည်းဖြည်း ခေါင်းမော့လာပြီး လှမ်းကြည့်လိုက်မိသည်။

သူမအား တန်ပြန်ကြည့်နေသော မျက်လုံးတစ်စုံနှင့် ထိပ်တိုက်တွေ့လိုက်ရာ အနည်းငယ်တော့ တုန်လှုပ်သွားမိ၏။

နေ့စဉ်နှင့်အမျှ တွေ့နေရသော ကိုယ့်အလုပ်ရှင်အား မြန်းခနဲ ကိုယ့်အိမ်ထောင်ဖက်အဖြစ် လက်ခံလိုက်ရမှာက အိပ်မက်အလား။

မယုံနိုင်စရာ သူမအဖြစ်ကို လက်စွပ်လေးနှစ်ကွင်းက သက်သေတူနေပါသည်။

သူမဘဝ အချိုးအကွေ့ကို သူက ဘယ်လိုဆက်ပြီး ဖန်တီးခေါ်ဆောင်သွားမှာလဲဟု သိချင်သဖြင့် သူ့မျက်လုံးအတွင်းမှ ဖော်ဆောင်နေသော အဓိပ္ပာယ်ပေါင်းများစွာတို့ကို သူမ လက်လှမ်းမီသလောက် ဖတ်ရှုကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကပဲ ထုံပေနေသလား မပြောတတ်။ သူ့မျက်လုံးက ပကာတိတည်ငြိမ်နေသည်ဟု ထင်မိလေသည်။

အေးလေ . . . သူလည်း အခုမှသိရတဲ့ သူ့ရဲ့မင်္ဂလာကိစ္စအတွက် ဘာမှပြင်ဆင်ချိန် ရလိုက်မှာမဟုတ်ပါဘူးလို့ တွေးကာ မျက်နှာလွှဲလိုက်မိသည်။

နှစ်ဖက်မိဘနှစ်ပါးကတော့ သူမတို့ရဲ့ မတည်မငြိမ်ဖြစ်နေသော အမူအရာတို့ကြောင့် သားပေးသမီးယူကိစ္စတွေကို ပြောဖို့ မေ့နေကြသလား မပြောတတ်တော့ပေ။ သူမကိုသာ ကြောင်ငေးစွာ ကြည့်နေကြလေသည်။

ဒီတော့ နှစ်ဖက်မိဘပြောမထွက်ဘဲ ဖြစ်နေသောစကားကို ရွှက်စိမ်း အရဲစွန့်ကာ လက်တွေ့အကောင်အထည်ဖော်လိုက်လေသည်။

ဒီလိုမှ အရဲမစွန့်လျှင် အားလုံး ငုတ်တုတ်။ ဒီပွဲကို မဖြစ်မနေ လုပ်ကြရမည့်အတူတူ ဖခင်စိတ်ချမ်းသာစေရန် သူမ ညာလက်လေးကို လူသစ်၏မျက်နှာရှေ့သို့ ထိုးပေးလိုက်ခြင်း ဖြစ်သည်။

လူသစ်အပါအဝင် မိဘနှစ်ပါး အံ့ဩမှင်တက်မိစွာ ရွှက်စိမ်းအား ပြူးတူးကြောင်တောင်နှင့် ကြည့်ကုန်လေတော့သည်။

ရွှက်စိမ်း ဘယ်သူ့ကိုမှမကြည့်ဘဲ လူသစ်မျက်နှာကိုသာ





စိုက်ကြည့်ပြီး လက်ကို ဆန့်တန်းမြဲ ဆန့်တန်းထားလိုက်၏။

ဒီအချိန်မှာ သတိဝင်လာသူက ဒေါ်ဝတီစိုးဖြစ်လေသည်။

"ဟဲ့ သားလူလူ . . . သမီးလေးကို လက်စွပ်ဝတ်ပေးလိုက်၊ ဝတ်ပေးလိုက်၊ အို ဟဲ့ . . . ဘာကြောင်နေတာလဲ . . . ရော့ ရော့"

ဒေါ်ဝတီစိုး သတိဝင်လာပြီးပြောနေသော်လည်း လူသစ်ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ အူကြောင်ကြောင်ဖြစ်နေသည်မို့ ဒေါ်ဝတီစိုး ထိုင်ရာမှထကာ လက်စွပ်အား သားလက်ထဲသို့ ထည့်ပေးပြီး သားလက်ကိုပါဆွဲ၍ အတင်းဝတ်ခိုင်းလိုက်ရလေသည်။

လူသစ်အလှည့်ပြီးတော့ ရွှက်စိမ်းက ခပ်တည်တည်ပင် လက်စွပ်ကိုယူ၍ ကြောင်အမ်းအမ်းနှင့် ပြန်ထိုင်နေသော လူသစ်၏လက်ကို ဆတ်ခနဲ ဆွဲကာ ဝတ်ပေးလိုက်လေတော့သည်။

သူတို့အဖြစ်ကိုကြည့်ပြီး မိဘနှစ်ပါးမှာ ခုနက အလွမ်းခန်းကိုမေ့ပြီး ဟားတိုက်ရယ်မောနေမိကြလေတော့သည်။

လူသစ်မှာသာ ရယ်မောနေကြသောမိဘများကို ကြည့်လိုက်၊ သူ့အား ရှုတည်တည်နှင့် မျက်စောင်းရွယ်ကာ ကြည့်နေသော ရွှက်စိမ်းကို ကြည့်လိုက်ဖြင့် မျက်နှာကြီးနီမြန်းလာကာ လက်နှစ်ဖက်ကို ပေါင်ကြားထဲ ညှပ်ထားလိုက်ပြီး ရယ်ကျဲကျဲဖြင့် ခေါင်းငုံ့နေမိပါ၏။

ဒေါ်ဝတီစိုး သားဖြစ်ပုံကိုကြည့်၍ ရယ်ဂ



www.burmeseclassic.com

www.burmeseclassic.com



ရယ်၍အားရမှ ရယ်တာကို ရပ်၍ ...

"အောင်မယ်လေး လူလူရယ် ... မေမေ့သား ဒီလောက် ထူ ဒီလောက်အ,ပြီး ဒီလောက်ရှက်တတ်မှန်း အခုမှပဲ သိတော့တယ်၊ သမီးလေးရှက်ဖို့များ ထားပါဦးလားကွယ်၊ ကဲ ကိုနိုင် ... ၁၁မီးရဲ့သတ္တိကို တွေ့တယ်မဟုတ်လား ... သူ့အမေအတိုင်းပဲ၊ ဒါပဲနော် ... ဒီနေ့ကတည်းက သမီးလေးဟာ ဝတီ့သမီးဖြစ်သွားပြီ"

ရွက်စိမ်းအား ဖက်လျက် ဒေါ်ဝတီစိုး မျက်စေ့လေးချီကာ ဦးရန်နိုင်အား ပြောလိုက်လေသည်။

"ဟုတ်ပါပြီ ဟုတ်ပါပြီ ... ဝတီ့သမီးပါပဲ၊ ဒါပေမဲ့ လက်မထပ်ကြသေးခင်တော့ ကိုယ့်သမီးပဲ ဖြစ်ခွင့်ပေးပါဦးနော်"

"အဟင်း အဟင်း"

နှစ်ဖက်မိဘ ရယ်ရွှင်စွာ သမီးလုပွဲကျင်းပနေချိန်မှာ ရွက်စိမ်း မျက်နှာ ဘယ်ထားရမှန်းမသိတော့။ ရှက်သွေးဖြာ၍ ခေါင်းလေး ငုံ့ထားမိလေသည်။

ခုနက ငိုထား၍ မျက်နှာတစ်ခုလုံး ပြောင်တင်းနေရပြီး ရွှဲထားသည့်မိတ်ကပ်တွေပင် ပျက်ကုန်ပြီမို့ နဂိုအသားဝင်းဝင်းလေးမှာ ပန်းသွေးရောင်ထလျက် ကြည့်မဝနိုင်အောင် ဖြစ်နေရတော့သည်။

အမှတ်တမဲ့ ထိုပုံစံလေးကို လူသစ်ကြည့်ပြီး ဘာစိတ်ကူး







ပေါက်သွားသည် မသိ ... ဘေးမှာချထားသော ကင်မရာဖြင့် ရိုက်လိုက်မိလေသည်။

"ဟောတော့ ... အဟင်း အဟင်း"

ဒီတစ်ခါ စိတ်မြန်လက်မြန်ဖြစ်သွားသော သားကို ဒေါ်ဝတီစိုး အံ့သြစွာကြည့်ပြီး ရယ်မိပြန်လေသည်။

အရိုက်ခံလိုက်ရသော ရွက်စိမ်းမှာ လူသစ်ကို မျက်စောင်းထပ်ထိုးလိုက်ပြန်ရာ ဒီတစ်ခါတော့ မခိုးမခန့်ပုံစံဖြင့် ပြုံးစိစိလုပ်ကာ လူသစ် ပြန်ကြည့်နေလိုက်လေသည်။

လူကြီးတွေရှေ့မို့ ရွက်စိမ်း ဘာမှမပြောဖြစ်လိုက်။

နှစ်ယောက်သား၏အဖြစ်မှာ လူကြီးတွေ ဘေးမတီးရပါဘဲ အနည်းငယ် အဆင်ချောသွား၍ သူတို့နှစ်ယောက်၏အနေအထားအား နှစ်ဖက်မိဘတို့မှာ အကျေနပ်စွာဖြင့် ပရိသတ်အဖြစ်နှင့်သာ တိတ်ဆိတ်စွာ ကြည့်နေလိုက်ကြလေသည်။

သည်အချိန်မှာ ...

"အင်း ... ဒီလိုပဲ ဆက်ထိုင်နေရတော့မှာလား ကိုနိုင်၊ ဝတီတို့ကို ထမင်းစားဖိတ်ထားတာမဟုတ်လား။ ဒီနေ့အဖို့ ထမင်းစားရဦးမှာပါနော်"

ဒေါ်ဝတီစိုးကပဲ စ၍ အဲ့ရှုန်းဖောက်လိုက်မှ ရွက်စိမ်း လှုပ်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှုရှုဖြစ်လာပြီး သူမပခုံးပေါ်က ဒေါ်ဝတီစိုးလက်ကို အသာဖယ်ချလျက် ...

"ဖေဖေ ... သမီး ထမင်းပွဲသွားပြင်လိုက်ပါ့မယ် ... ခဏလေးနော် ဖွန်တီ"

ထိုသို့ပြောပြီး ရွက်စိမ်း ထမင်းစားခန်းဘက်သို့ ထွက်ခဲ့လိုက်လေသည်။

ဧည့်ခန်းထဲမှ ဇာတ်လမ်းတွဲအား ထမင်းစားခန်းဝမှ ချောင်းကြည့်နေကြသော မိတိုးတို့သားအမိမှာလည်း ရွက်စိမ်းလာနေသည်ကို မြင်သည်နှင့် သားအမိနှစ်ယောက် အလုအယက် မီးဖိုဘက်ကို ပြေးထွက်ခဲ့ရလေသည်။

ရွက်စိမ်းထွက်သွားသည်နှင့် ဒေါ်ဝတီစိုးက ...

"ကိုနိုင် ... သမီးဆံပင်က ဘာလို့ တိုတိုလေး ဖြစ်သွားရတာလဲဟင်"

ဦးရန်နိုင် သက်ပြင်းချလျက် မချိပြုံးပြုံးကာ အဖြစ်အပျက်များအား အစအဆုံး ပြောပြလိုက်မိပါ၏။

ဒေါ်ဝတီစိုး စိတ်မကောင်းဖြစ်သွားရကာ ရင်ဘတ်လေးဖိလျက် ...

"သြော် ... သနားပါတယ် ကိုနိုင်ရယ်၊ အစောကြီးက





တည်းကများ ဝတီ့ဆီ အပ်ထားပါတော့လား။ အခုတော့ကွယ် သမီးလေးခမျာ သနားစရာ၊ ဒါဆို အနွဲ့နဲ့ တစ်ခါမှ ပြန်မတွေ့ဘူးပေါ့၊ အေးလေ ... ကိုနိုင်နဲ့ ဝတီတို့ ပြန်ဆက်သွယ်မိချိန်ကလည်း နောက်ကျခဲ့တာကိုး"

"ဟုတ်တယ် ဝတီ ... ကိုနိုင်လည်း သူ့သတင်းကို နားမထောင်တော့ဘူး။ အစက အနွဲ့ကို ယုံကြည်ပြီးနေလိုက်မိလို့ ဝတီ့ဆီ မအပ်ထားမိတာပေါ့ကွယ်၊ ကိုယ့်ညီမတစ်ယောက်လုံး ရှိနေရဲ့နဲ့ သူစိမ်းဆီ သွားအပ်ထားရတယ်ဆိုကတည်းက ကောင်းတော့မလား။ တော်သေးတယ် ... သမီးလေးက လိမ္မာရေးခြားရှိပေလို့၊ အခုဟာက ကိုယ့်ကျန်းမာရေးကြောင့် မဖြစ်မနေ သမီးကို ဝတီ့ဆီအပ်တော့တာလေ"

ပြောပြီး မျက်နှာညှိုးကြသွားသော ဦးရန်နိုင်အား တစ်ချိန်လုံး စကားမပြောဖြစ်သော လူသစ်က ...

"စိတ်ချပါ ဦးရယ် ... ရွက်စိမ်းကို ကျွန်တော်က တစ်သက်လုံး စိတ်ချမ်းသာအောင် ထားပါ့မယ်"

"အေးပါ ငါ့တူရယ် ... ဒီစကားကြားရတာနဲ့တင် ဦး အသေဖြောင့်ပါတယ်"

"ဟာ ကိုနိုင်ကလည်း ... သမီးကြားရင် စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါဦးမယ်၊ အဲဒီစိတ်ကို ဖျောက်ထားလိုက်စမ်းပါ၊ ကိုနိုင်ပြောသလို တရားနှလုံးသွင်းပြီး အေးချမ်းတဲ့ ဘုရားရိပ် တရားရိပ်မှာ ခိုလှုံကြည့်လိုက်ပါ ... ထူးခြားလာပါလိမ့်မယ်"

တရားစကားနှင့် နှစ်သိမ့်လိုက်သော ဒေါ်ဝတီစိုး၏အပြောကို ဦးရန်နိုင် ခေါင်းတညိတ်ညိတ်လုပ်၍ ထောက်ခံလိုက်ပါ၏။

ဒီအချိန်မှ ရွက်စိမ်း၏ထမင်းစားခေါ်သံကြောင့် ထမင်းစားခန်းသို့ အားလုံး လျှောက်ခဲ့ကြလေသည်။

ထိုနေ့အဖို့ ထမင်းတစ်ဝိုင်းဝည်းစားကြရင်း အချီပွဲကို ဝိုင်းဖွဲ့၍ ညည့်ခန်းတွင်း၌ အတူတကွစားကြရင်းဖြင့် နှစ်ဖက်မိသားစုမှာ နွေးထွေးမှုတွေနှင့် ရင်းနှီးမှုတွေ တိုးတက်လာပြီး မင်္ဂလာရက်ကိုပင် သတ်မှတ်လိုက်သည်အထိ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်များအား ခေတ္တမေ့သွားနိုင်ကြလေတော့သည်။

♥ ♥ ♥





## အခန်း (၁၂)

ဦးရန်နိုင်၏ကျန်းမာရေးကို အကြောင်းပြု၍ ရွက်စိမ်းနှင့် လူသစ်တို့၏ မင်္ဂလာညည့်ခံပွဲကို ခပ်မြန်မြန်ပဲ ပြုလုပ်လိုကြလေသည်။

ရွက်စိမ်း၏ဆန္ဒဖြင့် အကျဉ်းရုံးလက်မှတ်ရေးထိုးကာ မင်္ဂလာညည့်ခံပွဲကို ရွက်စိမ်းတို့၏ အင်းလျားလမ်းကအိမ်မှာ ကျင်းပခဲ့ပါသည်။

ကုန်းမြင့်မြင့်လေးပေါ်က နှစ်ထပ်တိုက်ကြီးရှေ့ရှိ မြက်ခင်းပြင်ဝယ် တစ်ခုသောညချမ်းလေး၌ ကြည်နူးဖွယ်ဂီတသံများ လွှမ်းခြုံလျက် မင်္ဂလာပွဲလေး ဆင်ယင်ကျင်းပနေပြီ ဖြစ်ပါ၏။

ကြွရောက်လာကြသော ညည့်ပရိသတ်အပေါင်းတို့အား သတို့သား မောင်လူသစ်နှင့် သတို့သမီးလေး မရွက်စိမ်းတို့မှာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လက်ကို တစ်ယောက်တွဲလျက် လိုက်လံနှုတ်ဆက်လို့ နေကြလေသည်။

မီးခိုးရောင်အနောက်တိုင်းဝတ်စုံဖြင့် တက်ကြွလန်းဆန်းနေသော အသစ်စက်စက် သတို့သားလူသစ်မှာ ------------ မှ အထူးမှာယူလိုက်သော ဇာအထပ်ထပ်များဖြင့် ဂါဝန်အဖြူဖားဖားကြီးဖြင့် လိုက်ဖက်စွာ ခေါင်းတွင် စိန်သရဖူလေးဆောင်းထားပြီး ဘာလက်ဝတ်ရတနာမှ မဆင်မြန်းထားသည့် သတို့သမီးအသစ်စက်စက်လေး ရွက်စိမ်းအား လူတွေလစ်တိုင်း စောင်းငဲ့ကြည့်နေရတာ အလုပ်တစ်ခုလို ဖြစ်နေတော့သည်။

ရွက်စိမ်းကလည်း ဂါဝန်ဖားဖားကြီးကို လက်လေးတစ်ဖက်နှင့် မ,ကာ မ,ကာဖြင့် လမ်းလျှောက်ရတာ စိတ်အိုက်နေသော်လည်း လာသမျှလူကို ပြုံးပြနှုတ်ဆက်နေရတာ အတော်စိတ်ပိန်နေရလေသည်။

ဒီကြားထဲ လူသစ်လက်ကို ချိတ်ထားရတာက ပိုပြီး စိတ်ညစ်စရာဖြစ်နေရသည်။ လှည့်လှည့်ကြည့်တတ်လွန်းတဲ့ သူ့ကြောင့် ကိုယ့်ဂါဝန်ကို ကိုယ့်ဘာသာ ပြန်မတက်နင်းမိအောင် မနည်းသတိထားနေရသည့် အဖြစ်။

ကြာလာတော့ ရွက်စိမ်း စိတ်မရှည်ချင်တော့။ လူကျဲသည့်





ဝိုင်းနားရောက်သည်နှင့် မ,ထားတဲ့ ဂါဝန်စကို ချလိုက်ပြီး ...

"ဒီမှာ ... လူကို ဘာလို့ ဒီလောက်လှည့်လှည့်ကြည့်နေရတာလဲ၊ လူတွေဝိုင်းကြည့်နေတာ မရှက်ဘူးလား"

လို့ နှုတ်ခမ်းလေးစူကာ ရန်တွေ့လိုက်လေသည်။ လူသစ်မှာက်ခနဲ တစ်ချက်ရယ်၍ ခေါင်းကို ဆတ်ခနဲယော်လျက်၊ ပြုံးစိစိလုပ်နေပြီးမှ သူမကို ပြန်လှည့်ကြည့်ကာ ...

"မင်းက ဒီနေ့မှ သိပ်လှနေတာကိုး၊ ဘာမှမပြင်မဆင်တဲ့ အပြင် ရွှေငွေရတနာ ဘာလက်ဝတ်လက်စားမှ ဝတ်မထားဘဲ လှနိုင်လွန်းတဲ့ မင်းကို လှည့်ကြည့်မိတာ လွန်လို့လား၊ နောက်ပြီး မင်းက ကိုယ့်ရဲ့ဇနီး၊ အဲဒီတော့ ကြည့်တယ် ... ဘာဖြစ်လဲ"

လူသစ် ထိုသို့ပြောလိုက်တော့ ရွက်စိမ်း အံ့ကြိတ်ပြီး မျက်စောင်းခဲလိုက်လေသည်။

ထိုအမူအရာလေးကိုပဲ လူသစ် ပြုံး၍ကြည့်ကာ ရင်ထဲတွင် ကြည်နူး၍ မဆုံး။

အင်းလျားကန်ဘောင်ပေါ်မှာ တွေ့ခဲ့ရသော ရွက်စိမ်းဆိုသည့် ကောင်လေးအယောင်ဆောင်ထားသော ကောင်မလေး၏စရိုက်အား ခုမှ ပြန်တွေ့ရတော့တယ်ဟု ရင်ထဲမှာ တွေးနေမိသည်။

တိုးတိုးကျိတ်ကျိတ် နှစ်ယောက်သား ဘုဘောက်ကျနေ



www.burmeseclassic.com

www.burmeseclassic.com





သောနေရာဆီသို့ ဖေယျ ခပ်သွက်သွက်လျှောက်လာခဲ့လေသည်။ သူလာတာကိုမတွေ့ဘဲ ဘာတွေသဖန်းထိုးနေကြသလဲလို့ သိချင်တာကြောင့် အသံမပေးဘဲ လျှောက်လာခဲ့လေသည်။ အနားကို ရောက်မှ လူသစ်ပခုံး အသာပုတ်၍ . . .

"ဟေ့ လူကြီး . . . ဘာတွေ သဖန်းထိုးနေကြတာလဲ"

လူသစ် လန့်ပြီး နောက်သို့ ချာခနဲလှည့်ကြည့်လျက် . . .။ သူ့ကို လူကြီးလို့ခေါ်တာ ဖေယျပဲရှိသည်။ ဟုတ်စရာ၌ . . .

"ဟာ . . . အသံမပေး ဘာမပေးနဲ့ကွာ . . . လန့်လိုက်တာ"

"အံမယ် အံမယ် . . . ဘာအခုမှ လန့်တာလဲ၊ ငါပြောတော့ ဓာတ်ပုံတောင် မကြည့်မိဘူးဆိုကွ၊ အခုတော့ မဂ်လာသတို့သမီးက ဘယ်လိုကဘယ်လို မင်းစက္ကူထရီ ဖြစ်နေရတာလဲ"

"ဟာ . . . ဟေ့ကောင် ဟေ့ကောင်"

မချိုမချဉ်မျက်နှာပေးနှင့် ဟောင်ဖွာဟောင်ဖွာလုပ်နေသော ဖေယျပါးစပ်ကို လက်ဝါးနှင့်လိုက်အုပ်ရင်း လူသစ် ဗျာများနေရတော့သည်။

သူတို့နှစ်ယောက် ပြောနေသောစကားရှင့် ဖြစ်စရပ်ကို နား မလည်သော ရွှက်စိမ်းက နှစ်ယောက်လုံးကိုကြည့်ကာ ပြုံးတူးကြောင်တောင်လေး ဖြစ်နေရ၏။





"လာမပိတ်နဲ့၊ လာမပိတ်နဲ့ . . . ဒီပါးစပ်ကြီးက ဖွကို ဖွရမှ ကျေနပ်မှာ၊ ဘာလဲ . . . ငါ ဟိုတစ်ခါမေးတော့ ရွက်စိမ်းအပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူး၊ ဘယ်လိုမှ စိတ်ထဲမှာ ချစ်လို့မရပါဘူးတဲ့၊ အခုတော့ မင်္ဂလာဆောင်တာတောင် ရက်ကပ်မှ သိရတယ်၊ အစတည်းက ဖွင့်ပြောတော့ရော ရှက်ရမယ့်သူတွေမို့လား၊ ဘာလဲ . . . ဒီကောင် ဝင်သုတ်သွားမှာစိုးလို့လား"

"ဟာ . . . ကျွတ် . . . ဖေယျ"

မကျေမနပ်ဖြစ်ကာ လာတွယ်နေသော ဖေယျကို စိတ်ပျက်လက်ပျက်နှင့် လူသစ်ကြည့်ကာ မျက်နှာကိုပါ ရှုံ့မဲ့ထားရင်း ဘေးမှာရပ်နေသည့် ရွှက်စိမ်းအား မလုံမလဲနှင့် လှည့်ကြည့်လိုက်မိသည်။

ရွှက်စိမ်းက ဘာသဘောလဲဆိုသည့်ပုံစံဖြင့် လူသစ်အား အသံတိတ် မျက်လုံးချင်း စကားပြောလိုက်လေသည်။

လူသစ် အဖြေရခက်နေသဖြင့် ဖေယျကပဲ ဝင်၍ ချွန်တွန်းလုပ်လေတော့သည်။

"ဒီလိုရွှက်စိမ်းရေ . . . ဒင်းအမေက သူ့ကို မိန်းမ‌ပေးစားမယ်ဆိုပြီး သူရွေးထားတဲ့ ချွေးမရဲ့ဓာတ်ပုံပေးလိုက်သတဲ့၊ အဲဒါ စိတ်မပါလို့ဆိုပြီး လွှင့်ပစ်လိုက်တာ ဘယ်ရောက်မှန်းတောင် မသိဘူးတဲ့ . . . သူ ပြောတာပဲ၊ အခုတော့ သတို့သမီးက ရွှက်စိမ်းဖြစ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



တို့တွေ အံ့ဩတာပေါ့ . . . !

နောက်ပြီး မင်းစက္ကူထရီကို ငါဖန်ရမလားဆိုတော့ အင်း မလုပ် အဲမလုပ်နဲ့၊ သူ စိတ်မဝင်စားဘူး၊ မင်းသဘောလို့ ပြောတယ်၊ အခု ဘယ်လိုဖြစ်ပြီး သတို့သမီးက ရွှက်စိမ်းဖြစ်နေရတာလဲ''

မဲ့ရွဲ့ပြီးပြောနေသော ဖေယျကို လူသစ် ဒေါသမျက်နှာဖြင့် စိုက်ကြည့်နေသလို ရွှက်စိမ်းကလည်း အသားတွေ တဆတ်ဆတ်တုန် လျက် လူသစ်ကိုကြည့်နေပြီး လက်ညှိုးထိုးကာ . . .

''ရှင် ရှင် လူယုတ်မာ၊ ဒါ ဘာသဘောနဲ့ ကျွန်မကို လက်ထပ်တာလဲ၊ ဟိုနေ့ကတည်းက ရှင့်အမေရှေ့မှာ သဘောမကျရင် မကျဘူးလို့ ပြောလိုက်ရင် တစ်ခါတည်း အဲဒီနေ့ကတည်းက ဖြတ်တယ်၊ အခု . . . အခု ကျွန်မ ဘယ်လိုလုပ်ရမလဲ . . . ရှက်တယ် ရှက်တယ်၊ သိပ်ရှက်တာပဲ''

''ဟာ ရွှက်စိမ်း . . . ဘယ်ကိုပြေးတာလဲ၊ နေဦး နေဦးလေ . . . ကိုယ်ရှင်းပြပါ့မယ်''

ဂါဝန်လေးမကာ မျက်ရည်စက်လက်ဖြင့် တိုက်ထဲသို့ ပြေးဝင်သွားသော ရွှက်စိမ်းနောက်သို့ လူသစ် ပြေးလိုက်သွားမိလေသည်။

ရုတ်ရုတ်သဲသဲဖြစ်သွားသော အခြေအနေအား ငေးသည်တွေကို ငေးခံနေသော ဒေါ်ဝတီစိုးနှင့် ဦးရန်နိုင်တို့ တွေ့သွားပြီး





သူတို့ပါ ပြေးလိုက်သွားကြလေသည်။

ဖိနပ်ကလည်း မြင့်၊ ဂါဝန်ကိုလည်း မ,ရမို့ ရွှက်စိမ်း ပြေးနေရတာ ခရီးမတွင်ဘဲ အနောက်ကပြေးလိုက်လာသော လူသစ် မှီလာသည့်အတွက် ရင်ခွင်ထဲသို့ ဆွဲသွင်းတာကို ခံလိုက်ရလေသည်။

''လွှတ် . . . နင် ငါ့ကိုလွှတ်၊ ငါ့အသားကို မထိနဲ့''

ရုန်းကန်ရင်း သူမ လက်နှစ်ဖက်ကိုမြှောက်၍ မီရာကို ထုနက်နေလေတော့သည်။

''မလွှတ်ဘူး မလွှတ်ဘူး၊ ကိုယ် ရှင်းပြဦးမယ် . . . နားထောင်ဦး၊ စကားဆုံးမှ လွှတ်မယ်''

''နားမထောင်ဘူး၊ နားမထောင်ချင်ဘူး . . . မပြောနဲ့၊ ရှင့်စကားသံကို ကြားကိုမကြားချင်တာ''

ရုန်းရင်းဆန်ခတ်ဖြစ်နေဆဲ အနားကို လူကြီးများ ရောက်လာပြီး ဒေါ်ဝတီစိုးက . . .

''ဒါ ဘယ်လိုဖြစ်တာလဲ လူလူ . . . မင်း သမီးလေးကို ဘာသွားပြောလိုက်လို့ ဒီလို မြင်မကောင်းရှုမကောင်းတွေ ဖြစ်ကုန်ရတာလဲ၊ အခု သမီးကို လွှတ်ပေးလိုက်''

အသံတွေတုန်ခါနေသော ဒေါ်ဝတီစိုး၏အသံကြောင့် လူသစ် ရွှက်စိမ်းကို လွှတ်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





လွတ်ထွက်သွားသည်နှင့် ရွှက်စိမ်း ဖခင်ရင်ခွင်တွင်းသို့ တိုးဝင်ကာ ငိုရှိုက်မိလေသည်။

"ဘယ်လိုလဲ လူလူ ... မင်း ရှင်းပြမှာလား၊ ငါ့ဘာသာ သိအောင်လုပ်ရမှာလား"

ခြေစုံရပ်ပြီး ခေါင်းငိုက်စိုက်ကျနေသော သားကို ဒေါ်ဝတီစိုး ဒေါသကြောင့် မင်းတွေငါတွေနှင့် ပြောနေမိလေ၏။

မိခင်ထံမှ တင်းမာနေသောလေသံကြောင့် အဖြစ်မှန်ကို ဖွင့်ပြောရန် ခေါင်းကိုမော့လိုက်ပြီး ပြဿနာ၏တရားခံ ဖေယျအား အကြိတ်ကာ ကြည့်လိုက်မိလေသည်။

အခုမှ ဖေယျလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကာ အားလုံးရှေ့သို့ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် လျှောက်သွားပြီး သူ့ ပြဿနာ မီးမွှေးလိုက်ပုံအား ပြောပြလိုက်လေသည်။

ဒေါ်ဝတီစိုး စကားအသွားအလာကိုနားထောင်၍ သားကို မျက်ထောက်နီနှင့် စိုက်ကြည့်လျက် ...

"ပြော ... မင်း ဘာဖြစ်ချင်သလဲ၊ ဒီကိစ္စကိုရော ရှင်းပြစရာ စကားရှိသလား"

လူသစ်မျက်နှာကိုပြတ်သားစွာ တင်းပြင်လိုက်ပြီး ...

"သား ရဲရဲဝံ့ဝံ့ ပြောရဲပါတယ် မေမေ ... အစက သား





ရင်ထဲမှာ အလုပ်တာဝန်ကလွဲပြီး ဘာမှစဉ်းစားချိန် မရခဲ့လို့ အချစ်ဆိုတာ ဘာမှန်းမသိခဲ့တာ အမှန်ပါ။ ဖေယျကိုပြောခဲ့တဲ့အတိုင်း မေမေ ပေးတဲ့ဓာတ်ပုံကိုလည်း မကြည့်ဖြစ်ခဲ့ဘူး။ ကြည့်လည်း ဘာထူးမှာမို့လဲ ... မေမေစီစဉ်တာကို နာခံရမှာပဲ မဟုတ်လား ...၊

ရွှက်စိမ်းကို နေ့တိုင်းတွေ့နေရပြီး ချစ်စိတ်မဝင်မိတာလည်း အမှန်ပဲ၊ သူ့ရဲ့ အလုပ်တာဝန်ကျေမှု၊ အလုပ်ကြိုးစားတဲ့စိတ်ဓာတ် လေးကို ချီးကျူးမိတယ် ... ဒါထက် မပိုဘူး ...၊

အဲဒါကလည်း တစ်ချိန် မေမေခင်းပေးတဲ့လမ်းကို လျှောက်ရမယ့်အတူတူ သူတစ်ပါးကိုဒုက္ခမပေးချင်လို့ ဖေယျ လော့်နေတာတောင် သား စိတ်ကူးမယဉ်ကြည့်ခဲ့မိဘူး. ဟိုနေ့ကမှ မေမေ သဘောတူတာ ရွှက်စိမ်းမှန်းသိရတာ ...၊

အဲဒီနေ့က သူခံစားကြေကွဲနေတာကိုကြည့်ပြီး ကရုဏာသက်ရာက ချစ်သွားမိတာ အမှန်ပဲ မေမေ၊ ဒါ သားရဲ့ အမှန်တရားပဲ၊ ယုံချင်ရုံ မယုံချင်လည်း ရတယ်"

စကားအဆုံးသတ်မှာ ငေါ့တော့တော့ ရွှံ့တဲ့တဲ့စကားက ပါလာသေး၍ ဖခင်ရင်ခွင်ထဲကနေ ရွှက်စိမ်း မရဲတရဲလေး လှမ်းကြည့်ပြီး ...

"ဟင့်အင်း ဟင့်အင်း ... အန်တီ ... စိမ်း သူ့ကိုမယုံဘူး



www.burmeseclassic.com

5

www.burmeseclassic.com



ကြောက်တယ်၊ အချစ်ဆိုတာ ဒီလောက်မြန်ဆန်အောင် မွေးမြူလို့ရသတဲ့လား။ မယုံဘူးအန်တီ ... မယုံဘူး''

ခါးခါးသီးသီးနှင့် အထိတ်တလန့်လေး ဖြစ်နေသော ရွက်စိမ်းကို လူသစ် ရီဝေစွာ လှမ်းကြည့်၍ ...

''မင်းမယုံလည်း မတတ်နိုင်ဘူး စိမ်း။ အမှန်တရားက အခုပဲ မင်းနဲ့ငါ မင်္ဂလာဧည့်ခံပွဲ ကျင်းပနေတယ်၊ မနေ့က လက်မှတ်ထိုးပြီးပြီ ကျန်တာ မင်းဆန္ဒပဲ ...၊

နောက်တစ်ခု မင်းသိထားဖို့က အချစ်ဆိုတာ သိပ်ကိုနူးညံ့သိမ်မွေ့တဲ့ ကိုင်တွယ်ပြလို့မရတဲ့ အရာတစ်ခုဆိုတာ မင်းနားလည်ထားလိုက်ပါ။ ဒါလောက်ပဲ ကိုယ်ပြောချင်တယ်''

''မသိဘူး မသိဘူး ... အဲဒါတွေ မသိချင်ဘူး။ စိမ်းသိချင်တာ ရှင် စိမ်းကို အခုကွာပေး ... ဒါပဲ''

''သမီး''

''ဟင်''

''ဟာ''

''အို ... ဖေဖေ''

''ဟဲ့ ... လုပ်ကြပါဦး''

စသည့် အသံမျိုးစုံတို့၏ကြားဝယ် ဦးရန်နိုင် သတိလစ်





လဲကျသွားရလေသည်။

အားလုံး ယောက်ယက်ခတ်. လှုပ်ရှားသွားကြပြီး ဦးရန်နိုင် အရေးပေါ်ခွဲစိတ်မှု ခံယူလိုက်ရလေသည်။

ဆရာဝန်စစ်ဆေးချက်အရ နှလုံးဟက်အတက်ခ် ဖြစ်သည်ဟု ဆိုလေသည်။ နိုင်ငံခြားမှ ဆေးကုသခံယူခဲ့သော ဦးနောက်အကျိတ်ဖြစ်သည့် ရောဂါဝေဒနာနှင့် ဆေးမှတ်တမ်းများကိုလည်း ဆရာဝန်ကြီးက အသေအချာ လေ့လာမှတ်သားလေသည်။

ဦးနောက်အကျိတ်ထက် ရုတ်တရက် ရှော့ခ်ဖြစ်သွားသော နှလုံးက အရေးကြီးနေ၍ နှလုံးကို ခွဲစိတ်ကုသလိုက်ရလေသည်။

ခွဲစိတ်မှုခံယူပြီးသည်နှင့် ဆေးရုံက ပြန်ဆင်းလာပြီး ဦးရန်နိုင် အိမ်မှာ တစ်ပတ်ပဲအနားယူလေသည်။ တရားစခန်းဝင်ရန် ပြင်ဆင်တော့၏။

အားလုံး ဝိုင်းတားလည်း မရ။ ဒီအတိုင်းနေပြီး သေမှာထက်စာလျှင် တရားအားထုတ်ရင်းသေတာ မြတ်သည်ဟု ဦးရန်နိုင်က ဆိုလေသည်။ ထို့ကြောင့် မိုးကုတ်ဝိပဿနာတရားစခန်းတွင် တရားအားထုတ်ရန် ဖွတ်ပင်ထွက်ခဲ့လေသည်။

သမီးဖြစ်သူအား သူ့ကိုချစ်လျှင် မောင်လူသစ်နှင့် သင့်မြတ်စွာနေကြရန် မှာကြားပြီး လှည့်ကိုမကြည့်တော့။ လိုက်ပို့ပါမည်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် လက်မခံ။ တစ်ယောက်တည်း ထွက်သွားလေသည်။

မျက်ရည်စက်လက်ဖြင့် ရွက်စိမ်းတစ်ယောက် လူသစ်တို့ အိမ်ကို လိုက်နေခဲ့ရတော့သည်။

ကိုယ့်အိမ်မှာပဲ နေပါရစေဟု ရွက်စိမ်းက ဒေါ်ဝတီစိုးအား ခွင့်တောင်းသော်လည်း ဒေါ်ဝတီစိုးက ငြင်းဆန်သဖြင့် မဖြစ်မနေ လိုက်ခဲ့ရခြင်းဖြစ်သည်။

ကိုယ့်အိမ်မှာတုန်းကတော့ ဖခင်ကိုပြုစုရတာ တစ်ဖက်၊ အိမ်မှုကိစ္စတွေ ပိုင်းလုပ်ရတာ တစ်ဖက်နှင့် လူသစ်နှင့် မျက်နှာချင်းဆိုင်ချိန် နည်းပါးခဲ့သည်။

နောက်ပြီး လူသစ်က သူ့အိမ်လူပြန်အိပ်တာကြောင့် ရွက်စိမ်း အနေချောင်နေရသည်။ အခုတော့ လူသစ်နှင့် တစ်အိမ်တည်း အတူနေရမည့်အပြင် တစ်ခန်းတည်း အတူအိပ်ရတော့မှာမို့ သူမ အကျပ်ရိုက်နေတော့သည်။

သူမအိမ်ကို တံခါးပိတ်ထားခဲ့၍ ထမင်းချက်မိတိုးတို့ သားအမိကိုပါ တစ်ခါတည်း ခေါ်လာခဲ့ရသဖြင့် အိမ်မှုကိစ္စတွေမှာ အရင်လို လူသစ်က လုပ်ခွင့်မပေးခဲ့။

ဒေါ်ဝတီစိုးကလည်း တားမြစ်လေသည်။ ဒီတော့ တစ်နေ့ တစ်နေ့ လူသစ်ဝေယျာဝစ္စနှင့်သာ အချိန်ကုန်ပြီး အားအားရှိ အခန်း





အောင်းကာ စာဖတ်နေခဲ့ရလေသည်။ ကုမ္ပဏီမှာ အလုပ်ပြန်လုပ်ခွင့် မရတော့တာက ပိုဆိုး၏။

အခုမှ နေသားကျသွားလို့ တော်သေးသည်။ ရောက်စက ဆို ရွက်စိမ်း အခက်တွေ့ပုံများ တစ်ည တစ်ည အိပ်မပျော်ခဲ့။ စားရ သောက်ရတာလည်း မျိုမကျ။ မြန်တွေးကြည့်တိုင်း ရယ်ရမလို ငိုရမလို။

ရောက်သည့်ညကများ လူသစ်အခန်းထဲက နှစ်ယောက်အိပ်ခုတင်ကြီးကိုကြည့်ကာ ရွက်စိမ်း နေစရာမရှိအောင် ဖြစ်နေရသည်။

ညမိုးချုပ်လေ ငိုချင်လေပါပဲ။

ဒါပေမဲ့ ဒီလူ့ကို အောက်ကျမခံချင်၍ သူ့ရှေ့မှာ ခပ်တင်းတင်းနေခဲ့ရသည်။

"ဒီမှာ ... ရုပ်ရှင်တွေ, ဝတ္ထုတွေထဲကလိုတော့ ရှင် ဒရင်းဘက်ခ်ပေါ်မှာအိပ်၊ ကျွန်မ ခုတင်ပေါ်မှာအိပ်မယ်လို့ အနိုင်ယူပြီး မပြောချင်ပါဘူး။ ဒီခုတင်ပေါ်မှာပဲ ရှင်ရော ကျွန်မပါ နှစ်ယောက်လုံး အိပ်မယ်၊ ဒါပေမဲ့ ခြင်ထောင်တစ်လုံးထဲမှာ အတူမအိပ်နိုင်ဘူး။ ခုတင်ပေါ်မှာပဲ ခြင်ထောင်တစ်ယောက်တစ်လုံးထောင်ပြီး အိပ်မယ် ...၊

ကျွန်မအသားကိုလည်း လာထိဖို့ မကြိုးစားနဲ့၊ ဟော



www.burmeseclassic.com

www.burmeseclassic.com



ဖက်ခေါင်းအုံးနှစ်လုံးကို အလယ်ကထားပြီး အိပ်မှာနော်၊ ရှင့်ကိုယ်ကျင့်တရားကို စမ်းသပ်လို့ကျေနပ်မှ ရှင့်ကို ကျွန်မလက်ခံမှာ၊ မချစ်တတ်တဲ့ ရှင့်ရဲ့နှလုံးသားကို ဆက်ပြီးမချစ်တတ်အောင်နေဖို့ ရှင့်ကိုယ်ရှင် ဆုံးမပါ ...၊

ဒါပဲနော် ... ပြောတဲ့အတိုင်းမနေလို့ကတော့ ရွှက်စိမ်းအကြောင်း သိသွားစေရမယ်''

ကလေးအတွေးနှင့် တစ်ဖက်သတ် သူမဆန္ဒများကိုသာ တင်ပြနေသော ရွှက်စိမ်းအား ထိုနေ့က လူသစ်အပြုံးနဲ့သာ တုံ့ပြန်ခဲ့ပါသည်။ ဘာမှ စောဒကမတက်ခဲ့။

သူမကတော့ အိမ်ကနေ ကြိုတင်ပြင်ဆင်လာသည့်အတိုင်း တစ်ယောက်အိပ်ခြင်ထောင်နှစ်လုံးကို လက်တွေ့ပင် ခုတင်ပေါ် ခြင်ထောင်နှစ်လုံး ထောင်လိုက်လေသည်။

ထိုညအဖို့ နှစ်ယောက်စလုံး အိပ်မပျော်ခဲ့ကြ။ ရွှက်စိမ်းဘက်မှ ပျံ့လွင့်လာသော ကိုယ်သင်းရနံ့လေးကို ရှူရှိုက်ရင်း ရင်ခုန်လိုက်မောစွာ အိပ်မပျော်ခဲ့သူက လူသစ်ဖြစ်နေရသလို ခြင်ထောင်တစ်လုံးစီ အိပ်ကြရသော်လည်း ခုတင်တစ်လုံးတည်းမှာ နှစ်ယောက်အတူ ရှိနေရခြင်းအတွက် ကျောထဲကစိမ့်၍ ကြက်သီးဖြန်းဖြန်းထကာ ရင်ခုန်လိုက်မောစွာ အိပ်မပျော်နိုင်ခဲ့သူက ရွှက်စိမ်းဖြစ်ပါလေ၏။





ဤသို့ဖြင့် သူတို့နှစ်ယောက်အဖို့ မင်္ဂလာဦးညဆိုတာ ဘာမှန်းမသိလိုက်ရဘဲ အကြင်လင်မယားဘဝနှင့် တစ်အိမ်တည်း တစ်ခန်းတည်းမှာ အတူနေဖြစ်နေကြရလေသည်။

မည်သို့ပင်ဆိုစေ ရွှက်စိမ်း မယားဝတ္တရားတော့ ကျေပွန်ခဲ့ပါသည်။

မနက်အိပ်ရာကထတယ်ဆို လူသစ် မျက်နှာသစ်ရန် သွားတိုက်ဆေး၊ သွားတိုက်တံ၊ မျက်နှာသုတ်ပဝါတို့အား အရန်သင့်ပြင်ပေးထားပြီးဖြစ်၏။

ကုမ္ပဏီသွားလျှင် ဝတ်ရမည့် အဝတ်အစားကအစ ထုတ်ပေးထားလေသည်။ သို့သော် စကား တစ်ခွန်းမှမပြော။

နံနက်စာစားရန်အတွက် ပြင်ပေးလျှင်လည်း ဘာစားမလဲ၊ ဘာသောက်မလဲ မေးမနေ။ သူက မိခင်ဒေါ်ဝတီစိုးအား သူကြိုက်တတ်သည်များကို မေးထားပြီး တစ်နေ့တစ်မျိုး မရိုးရအောင် ပြင်ဆင်ထားပေးလိုက်၏။ ပူပူနွေးနွေး ဖြစ်အောင်တော့ စားခါနီးမှ ဂရုတစိုက်ပြင်ဆင်ပေးတတ်လေသည်။

ထိုသို့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြသော်လည်း ရွှက်စိမ်းပြုလုပ်ပေးသမျှကို လူသစ်က ကျေနပ်စွာ ခံယူ၍ ပြင်ဆင်ကျွေးသမျှကို မကြိုက်ဘူး ကြိုက်တယ် ပြောမနေ၊ ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



ရွာ စားသောက်မြို့ ဖြစ်၏။

သားနှင့်ချွေးမ အိမ်ထောင်ရေးပရိုပကွအား ဒေါ်ဝတီစိုး သိနေမြင်နေရသော်လည်း ဘာမှဝင်မစွက်ဖက်။ သူတို့အသိနှင့် သူတို့ ပြောင်းလဲလာမည့်နေ့ကိုသာ စောင့်ကြည့်နေရန် ဆုံးဖြတ်ထားလေသည်။

ဒါကြောင့် ချွေးမကိုလည်း အပြစ်မပြော၊ အလိုက်အထိုက်ပင် နေလိုက်၏။ သားကိုလည်း အပြစ်မမြင်၊ ကြည်ဖြူစွာ ခွင့်လွှတ်လိုက်ပါသည်။

သည်လိုနှင့်ပဲ လူသစ်နှင့်ရွှက်စိမ်းတို့၏ အိမ်ထောင်သက်က ၆ လဆိုသော နှစ်ဝက်ကို ကျိုးခဲ့ပါလေပြီ။

သို့သော် အိမ်ထောင်ရေးအခြေအနေက တိုးတက်မလာ။ ထိုနည်းရင်းနှင့်သာ ရှိနေပါသေးသည်။

ဒီတော့ ဒေါ်ဝတီစိုး စိတ်မသက်မသာနှင့် သက်မ,ခိုးချနေရလေသည်။

♥ ♥ ♥





အခန်း (၁၃)

"ဟင် … ဒါဆို မင်းအိမ်ထောင်ရေးက ဘာအိမ်ထောင်ရေးလဲကွ"

တစ်နေ့ … လူသစ် ရင်ဖွင့်ရန် မဟာမိတ်စားသောက်ဆိုင်သို့ ဖေယျုအား ချိန်းဆိုလိုက်လေသည်။

ဒီလိုဆိုင်မျိုးတွေက စောစောပိတ်လေ့ မရှိ။ အိမ်မပြန်ချင်သေးသော လူသစ်မှာ ကြာကြာနေနိုင်မည့်နေရာကို ရွေး၍ သူငယ်ချင်းအား ချိန်းလိုက်ခြင်းဖြစ်သည်။

သူ့ရင်ဖွင့်တာကို နားထောင်ပြီး ဖေယျု ကြားထဲက ဒေါဖောင်းနေတော့သည်။ မေးတာကို မဖြေဘဲ အရက်ထည့်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်ကိုသာ လက်ထဲမှာကိုင်ပြီး ဟိုလှည့်ဒီလှည့် လှည့်နေသည်မို့ ဖေယျ သည်းမခံနိုင်တော့ဘဲ လူသစ်လက်ထဲက အရက်ဖန်ခွက်အား ဆွဲယူပြီး ခုံပေါ်ယူတင်လိုက်တဲ့အထိ ဒေါသထွက်နေရ၏။

"မင်းအမေက ဘာမှ ဝင်မပြောဘူးလား"

လူသစ် မျက်လုံးစုံမှိတ်လျက် ခပ်မှဲ့မှဲ့ပြုံးပြီး ခေါင်းကို ဖြည်းညင်းစွာ ခါပြလိုက်သည်။

ဖေယျ စိတ်တိုလာကာ လူသစ်လက်ကို ဖျတ်ခနဲဆွဲလိုက်ပြီး ...

"ပါးစပ်က ပြောစမ်းပါကွာ ... မင်းကရော သူပြောတဲ့အတိုင်း နေလိုက်တာပဲလား"

"ဟာ ... မနေလို့ သူကမှ မကြည်ဖြူတဲ့ဟာ၊ ငါ့အချစ်ကို သူ မယုံသရွေ့ ဒီအတိုင်းပဲ နေရမှာပဲ"

"ဘာကွ ... အဲဒါ မင်း လူသိရှင်ကြား လက်ထပ်ထားတဲ့ မင်းရဲ့မိန်းကလေး၊ ဘယ်သူကမှ လက်ထပ်ပြီး ထိုင်မကြည့်နေဘူး ဟေ့ကောင်"

"အေး ... အခု ငါထိုင်ကြည့်နေရတယ်"

"ဟ"

ဖေယျ အံ့ဩလွန်း၍ ဘာမှ ဆက်မပြောမိတော့။ အရက်





သောက်လိုက်၊ အမြည်းစားလိုက်လုပ်နေသော သူငယ်ချင်းဖြစ်သူကိုသာ သနားစရာ သတ္တဝါတစ်ကောင်နှယ် ငေးကြည့်နေမိပါ၏။

စီးပွားရေးမှာသာ ထူးချွန်ထက်မြက်သော သူငယ်ချင်းဟာ မိန်းမကိစ္စ ကင်းရှင်းပြီး မိန်းမကျွမ်းမကျေတာ သိနေပါ၏။ သို့သော် ဒီလောက် စောင့်ထိန်းနိုင်လိမ့်မည်ဟု ထင်မထားခဲ့။ အခုတော့ မယုံနိုင်အောင် အံ့ဩရပါသည်။

ဖေယျ ဘာဆက်ပြောရမှန်းမသိတော့။ အခုထိ အရက်ကို တစ်ခွက်မှ မသောက်ရသေး။ လူသစ် ရင်ဖွင့်စကားက သူ့ကို မူးနောက်ရီဝေစေခဲ့ပြီလား မပြောတတ်။ ခေါင်းထဲမှာတောင် နောက်တောက်တောက် ဖြစ်လာရသည်။

တစ်ခွက်ပြီးတစ်ခွက် သောက်နေသော သူငယ်ချင်းကိုသာ အားပေးနှစ်သိမ့်တော့မည်ဟု တွေးကာ လူသစ်၏ပခုံးကို အသာကိုင်၍ ...

"အရမ်းသောက်မနေနဲ့ သူငယ်ချင်းရယ်၊ တကယ်ဆို မင်းတို့ကိစ္စမှာ ငါ တရားခံပါ၊ ငါသာ ဝင်မနှောက်လိုက်ရင် ဒီလိုဖြစ်လာမှာ မဟုတ်ဘူး၊ ငါသိထားတာနဲ့ ကြားလိုက်ရတာက ဆန့်ကျင်ဘက်ဖြစ်နေလို့ မင်းကိုဒေါသထွက်ပြီး ပြောမိသွားခဲ့တာပါကွာ၊ ငါ့ကိုသာ ခွင့်လွှတ်လိုက်ပါတော့ ...၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ဘုန်းသစ်အောင်ကလည်း မင်းကိုပြောမလို့ လာတာ၊ ဒီရောက်လာတော့ ဒီမှာက ပြဿနာဖြစ်နေတာနဲ့ သူ ငြိမ်နေလိုက်ရတာ''

''ဘုန်းသစ်အောင်က ဘာပြောစရာရှိနေလို့လဲ''

မှုန်နေပေမယ့် နားကကြားနေရ၍ လူသစ် ပြန်မေးလိုက်သည်။

''မင်းကို မဟုတ်ပါဘူး . . . မင်းအမေလေ၊ မင်း စက္ကူထရီ ခန့်လိုက်တယ်ဆိုတော့ သားကိုပေးစားမယ့်သူ ရှိပြီးသားမို့ သားနဲ့ သူ့စက္ကူထရီ အနေအထိုင်ဘယ်လိုရှိလဲဆိုတာ သွားအကဲခတ်ပေးပါဆိုလို့ မင်းဆီ သူရောက်လာသေးတယ်ဆို၊ အခု သတို့သမီးက ရွှက်စိမ်းဖြစ်နေတော့ သူလည်း မျက်စိလည်သွားတာပေါ့ကွ''

လူသစ် မှုန်မှုန်နဲ့ပဲ ဘုန်းသစ်အောင်ရောက်လာပုံကို ပြန်ခဲ့စားနေဖြစ်သည်။ တစ်ခါမှ အလုပ်မအားခဲ့ပါဘူးဆိုသူက တကူးတက ကုမ္ပဏီထိ ရောက်လာရပုံအား အခုမှ ရှင်းသွားတော့သည်။

ဟုတ်တော့လည်း ဟုတ်ပါသည်။ အားလုံး မျက်စိလည်တာလည်း အပြစ်မဆိုသာ။ မိမိတောင် အဲဒီနေ့က ငုတ်တုတ်မေ့သွားရသည့် အဖြစ်။

တကယ်တမ်း တွေးကြည့်တော့ ဘယ်သူ့ကိုမှ အပြစ်တင်လို့





မရ။ ကံကြမ္မာကိုသာ အပြစ်တင်ရတော့မည်သာ။

ရယ်တော့ရယ်ချင်စရာပင်။ စဆုံလိုက်တည်းက ရုပ်ရှင်ဆန်ဆန်။ ဆက်တိုက်ပင် ရုပ်ရှင်ဆန်နေသေး၏။ ဇာတ်သိမ်းတော့ ဘယ်လိုသိမ်းမည်မသိ။ တွေးရင်း တွေးရင်း လူသစ် လောကကြီးနှင့် ခဏအဆက်အသွယ်ပြတ်သွားတော့သည်။

စီးပွားရေးမှာ ဘယ်သူ့မှမယှဉ်နိုင်သည့် သူငယ်ချင်းက အိမ်ထောင်ရေးမကောင်းသည့်အတွက် အရက်ကို ထိုသို့ သတိလစ်သည်အထိ သောက်နေပါသည်ဟု သတင်းစာထဲမှာ ထည့်ရမလိုပင်။

တစ်ခါမှ ထိုသို့သောက်တာ မတွေ့ဖူးသော ဇေယျာမှ ခေါင်းတယမ်းယမ်းနှင့် သက်ပြင်းတချချ ဖြစ်နေရလေသည်။

နောက်ဆုံး စိတ်မကောင်းလျက်နဲ့ပဲ အိမ်တိုင်ရာရောက်လိုက်ပို့လိုက်ရလေသည်။

လူသစ်၏အိမ်တွင်လည်း ညှို့ခံပွဲရှိရင်တောင်၊ ဒီအချိန်ထိ မနေဖူးသော သူ့အတွက် အိမ်သားတွေ ပျာယာခတ်အောင် စိတ်ပူနေကြလေသည်။

ထိုအထဲမှာ ရွှက်စိမ်းတစ်ယောက်လည်း အပါအဝင် ဖြစ်လေသည်။

ပြန်ရောက်ချိန်တန်သည့်တိုင် ပြန်မရောက်လာသော သား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ညှော်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လည့်တဆန့်ဆန့်ဖြစ်နေသော ဒေါ်ဝတီစိုးကိုကြည့်ကာ ရွှက်စိမ်းမျက်နှာ ဆီးရွှက်လေးလောက်သာ ရှိတော့လေသည်

အချိန်နောက်ကျရခြင်းအကြောင်းရင်းကို ဖုန်းဆက်မပြောသဖြင့် ပို၍ စိတ်ပူနေကြခြင်းဖြစ်သည်။

သူမပရောဂမှ ကင်းရဲ့လား ... ဆိုသည့်အတွေးကြောင့် ရွှက်စိမ်းမှာလည်း ဂနာမငြိမ်။ ညှော်ခန်းက ဆိုဖာမှာ ထိုင်နေလိုက်၊ အိမ်ရှေ့က ကားသံများကြားရမလားဆိုပြီး လည်ပင်းလေးရှည်ကာ မျှော်ကြည့်လိုက်နှင့် ရင်မှာ လှိုက်ခုန်နေရ၏။

တိတ်ဆိတ်နေသော ညှော်ခန်းအတွင်း အသက်ရှူသံများကိုပင် ကြားနေရသယောင်။ ထိုတိတ်ဆိတ်ခြင်းကပဲ ရွှက်စိမ်းအားခြောက်လှန့်နေလေသည်။

သူ့စကားတစ်ခွန်းကြောင့် မာနလေး တင်းထားမိခဲ့တာ၊ အခု သူ အိမ်အပြန်နောက်ကျတာလေးနဲ့တင် ရင်ထဲမှာ မခံမရပ်နိုင်အောင် ခံစားနေရလေသည်။

ဒါဟာ အချစ် ... လို့ သတ်မှတ်မည်ဆိုက သူမ သူ့ကို ချစ်နေခဲ့ပြီလား။

စိုးရိမ်ပူပန်မှုကြောင့် သူ တစ်ခုခုဖြစ်နေပြီလားဆိုသည့်





အတွေးက ဝင်လာပြန်တော့ သွေးပျက်မတတ် ချောက်ချားနေရလေသည်။

သူမနည်းတူ စိုးရိမ်စိတ်ဖြင့် စိတ်လှုပ်ရှားနေသော ယောက္ခမကို ရွှက်စိမ်း မရဲတရဲလှမ်းကြည့်လိုက်ရာ သူမကို စိုက်ကြည့်နေချိန်နှင့် တိုးသွားတာကြောင့် ဆတ်ခနဲ တုန်သွားရလေသည်။

ဒေါ်ဝတီစိုး ချွေးမကို အကဲခတ်သလို ကြည့်နေပြီးမှ ...

"သမီး ... သားနဲ့ စကားများကြသေးလား"

အနီးစပ်ဆုံးစကားကို ဒေါ်ဝတီစိုး မေးလိုက်ခြင်းဖြစ်သည်။ တစ်ခါမှ ယခုလို အိမ်ပြန်နောက်မကျဖူးသောသားမှာ အနီးစပ်ဆုံးပြဿနာက အိမ်ထောင်ရေးကိစ္စပဲ ရှိသည်။ ဒါကြောင့် ချွေးမကို မေးရခြင်းဖြစ်လေသည်။

"စိမ်းနဲ့ ဘာပြဿနာမှဖြစ်မသွားဘူး အန်တီ၊ စကားအပြောနည်းကြပေမယ့် စကားများရလောက်အောင် ဘာပြဿနာမှ ဖြစ်မသွားပါဘူး၊ မနက်ဖြန် ဖေဖေ့ဆီလိုက်ပို့ပါလို့ ပြောတုန်းကတောင် လိုက်ပို့မယ်လို့ ပြောသွားသေးတာယ်"

ရွှက်စိမ်း အမှန်အတိုင်း ပြောလိုက်ခြင်းဖြစ်ပါသည်။ မင်္ဂလာညှော်ခံပွဲနေ့က တင်းမာသွားသော အခြေအနေကြောင့် တစ်ယောက်ကို တစ်ယောက် မကြည်မလင်ဖြစ်နေကြပေမယ့် ပြောသင့်သည့်စကား



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ပြောဖြစ်ကြပါသည်။ တစ်ခုတော့ ရှိတာပေါ့လေ . . .။

ဟော . . . ကားသံကြားတယ်၊

ရွှက်စိမ်း အတွေးမဆုံးလိုက်ပါ၊ ခြံဝမှာ မီးထိုးပြီး ဟွန်းတီးနေသောကားသံကြောင့် အတွေးစကိုဖြတ်ပြီး ခြံတံခါးကို ကသောကမျော ပြေးဖွင့်မိလေသည်။

ကားမောင်းသူနေရာမှာ ဖေယျကိုတွေ့လိုက်ရ၍ ရင်ထဲဒိန်းခနဲဆောင့်ခုန်ရင်း ကားနောက်ကနေ ခပ်သွက်သွက် လိုက်သွားမိသည်။

ကားတံခါးဖွင့်ပြီး ဖက်ကျိုးနေတဲ့ လူသစ်အား ဖေယျ တွဲခေါ်နေတာကို တွေ့လိုက်သည့်တွင် ရွှက်စိမ်း ဘယ်လိုမှ ဟန်မဆောင်နိုင်တော့။ တစ်ဖက်ကနေ ပြေး၍တွဲလိုက်မိသည်။ ဖေယျကိုပါ စောင်းငဲ့ကြည့်ပြီး . . .

"ဘယ်လိုဖြစ်တာလဲဟင် ကိုဖေယျ"

"သား ဘယ်လိုဖြစ်ပြီး ဒီအထိ သောက်ရတာလဲ မောင်ဖေယျ"

စိုးရိမ်ပြီး ရွှက်စိမ်းမေးလိုက်သလို အိမ်တံခါးဝကနေ သားဖြစ်အင်ကိုကြည့်ကာ စိတ်ထိခိုက်သွားသော ဒေါ်ဝတီစိုးကပါ ဆက်မေးလိုက်လေသည်။

❦ ရွှေစကားစာပေ ❦



ဖေယျ မျက်နှာမသာမယာဖြင့် ခေါင်းကိုခါယမ်းပြလျက် . . .

"ကျွန်တော်လည်း ဘယ်လိုရှင်းပြရမှန်း မသိတော့ပါဘူး အန်တီ၊ မနက်ကျမှ သူအမူးပြေတဲ့အချိန် မေးကြည့်လိုက်ပါ"

ဤသို့သာပြောပြီး အခန်းတံခါးအထိ လိုက်ပို့ထားခဲ့ကာ ပြန်သွားလေတော့သည်။

အမူးလွန်ပြီး တရှူးရှူးအိပ်ပျော်နေသော လူသစ်ကို ရွှက်စိမ်း စောင်ခြုံပေး၊ ခြင်ထောင်ချပေးပြီး ရပ်ကြည့်နေမိသည်။

သည်ပြဿနာ၏ အရင်းအမြစ်သည် သူမနှင့်သာ ပတ်သက်နေလိမ့်မည်ဟု ယုံကြည်လိုက်မိလေသည်။

ဒါဆို သူမဘက်က လွန်သွားပြီလားလို့ တွေးလိုက်ပြန်တော့ အတွေ့ကြီးတယ်ပြောလည်း ခံလိုက်ရုံသာ။ ဘယ်နည်းနဲ့မှ မလွန်ဘူးဟု မာနနှင့် တင်းခံလိုက်သည်။

ဟုတ်တယ် . . . ကိုယ့်ကို မချစ်ပါဘူး၊ မိဘပေးစားလို့ ယူရတာပါလို့ ကြွေးကြော်နေတဲ့လူတစ်ယောက်ကို ဘယ်လိုယုံစား အားကိုးရမှာတဲ့လဲ။

ဒီကလည်း အချစ်က ဘာမှန်းမသိရဘဲ ဖခင်၏စိတ်ချမ်းသာမှုတစ်ခုတည်းအတွက် သူ့ကို လက်မထပ်ချင်ဘဲ လက်ထပ်ခဲ့တာကို

❦ ရွှေစကားစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



သူသိထားစေချင်သည်။

ဒီတော့ မချစ်ကြသူအချင်းချင်း တစ်နေ့ကွဲကြမယ့်အတူတူ အစကတည်းက မပေါင်းသင်းကြတာ မကောင်းဘူးလား။ ဒါကိုမှ ရှက်စိမ်းလွန်းတယ်လို့ ထင်လည်း ထင်ကြပါစေတော့။

အတွေးနှင့် မျက်နှာလေးမဲ့လျက် အခန်းတံခါးပိတ်ရန် တစ်ဖက်သို့လှည့်လိုက်စဉ် အခန်းဝကနေ လှည့်ထွက်သွားသော အရိပ်တစ်ခုကြောင့် ရှက်စိမ်း ရှေ့ဆက်မသွားဖြစ်ဘဲ ခြေစုံရပ်နေမိပါတော့သည်။

♥ ♥ ♥



## အခန်း (၁၄)

"ပြောစမ်း လူလူ ... မင်း မနေ့က လူမှန်းသူမှန်းမသိအောင် မူးလာရတာ ဘာတွေများ ပြဿနာကြီးကြီးမားမား ရှိနေလို့လဲ"

မနက် လက်ဖက်ရည်ဝိုင်းသို့ ဆင်းမလာသော သားအား အခန်းထဲထိလိုက်လာပြီး ဒေါ်ဝတီစိုး မေးလိုက်မိလေသည်။

ညက သောက်တာများသွား၍ ခေါင်းတွေအုံခဲနေသဖြင့် လူသစ် မထနိုင်သောကြောင့် အိပ်ရာထဲမှာ ဆက်အိပ်နေခြင်းဖြစ်သည်။

အနားမှာလာပြီး မိခင်ဖြစ်သူက တဖျစ်တောက်တောက် ပြောနေတော့ မျက်လုံးကို အားယူဖွင့်လျက် ...

"တောင်းပန်ပါတယ် မေမေ ... နောက်ကို သား ဒီလို



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေရပါဘူးလို့ ကတိပေးပါတယ်''

''မေမေမေးတာ ဒါမဟုတ်ဘူးလေ လူလူ၊ မင်းနဲ့ရွက်စိမ်းတို့ အိမ်ထောင်ရေးအဆင်မပြေတာ မေမေသိတယ်၊ ဒါပေမဲ့ တစ်နေ့ပြေလာနိုး, တစ်နေ့ နားလည်လာနိုးနဲ့ စောင့်ကြည့်နေခဲ့တာ၊ အခုတော့ ဒီအထိတောင် ဖြစ်လာနေမှ ဆက်မပေါင်းချင်ရင်လည်း အခုကတည်းက ကွာလိုက်ကြတာ ကောင်းမယ်ထင်တယ် . . .၊

တော်ကြာ မတော်တဆ သားသမီးတွေ, ဘာတွေရနေမှ ဒီ ကလေးသံယောဇဉ်ကြောင့် ကွာရ,ပြုရ ခက်နေပါဦးမယ်၊ အဲဒီကျမှ မပေါင်းချင်ဘဲ ဆက်ပေါင်းနေကြရရင် မကောင်းဘူးနော်''

ဒေါ်ဝတီစိုး သားကိုရော ခုတင်ဘေးမှာ ကုပ်ချောင်းချောင်းရပ်နေသာ ချွေးမကိုပါ တစ်လှည့်စီကြည့်ပြီး ပြတ်ပြတ်သားသား ပြောလိုက်လေသည်။ မျက်နှာကိုလည်း တင်းနိုင်သမျှ တင်းထားမိ၏။

အရင်သားသမီးတွေတုန်းက တစ်ခါမှ ဝင်မပါဖူးသော အိမ်ထောင်ရေးကိစ္စတွေကို ဒီသားနဲ့ကျမှ အစွန်းဆုံးထိ ဝင်ပါနေရလေသည်။

ဝင်မပါလို့လည်း မဖြစ်။ အပျက် အပျက်နှင့် နှာခေါင်းသွေးထွက်မှာ မြင်နေသောကြောင့် အကြောင်းတိုက်ဆိုင်တုန်း ပြောနေရခြင်းဖြစ်သည်။

❦ ရွှေစကားစာပေ ❦



နေရာတကာ ဝင်မပါချင်၍ မသိလိုက်မသိဘာသာ နေခဲ့မိတာ အခုတော့ ကြည့်နေလို့မဖြစ်တော့ပါ။ ဒါကြောင့် အခြေအနေမလွန်ခင် ဝင်ပါရခြင်းဖြစ်၏။

သားရော ချွေးမမှာပါ ဖအေတစ်ယောက်၊ မအေတစ်ယောက်စီပဲ ရှိကြတာ။ ဟိုတစ်ယောက်က ကျန်းမာရေးကြောင့် တရားနှင့်သာ ပျော်မွေ့သွားပြီမို့ ဒီသားနှင့်ဒီချွေးမကိစ္စက ကိုယ့်ခေါင်းပေါ်မှာ တာဝန်လုံးလုံး ရှိနေပြီဆိုတော့ ဒီ့အတိုင်းထိုင်ကြည့်နေလျှင် ပိုဆိုးဖွယ်ရာ ရှိတော့သည်။ ဒီတော့ ကိုယ့်မှာ မိန်းမကြမ်းကြီး လုပ်ရပါလေပြီ။

''လူလူ . . . မေမေပြောတာ ပြန်ဖြေဦးလေ''

မျက်လုံးမှိတ်ပြီး နှုတ်ဆိတ်နေသော သားကို ဒေါ်ဝတီစိုး ထပ်ပြီး မေးလိုက်ပြန်သည်။

''ကျွတ် . . . မေမေကလည်း စိုးရိမ်စရာမဟုတ်တာ စိုးရိမ်နေတယ်၊ သားချစ်လို့ လက်ထပ်ထားတဲ့မိန်းမကို ဘာအကြောင်းပြချက်နဲ့မှ ကွာမပေးဘူး မေမေ၊ နောက်ကို ဒီလိုမဖြစ်ရဘူးလို့ သားကတိပေးရင် မေမေကျေနပ်ပါတော့''

လူသစ် မျက်လုံးမဖွင့်ဘဲ ပြန်ပြောလိုက်လေသည်။ အရှိန်မပြေဖြစ်နေတဲ့ သားရဲ့ အာလေးလျှာလေးအသံကို ဒေါ်ဝတီစိုး နားထောင်ပြီး မကျေမချမ်းနှင့် ချွေးမဘက်ကို လှည့်၍ . . .

❦ ရွှေစကားစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



"သမီးကရော . . . သမီးဖြစ်ချင်တာကို အခုတစ်ခါတည်း ပြော၊ မလွန်မကျွန်ခင် အန်တီ အားလုံးဖြစ်အောင် လုပ်ပေးမယ်၊ ဒီလိုသာ ဖွဲ့မီးလို တငွေ့ငွေ့လောင်နေရင် ကြာတော့ ဝှန်းခနဲ ထတောက်မှ ငြိမ်းမရ၊ ပြုမရ ဖြစ်နေမှာစိုးတယ်၊ သမီးသဘောကို ပြောပါဦး"

"ရှင်"

ဘာပြန်ဖြေရမှန်းမသိ၍ ဒေါသထွက်နေသော ယောက္ခမကိုသာ ရွှက်စိမ်း တုန်တုန်ယင်ယင်နှင့် ကြည့်နေမိသည်။

အသေအချာ စိုက်ကြည့်နေသော ယောက္ခမကို အပြစ်ရှိနေသူမို့ တန်ပြန်မကြည့်ရဲတာကြောင့် မျက်နှာကို ကမန်းကတန်း လွှဲလိုက်ပြီး လူသစ်အား ဖျတ်ခနဲ ကြည့်လိုက်မိသည်။

မျက်လုံးတို့ မှေးစင်းပြီးကြည့်နေသည့် လူသစ်ကလည်း သူမထံမှအဖြေကို စောင့်နေတာတွေ့ရ၍ ရွှက်စိမ်း ဖြေမိဖြေရာ ဖြေလိုက်မိလေသည်။

"ဟို ဟိုလေ . . . ရွှက်စိမ်းလည်း ဟို . . . ကွာဖို့အထိ မဖြစ်ချင်ပါ ဘူး အန်တီ၊ နောက်ကို စိမ်းဘက်ကလည်း ဆင်ခြင်ပါ့မယ်"

သူမအဖြေကြောင့် လူသစ်မျက်နှာ ပြုံးယောင်သမ်းသွားရပြီး ဒေါ်ဝတီစိုးသည်လည်း အပြုံးတို့ ချိုမြိန်သွားရလေသည်။





စိတ်ကျေနပ်သွား၍ ဒေါ်ဝတီစိုး ထိုင်ရာမှထရပ်လိုက်ပြီး . . .

"အဲဒါဆို အန်တီ ထပ်ပြီးစောင့်ကြည့်မနေချင်ဘူး သမီး၊ ကိုယ့်ကတိ ကိုယ်တည်ပါ . . . လူလူရော ကြားလား၊ တစ်ယောက်တည်းပြောတာ မဟုတ်ဘူး . . . နှစ်ယောက်စလုံးကို ပြောတာနော်၊ ပြဿနာတက်ရင်တော့ ကိုရန်နိုင်ဆီ သတင်းပို့မှာ"

"ဟုတ်ကဲ့ပါ အန်တီ"

"ဟုတ်ကဲ့ပါ မေမေ"

ငြိုင်တူထွက်လာတဲ့အသံကြောင့် ဒေါ်ဝတီစိုး နှစ်ယောက်စလုံးကို ခပ်တည်တည်ဖြင့် စိုက်ကြည့်ခဲ့ပြီး အခန်းအပြင်သို့ ထွက်ခဲ့လိုက်လေသည်။ အပြင်ရောက်မှ ခပ်မဲ့မဲ့ပြုံးလိုက်မိသည်။

လူကြီးပဲ မသိဘဲ နေမလား။ မပြောချင်လို့သာ နေတာ . . . ကိုယ်လည်း ငယ်ရာက ကြီးလာတာပဲ၊ ဒီလောက်တော့ သိပ့်။

အချစ်ဆိုတာနဲ့ အစိမ်းသက်သက်ဖြစ်နေကြတဲ့ နှစ်ယောက်စလုံးရဲ့ရင်ထဲမှာ ခပ်ပါးပါးသံယောဇဉ်လေးတော့ ရှိနေကြတာ အသိသာကြီး။

သား ပြန်မရောက်ခင်အချိန်လေးကိုပဲ ကြည့် . . . ရွှက်စိမ်းရဲ့ ရှိုးရိမ်နေတဲ့မျက်နှာ။ သားကရော ဘာထူးလဲ . . . သူ့မိန်းမ ဂရုစိုက်



www.burmeseclassic.com

www.burmeseclassic.com



မူ၊ သူ့မိန်းမ ယုယကြင်နာမှုတွေကို လိုလားပြီး ဖွင့်အံထွက်လာတာ။ ဒါကို သူတို့က ဖုံးကွယ်ထားချင်ကြတယ်။

ကြည့်ရသေးတာပေါ့ ... ဘယ်အထိ ဖုံးကွယ်ထားနိုင်မလဲ လို့။

ဒေါ်ဝတီစိုး သူ့အတွေးနဲ့သူ အကျေနပ်ကြီး ကျေနပ်နေတော့သည်။

အခန်းထဲတွင်လည်း ...

ခုတင်ဘေးတွင် ရပ်နေဆဲဖြစ်သော ရွှက်စိမ်းအား လူသစ်က မျက်လုံးကို မပွင့်တပွင့်လုပ်၍ ...

"ဟေ့ ... ဘာရပ်ကြည့်နေတာလဲ၊ မေမေပြောသွားတာကြားတယ်နော်၊ လာ ... ကိုယ့်ယောကျ်ားအမူးပြေအောင် ပြုစုပေး"

လက်လေးနှစ်ဖက်ကို ပွတ်ပြီး ရွှက်စိမ်း ရပ်နေမြဲရပ်နေလျက် လူသစ်ကို မျက်စောင်းထိုးကာ ကြည့်နေမိသည်။

"ဟ ... ကတိဖျက်ချင်လို့လား၊ ရတယ် ... ဒါဆိုလည်း မေမေ့ကို လှမ်းခေါ်လိုက်မယ် ... မေ ..."

"လာပြီ လာပြီ ... တောက် ... အခုမှ ရှင့်အတွက် အခွင့်ကောင်းဖြစ်သွားတာပေါ့ ... ဟုတ်လား။ ဒီမှာ အန်တီသိရင် ဖေဖေ့ဆီ သတင်းရောက်မှာစိုးလို့ ဖေဖေ့ကို စိတ်မဆင်းရဲစေချင်လို့ လိုက်လျော





တယ် မှတ်ဖို ... တခြား ဘာအကြောင်းမှ မပါဘူး။ ဒါတောင် ညအခါ တစ်ခြင်ထောင်စီ အိပ်မှာနော်၊ ပိုပြီး အခွင့်အရေးမယူချင်နဲ့၊ ပြော ... အခု ဘာလုပ်ပေးရမှာလဲ"

ရွှက်စိမ်း၏ ကြွပ်ဆတ်ဆတ်အပြောကို အမူးမပြေသည့်ကြားက လူသစ် ရယ်ချင်သွားရသည်။ ရင်ထဲမှာလည်း ကြည်နူးသွားရပါ၏။

သို့သော် သူမလေးရဲ့ ကြွပ်ဆတ်ဆတ်အသံလေးကို ကြားနေချင်၍ စချင်စိတ်က ဖြစ်ပေါ်လာတာကြောင့် ...

"ဟင် ... အဲသလိုဆို မေမေလာကြည့်ရင် ဘယ်လိုလုပ်မလဲ၊ တစ်ခြင်ထောင်စီ အိပ်နေတုန်းလားဆိုပြီး ဆူနေမှဖြင့် ..."

"အို ... ဆူ ဆူ၊ အဲဒါတော့ အန်တီ့ကို ခြေသလုံးဖက်ပြီး တောင်းပန်ရ တောင်းပန်ရ ... တောင်းပန်မယ်၊ ကိုယ့်ကို မချစ်မနှစ်သက်ဘဲနဲ့ မိဘပေးစားလို့ ယူရတဲ့ဟာ ... မချစ်သလိုပဲ နေပေါ့ ... ဟွန်း"

ပြုံးစူဆောင့်အောင့်နေသော ရွှက်စိမ်းကို လူသစ်ကြည့်ရင်း အမူးပြေသွားသလိုတောင် ဖြစ်သွားရသည်။

မင်္ဂလာညည့်ခံပွဲ ပြီးတဲ့ညကတည်းက အခုလို နှစ်ယောက်သား စကားမပြောဖြစ်ခဲ့တာ၊ မေးထူးခေါ်ပြောနဲ့ မယားဝတ္တရား ကျေ



www.burmeseclassic.com

ပွန်ခဲ့တဲ့သူမကို လူသစ် အပြစ်ရှာမရခဲ့။ နောက်ဆုံး သူငယ်ချင်းဖြစ်သူကို ခေါ်ပြီး ရင်ဖွင့်ရတဲ့အထိ ဖြစ်ခဲ့ရသည်။

အခုတော့ ဒီရလာဒ်က ကောင်းသောရလာဒ်ပေမို့ မေမေ့ကို ကျေးဇူးတင်၍မဆုံး။ ဒီလောက်လေးရလိုက်တဲ့ အခွင့်အရေးလေးကိုပဲ ကျေနပ်စွာ လက်ခံလိုက်မည်ဟု လူသစ်တွေးရင်း ခုတင်စွန်းမှာ လာထိုင်နေသော ရွက်စိမ်းအား ပြုံးပြုံးကြီး ကြည့်နေမိပါသည်။

ဒီအကြည့်ကို ရွက်စိမ်း နှုတ်ခမ်းမဲ့ပြပြီး . . .

"ပြောမှာပြောလေ . . . ဘာမှ ပြုံးပြီးကြည့်မနေနဲ့ ဘာလုပ်ပေးရမှာလဲ"

"အဟွန်း . . . ငါလည်း ဘာလုပ်ရမလဲဆိုတာ မသိဘူး၊ အခုလိုလည်း တစ်ခါမှ မမူးဖူးတော့ ဘာပြောရမှန်းတောင် မသိပါဘူးကွာ၊ မေမေ့ကိုသွားမေးပါလား . . . အမူးပြေအောင် ဘယ်လိုလုပ်ပေးရမလဲလို့"

"အိုး . . . မမေးချင်ပါဘူး၊ ရှက်စရာကြီး၊ ဒီလိုလုပ်ပါလား . . . ရှင့်နဖူးပေါ် ရေပတ်တင်ကြည့်မလား"

"အင်း . . . ကောင်းမယ်ထင်တယ်"

ရွက်စိမ်းအပြောကို လူသစ် ထောက်ခံလိုက်၍ ရေဇလုံထဲ ရေထည့်လာပြီး တဘက်အသေးလေးကို ရေထဲနှစ်ကာ ညှစ်လိုက်၊





နဖူးပေါ်တင်ပေးလိုက်၊ ခြောက်သွားလျှင် တစ်ခါ ထပ်နှစ်လိုက်၊ နဖူးပေါ်တင်ပေးလိုက်နှင့် နာရီဝက်ခန့်အကြာမှာ ခေါင်းအုံခဲနေတာတွေ ပျော့သွားခဲ့သည်။

သူမ လှုပ်ရှားမှုတွေကို လူသစ်လိုက်ကြည့်၍ ရင်ထဲ တသိမ့်သိမ့်ခံစားလာရကာ နဖူးပေါ်ကအဝတ်ကို လှမ်းယူနေသော ရွက်စိမ်း၏ လက်လေးကို ဖမ်းဆုပ်လိုက်လေသည်။

"ဟာ . . . ဒါ ဘာလုပ်တာလဲ . . . လွှတ်စမ်းပါ၊ ရှင်နော် . . . စေတနာနဲ့ပြုစုပေးနေတာကို အခွင့်ကောင်းမယူနဲ့၊ လွှတ်စမ်းပါ . . . တော်ကြာ မိတိုးတက်လာလိမ့်မယ် . . . လွှတ်ပါ ဆိုမှ"

အတင်းရုန်းနေသော်လည်း ယောက်ျားအားနှင့် အတင်းဆုပ်ထားတာကြောင့် ဘယ်လိုမှ ရုန်းမရ။

ရွက်စိမ်းမျက်နှာလေး မဲ့တဲ့တဲ့ဖြစ်လာပြီး . . .

"ရှင့်ကို ကျွန်မ တောင်းပန်နေတာနော်၊ တစ်ယောက်ကို တစ်ယောက် မချစ်ပေမယ့် အမုန်းမပွားချင်ဘူး၊ ကျွန်မ အရမ်းစိတ်မဆိုးခင် လွှတ်လိုက်ပါ၊ နောက်မှ နောင်တမရချင်ရင် ကျွန်မ တောင်းပန်နေတုန်း လွှတ်လိုက်ပါ . . . ၊

ရှင့်ကို ကျွန်မ တစ်ခုပြောမယ် . . . ရှင့်ကိုယ်ရှင် ပြန်မေးကြည့်ပါဦး . . . ချစ်တတ်ပြီလားလို့၊ ကျွန်မလည်း ကျွန်မကိုယ်ကျွန်မ ပြန်



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်ဦးမယ်၊ ကျွန်မရဲ့နှလုံးသားကလေးက ချစ်တတ်ရဲ့လားလို့လေ''

မချင့်မရဲနှင့် လွှတ်ပေးလိုက်သော လူသစ်၏လက်တွင်းမှ သူမလက်လေးကို အသာအယာ ပွတ်သပ်ရင်း စကားလေးတစ်ခွန်း လှည့်ပြောခဲ့ပြီး ရေဇလုံလေးယူ၍ ရွက်စိမ်း အခန်းအပြင်သို့ ထွက်ခဲ့လိုက်လေသည်။

လူသစ် ခုတင်ပေါ်မှာ ကြောင်စီစီနှင့် ကျန်ရစ်ခဲ့လေသည်။ သူမ မေးသွားသောမေးခွန်းမျိုး သူ့ကိုယ်သူ အခါပေါင်းများစွာ မေးခဲ့ဖူးပြီးပါပြီ။

အဖြေက ရှိပြီးသားပါ။

သို့သော်လည်း ပြောမိလိုက်တဲ့စကားတစ်ခွန်းကို တစ်သက်လုံး မမေ့တော့သည့် သူမအား ယုံကြည်အောင် ဘယ်လိုများ ပြောခွင့်ရပါမည်နည်း။

အဲဒီအချိန်ကိုပဲ စိတ်ရှည်လက်ရှည် စောင့်ရပါဦးမည်။

သို့ပေမယ့် အခြေအနေက တစ်မျိုးတစ်ဖုံတော့ ပြောင်းလဲလာခဲ့ပါသည်။ အဲဒါကတော့ ရွက်စိမ်းဘက်မှ အရင်လို မျက်နှာကြီးတင်းမာမနေဘဲ ပြုံးချိုစွာပြောသည့်အခါလည်း စကားပြောလာသည့် အပြင် ကုမ္ပဏီက အလုပ်များပါလာသည့်အခါ ဝိုင်းကူရမလားဟု





မေးလာတတ်ခဲ့လေသည်။

ထိုကဲ့သို့သော ရွှေအိုရောင်နေ့သစ်ပေါင်း များစွာတို့ကို လူသစ် စိတ်ကူးပုံဖော်ရင်း ကျေနပ်ကြည်နူးလျက် ...

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဟေ ... ဒါဆို မင်းအခြေအနေ တိုးတက်လာပြီပဲ၊ နောက် ထပ်သောက်ဦးမလား ဟေ့ကောင်"

"တော်ပါကွာ ... တစ်ခါတည်းနဲ့ သင်ခန်းစာရသွားပါပြီ၊ ဒီတစ်ခါဆို အခြေအနေမတိုးတက်လာဘဲ ရေဝေးရောက်ဖို့ပဲ မြင် တယ်ဟေ့"

ကုမ္ပဏီပြန်ဖွင့်သည့်ရက်တွင် ဖေယျနှင့်လူသစ်တို့ ဖုန်းနှင့် စကားပြောကာ ရယ်မောနေမိကြလေသည်။

"ငါ နောက်နေ့မနက်မှာ ကုမ္ပဏီကို ဖုန်းဆက်မေးသေး တယ်၊ မင်း နေမကောင်းလို့ အလုပ်မဆင်းဘူးဆိုတာနဲ့ အိမ်ကို





လာဦးမလို့ပဲကွ ... မျက်နှာပူတာနဲ့ မလာတာ"

"ဘာဆိုင်လို့လဲကွ"

"ဟ ... ဆိုင်တာပေါ့ဟ၊ မင်းကိုလိုက်ပို့တာ ငါလေ၊ ငါနဲ့ သောက်ပြီး ပြန်လာတယ်ဆိုတာ သိနေမှတော့ ညက ဘာတွေပြော လဲ, ဘာဖြစ်တာလဲနဲ့ မင်းမားသားကြီးက မေးတော့မှာ၊ ငါ ဘယ်လို မျက်နှာနဲ့ ပြန်ဖြေရမလဲ ... ပြောပါဦး၊ ဒါနဲ့ မင်းမာမီမားသား မေမေကရော အခြေအနေ အိုကေသွားပြီလား"

"အေးပေါ့ကွာ ... ငါတို့နှစ်ယောက် ရယ်ရယ်မောမောနဲ့ ပြောဆိုနေကြတာကို တစေ့တစောင်း အကဲခတ်ပြီး ကျေနပ်နေတာ ပေါ့"

"အဟီး ... ဒီလိုပဲ ဖြစ်သင့်တာကွ၊ နေပါဦး ... ငါမေးပါရ စေဦး ... မင်းကရော ရွက်စိမ်းမေးသလို ကိုယ့်ကိုယ်ကိုယ် မေး ကြည့်ပြီးပြီလား"

"ဘာကိုလဲ"

"မင်းအသည်းနှလုံးလေးက ချစ်တတ်ပြီလားလို့လေ"

ဖေယျ အရွှန်းဖောက်ကာ မေးလာလေတော့ လူသစ် အူမြူး စွာ ရယ်မိလေသည်။

"ဘာလဲ ... မင်းကပါ မယုံတာလား။ ငါက ငါ့ကိုယ်ငါ



www.burmeseclassic.com

www.burmeseclassic.com





သိပြီးသားပါကွ၊ စိမ်းကသာ ငါ့အပေါ် ဘယ်လိုသဘောထားလဲ ဆိုတာ အကဲခတ်ရခက်နေတာ''

''ကောင်းကွာ ... အခုထိ အကဲခတ်ရခက်တုန်းဆိုတော့ မဆိုးတော့ မဆိုးဘူး၊ တစ်အိမ်ထဲမှာ အတူနေကြပြီး အကဲခတ်နေတာနဲ့တင် ရင်ခုန်နေကြရမှာပဲနော်''

''ငနာ ... ဒါမျိုးတော့ တယ်မေးတတ်တယ်၊ သိချင်ရင် မင်းလည်း တကယ်ချစ်တတ်အောင် ကြိုးစား ကိုယ့်လူရေ''

လူသစ် ပြန်၍အရွှန်းဖောက်လိုက်လျှင် နှစ်ယောက်သား ရယ်မောမိကြပြန်သည်။

''ကဲ ကဲ ဟော့ကောင် ... မင်းတရားကို နာနေလို့မပြီးဘူး၊ ဒီမှာ အလုပ်တွေရှိသေးတယ်၊ နောက်မှ ဆက်ပြောမယ်၊ ညြော် ... မေ့လို့ နေဦး ... တို့ရှယ်ယာထည့်ထားတဲ့ ကုမ္ပဏီက ဖက်ရှင်ရှိုး ပွဲလုပ်ရင် ဖိတ်မှာနော်၊ မင်းတို့စုံတွဲ လာခဲ့ရမယ်''

''အေးပါ ... အဲဒီကျ ဖိတ်ခိုင်းလိုက် ... လာခဲ့မယ်''

ဖုန်းပိတ်လိုက်ပြီး လူသစ် ရယ်ခြင်းကို အရှိန်မသတ်နိုင်ဘဲ တပြုံးပြုံးနှင့်ဖြစ်နေသည်ကို ဖိုင်တွဲလာပို့သော ဝန်ထမ်းကောင်မလေးက ကြည့်ကာ နားမလည်စွာဖြင့် ငေးနေလေသည်။

ကောင်မလေး ငေးနေတာကိုမြင်မှ လူသစ် ရယ်ခြင်းကို





အရှိန်သတ်လိုက်ပြီး ...

''တင်ထားခဲ့လေ ... လက်မှတ်ထိုးပေးရမှာ မဟုတ်လား''

ကောင်မလေးက ယောင်ချာချာနှင့် ခေါင်းညိတ်ပြကာ ထွက်သွားလေမှ ခုနက တင်းထားသောမျက်နှာကြီးကို လူသစ် လျှော့ချလိုက်ပြီး ကိုယ့်ဘာသာ စိတ်ပျက်သွားမိလေတော့သည်။

တစ်သက်လုံး ကိုယ့်သိက္ခာနှင့်ကိုယ် နေခဲ့တဲ့သူက ရွက်စိမ်းနှင့် စတွေ့သည့် အင်းလျားကန်ပေါင်ပေါ်မှာတည်းက ပေါတောတော ပုံစံ ပေါက်နေခဲ့ရသည်။ သူမနှင့်လက်ထပ်ပြီးပြန်တော့လည်း စိတ်ညစ်တစ်လှည့်၊ ပျော်တစ်လှည့်ဖြင့် ပိုဇစ်ရှင်အမျိုးမျိုး ပြောင်းလဲနေရတာက တစ်ခါတစ်ခါတော့လည်း စိတ်ညစ်လာသလိုလို။

လူသစ် သူ့ဘဝကို သူပြန်တွေးကြည့်နေစဉ် ဖုန်းမြည်လာ၍ ယူကြည့်လိုက်သည်။ အိမ်ကဖုန်းမို့ ဘာများဖြစ်ပါလိမ့်ဆိုပြီး ကမန်းတတန်း ကောက်ယူနားထောင်လိုက်လေသည်။

''ဟလို''

''ဟာ ... ဖုန်းခေါ်နေတာ ကြာလှပြီ၊ ပိတ်ထားတာလား''

''မဟုတ်ဘူး ... ဖုန်းမအားတာ၊ ဖေယျနဲ့စကားပြောနေတာလေ၊ ဘာပြောမလို့လဲ စိမ်း ... ပြောလေ''

စပြီး အိမ်ထောင်ကျတည်းက ကုမ္ပဏီကို ဖုန်းဆက်ဖို့ ဝေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သောအခါမှ ဘာကိုစွရှိရှိ လူသစ်ဖုန်းကို ခေါ်လေ့မရှိ။ အခု ထူးခြားစွာ ရွှက်စိမ်းက ဖုန်းခေါ်သဖြင့် လူသစ်ရင်ထဲ ကုလားဘုရား လှည့်နေတော့သည်။

မဖုံးနိုင် မဖိနိုင်နှင့် ဖုန်းပြောရင်း မျက်နှာကြီးက ချိုအီနေလေသည်။

"စိမ်းကိစ္စ မဟုတ်ပါဘူး။ ရှင့်အစ်ကိုလင်မယားနဲ့ ရှင့်အစ်မလင်မယား ရောက်နေတယ်၊ အဲဒါ စောစောပြန်ခဲ့ဖို့ အန်တီက ဆက်ခိုင်းလို့ဆက်တာ ... ဒါပဲ၊ စိမ်းလည်း ဖေဖေ တရားထွက်ချိန်အမီ သွားတွေ့မလို့၊ တကယ်လို့ ရှင်မလာခင် စိမ်း သွားနှင့်ရင် မိုးကုတ်ကျောင်းကို လာကြိုချင်ကြိုပေါ့"

ပြောပုံက အထက်စီးနှင့်။ သူမ ဖုန်းဆက်ချင်၍ မဟုတ်၊ မေမေဆက်ခိုင်းလို့တဲ့။ ပြီးတော့ သူ့အဖေဆီသွားတာ လာကြိုချင် ကြိုပေါ့တဲ့။

ကြည့် ... ပြောပုံ။

ရှင်လာကြိုပါလားလို့ ပြောတော့ ဘာဖြစ်မှာမို့လဲ။ ခုနကပဲ ဖေယျာကို အိမ်ထောင်ရေးအဆင်ပြေကြောင်း ကြွားနေတာ၊ တကယ်လည်း လိုက်လျောညီထွေရှိလာပြီမို့ ကျိတ်ပြီး ဝမ်းသာနေခဲ့ရတာ။ ဘာဗွေဖောက်ပြန်လဲ မပြောတတ်တော့ပေ။





လူသစ် ဖုန်းကို အသာပိတ်ပြီး ခပ်တွေတွေလုပ်နေပြီးမှ မင်္ဂလာဧည့်ခံပွဲတုန်းက ရောက်မလာကြသော အစ်ကိုနှင့် အစ်မတို့ကို တွေ့ချင်ဇောဖြင့် စောစောပဲ အိမ်ပြန်ခဲ့လိုက်လေသည်။

အိမ်ပြန်ရောက်ချိန်မှာ ရွှက်စိမ်း ရှိမနေတော့ပေ။ သူ့အဖေဆီ ထွက်သွားလိုက်ပြီဖြစ်၏။ လူသစ်လည်း ရွံ့ပြီး လိုက်မခေါ်ဘဲ နေလိုက်လေသည်။

မိုးချုပ်တော့ ကားငှားပြီး ပြန်ရောက်လာသော သူမက ဧည့်ခန်းမှာ လူစုံတက်စုံထိုင်ပြီး စကားပြောနေကြသည်ကို တွေ့လျက်နှင့် စကားဝိုင်းသို့ဝင်မလာဘဲ အပေါ်ထပ်သို့သာ တန်းတက်သွားလေသည်။

ဒါကို အစ်ကိုဖြစ်သူက သူမကို လာမကြို၍ နာတင်းသွားပြီ ဆိုသောသဘောဖြင့် လူသစ်အား လိုက်သွားပြီးချော့ရန် မျက်ရိပ်ပြသဖြင့် အပေါ်ထပ်သို့ တက်လိုက်သွားခဲ့ရ၏။

အခန်းထဲရောက်တော့ လူသစ်ဝင်လာတာကို အရေးမစိုက်ဘဲ တီဗီဖွင့်၍ ကြည့်နေလေသည်။

လူသစ် တီဗီကိုသွားပိတ်လိုက်ပြီး ...,

"ဒါက ဘာအချိုးချိုးတာလဲ ... မင်း သိပ်ရိုင်းပါလား။ ဧည့်ခန်းထဲမှာ ငါ့အစ်ကိုလင်မယားနဲ့ အစ်မလင်မယား ရှိနေတ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူးလား၊ ထိုင်ပြီး စကားလေးဘာလေး ပြောပါဦးလား ...၊

ဘာလဲ ... ငါလာမကြိုလို့ စိတ်ကောက်တာလား။ ဒါဆို လည်း လာကြိုစေချင်ရင် လာကြိုလို့ ပြောပါလား။ အခု မင်းပြောပုံက လာကြိုချင်ကြိုဆိုတော့ လာမကြိုချင်လို့ မကြိုဘူးကွာ ... ဘာဖြစ် လဲ''

''ရှင် စကားကို တိုးတိုးပြော ... ရှင် လာမကြိုလည်း ကျွန်မ ကားငှားပြီးပြန်လာတာ အိမ်ရောက်လာပြီ၊ ရှင့်အစ်ကိုတွေ၊ အစ်မတွေကို ညှိထောက်ခံပြီး စကားမပြောတာက ဘာဖြစ်လို့လဲ ရှင် သိချင်သေးလား၊ ရှင့်ရဲ့ မပြီးဆုံးနိုင်တဲ့ ကိုယ်ကျင့်တရားကို ရှိ ကောင်းလုပ်လွန်းလို့၊ မခံနိုင်လို့ နားမထောင်ချင်လို့ စကားဝိုင်းထဲ မဝင်တာ ... သိရဲ့လား။

ဘာလဲ ... သူတို့ညီ၊ သူတို့မောင် မချစ်တတ်တဲ့အကြောင်း၊ အချစ်ဆိုတာ ဘာမှန်းမသိဘဲ အိမ်ထောင်ပြုလိုက်တာ အံ့သြကြောင်း၊ ဒါပဲ ထပ်တလဲလဲ ပြောနေတာ နားခါးတယ်၊ ကဲ ... ကျွန်မပြောပြီးပြီ ရှင် ဘာဆက်ပြောချင်လဲ၊ ကျွန်မကို ဘာရန်တွေဦးမလဲ ... ပြော''

လက်ညှိုးတထိုးထိုးဖြင့် ရန်တွေ့ကောင်းနေသော ရွှက်စိမ်း ကို လူသစ် ဆွံ့အကြောင်ငေးစွာ ကြည့်ရင်း မဟ်တတ်ကြီး အသက် ပျောက်သွားရတော့သည်။





လူသစ် သိလိုက်ပါပြီ၊ ဒီစကားတစ်ခွန်းဟာ ရွှက်စိမ်းအတွက် ဘယ်လိုမှ ဖျောက်ဖျက်မရနိုင်တော့သော သူမရင်ထဲက အမာရွတ် လေးတစ်ခု ... ပါ။

သက်ပြင်းကို မှုတ်ထုတ်၍ ခေါင်းငိုက်စိုက်ချကာ အောက် ထပ်သို့ ပြန်ဆင်းခဲ့လိုက်ပါသည်။

ဘာမှပြန်ပြောမသွားဘဲ လှည့်ထွက်သွားသော လူသစ်ကို လက်ညှိုးထိုးလျက်တန်းလန်းက ရန်တွေ့ကောင်းနေသော ရွှက်စိမ်းမှာ တစ်ယောက်တည်း ငေါင်စင်းစင်းနှင့် ကျန်ခဲ့ရတာကြောင့် ဘာမှ နားမလည်နိုင်ဘဲ အခန်းဝဆီပြေးထွက်ကာ လိုက်ကြည့်မိပါလေ၏။

ခေါင်းငိုက်စိုက်ချကာ လှေကားမှဆင်းသွားသော လူသစ်၏ ကျောပြင်ကို ငေးကြည့်၍ အားရပါးရ သက်ပြင်းမှုတ်ထုတ်လိုက်မိပါ သည်။

သူမ,ဖြစ်ချင်တာ ထိုသို့မဟုတ်။ သူမအား ပြုံးလှည့်ပြောဆို စေချင်လေသည်။

ဘာကြောင့်မှန်းမသိ ... သူနှင့် တစ်ယောက်တစ်ခွန်း စကား များပြီး စိတ်ကောက်ရဘာလေးကိုပဲ ရွှက်စိမ်း ကြည်နူးနေမိသလိုလို၊ ခုတော့ သူက ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"သမီးရေ ... ရွက်စိမ်း"

"လာပြီ အန်တီ"

ညှော်ခန်းထဲမှာ အလုပန်းအိုးတိုးနေရာမှ ဒေါ်ဝတီစိုးထံသို့ ရွက်စိမ်း လျှောက်လာခဲ့လိုက်သည်။

"ရော့ သမီးရယ် ... ဒီမှာ စာရွက်ထဲမှာ ပစ္စည်းစာရင်းတွေ ရေးထားတယ်၊ အဲဒါလေးတွေ အန်တီ့ကို သွားဝယ်ပေးစမ်းပါ၊ သမီး အစ်မငယ် ပြန်ရင် ထည့်ပေးလိုက်ချင်လို့၊ သူတို့ဆီမှာ မရှိတဲ့ဆေးတွေ ဒီကနေ ဝယ်ပေးနေကျလေ၊ သူ့ဆီမှာ ရှိသေးပေမယ့် ကြိုတုန်း ဝယ်ထည့်ပေးလိုက်မလားလို့ မြန်မာသွေးဆေးက ဟိုမှာမရှိဘူးလေ"





"ဟုတ်ကဲ့ပါ အန်တီ ... စိမ်း အခုပဲ သွားပေးပါ့မယ်"

မောင်နှစ်မနှစ်ယောက် ယောက္ခမတွေအိမ် သွားနေတုန်း ဒေါ်ဝတီစိုးက သမီးအတွက် သတိတရ ဆေးတွေဝယ်ထည့်ပေးရန် စာရင်းဖယားဖြင့် စိမ်းအား ဝယ်ခိုင်းခြင်းဖြစ်သည်။

နိုင်ငံခြားမှာ ခေတ်မီသော အင်္ဂလိပ်ဆေးပစ္စည်းများ ပေါများလှသော်လည်း သူတို့မိသားစုသည် မြန်မာ့ဆေးကိုသာ အဓိကထား သုံးစွဲကြလေသည်။ မတတ်သာမှသာ အင်္ဂလိပ်ဆေးကိုသုံးပြီး ဆေးကိုလည်း ထိုးသင့်မှ ထိုးကြလေသည်။

ဘာဖြစ်လို့လဲဆိုတော့ အင်္ဂလိပ်ဆေးသည် ဘေးထွက်ဆိုးကျိုးကများသဖြင့် ရှောင်နိုင်သမျှရှောင်ကြခြင်း ဖြစ်သည်။ တစ်ခုကောင်းလျှင် တစ်ခုကို ထိတတ်မြဲမို့ အဲသလောက်ချမ်းသာနေကြတာတောင် မြန်မာဆေးကိုသာ စွဲစွဲမြဲမြဲ သုံးစွဲကြလေသည်။

ရွက်စိမ်း သိစက အံ့ဩနေမိသေးသည်။

အခုဆို ရွက်စိမ်း၏ဖခင် ဦးရန်နိုင်ကိုကြည့်၍ ပို၍အားကျနေကြလေသည်။

မိုးကုတ်ဝိပဿနာတရား၏ အကျိုးကျေးဇူးကြောင့် ဦးရန်နိုင်၏ ဦးနှောက်အကျိတ်သည်ပင် ပျောက်ကင်းစပြုနေပြီး နှလုံးရောဂါသည်လည်း သိသိသာသာ သက်သာနေပြီမို့ ဒေါ်ဝတီစိုး တရားအား



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ရန် စိတ်အားထက်သန်နေပြီဖြစ်၏။

နိုင်ငံခြားပြန်မည့် သားနှင့်သမီးကိစ္စတွေပြီးလျှင် လူသစ်နှင့် ရွက်စိမ်းအား ထားခဲ့ပြီး သူပါ ဦးရန်နိုင်လို တရားအားထုတ်တော့မည်ဟု အတိအလင်းပြောထားပြီးသား ဖြစ်သည်။

ထိုစကားနှင့်ပတ်သက်၍ ရွက်စိမ်း ကျိတ်၍ဝမ်းသာမိပါသည်။ အဲဒီအခါကျ ပို၍လွတ်လပ်စွာ နေခွင့်ရမည် မဟုတ်ပါလား။

ရွက်စိမ်း ယောက္ခမနိုင်းသည့် ဆေးဝယ်ခြင်းကိစ္စကို ဆောင်ရွက်ရန် အဝတ်အစားလဲ၍ အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

"အန်တီ ... စိမ်း ကားယူသွားမယ်နော်"

"အေး အေး ... ယူသွား သမီး ... ယူသွား"

ညှော်ခန်းတွင်ထိုင်၍ စောင့်နေသော ယောက္ခမအား ရှိသေစွာ ပြောပြီး ရွက်စိမ်း ထွက်လာခဲ့လေသည်။

ဦးစွာ ဆေးစာရွက်ပါ ဆေးအစုံအား ဝယ်ချမ်းပြီးသည်နှင့် အိမ်အတွက် လိုအပ်တာများဝယ်ရန် နီးရာပလာဇာသို့ ဝင်လိုက်သည်။

"အို"

ဆိုင်ထဲသို့ဝင်လာပြီး မီးဖိုချောင်သုံးပစ္စည်းများ ရောင်းသောနေရာတွင် ပစ္စည်းများလိုက်ကြည့်ရင်း သူမလိုပဲ ငေးကြည့်လာသည့် သူတစ်ယောက်နှင့် တိုက်မိသဖြင့် လက်ထဲက ပိုက်ဆံအိတ်လေး





လွတ်ကျမသွားအောင် ထိန်းဆုပ်ကိုင်ကာ ရွက်စိမ်း အော်လိုက်မိလေသည်။

"ဟင် ... သမီး ရွက်စိမ်း"

သူမနှင့်တိုက်မိသူမှာ အဒေါ်ဖြစ်သူ ဒေါ်ခင်မေနွဲ့ ဖြစ်နေခြင်းကြောင့် အံ့ဩစွာ ငေးနေဆဲ၊ လူတစ်ယောက် အနားသို့ကပ်လာပြီး ဒေါ်ခင်မေနွဲ့အား တိုးတိုး တိုးတိုးနှင့် နေလေသည်။

ဒေါ်ခင်မေနွဲ့ မျက်လုံးပြူး အံ့ဩလျက် ...

"ဟင် ... ဘယ်တုန်းကလဲ"

"အခုလေးတင် လမ်းဆုံမှာဖြစ်တာ"

"ဟာ ... အဲဒါဆို ဒုက္ခပဲ၊ တူမရယ် ... စကားပြောချိန်မရတော့ဘူး။ အန်တီ့ကားကို သူ ခဏစီးသွားတာ၊ လမ်းဆုံမှာ အက်ဆီးဒင့်ဖြစ်လို့တဲ့ လိုက်သွားလိုက်ဦးမယ်နော်၊ ဪ ... ဒါနဲ့ သမီးကားပါလားဟင်၊ ဒေါ်လေးကို လိုက်ပို့ပေးပါလားကွယ်"

ရွက်စိမ်း ဘာမှပြန်မပြောနိုင်ခင်မှာဘဲ "လာပါ တူမရယ်" ဆိုပြီး လက်ဆွဲ၍ ခေါ်သွားပါလေတော့သည်။

ဘာမှန်းမသိ၊ ညာမှန်းမသိဘဲ တရွတ်တိုက်လျက် ရွက်စိမ်း ပါသွားရလေသည်။

"တူမကား ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အပြင်ရောက်သည်နှင့် လက်ကိုလည်း လွှတ်မပေး၊ ကသော ကမျောလည်း မေးရင်း ဒေါ်မေနွဲ့ မျက်ပြူးဆန်ပျာ ဖြစ်နေတာကို ကြည့်ပြီး ရွက်စိမ်း မကူညီဘဲမနေနိုင်တော့။ လက်ညှိုးထိုးပြလိုက်ရသည်။

"ဟိုမှာ ဒေါ်လေး"

"လာပါ တူမရယ် ... ဒေါ်လေးကို ဒီတစ်ခါပဲ ကူညီပါ၊ နင် တော်တော်ပေါ့တာပဲ သိန်းမြင့်ရယ်၊ ငါ့မှာ ဒါလေးပဲ ချမ်းသာပါတယ်လို့ ပြောထားရဲ့နဲ့ ငှားလည်းသွားသေး ကိုယ်တိုင်လည်း မမောင်းဘဲနဲ့ သူများကို တစ်ဆင့်ပြန်ငှားလိုက်ရသေးတယ်လို့"

ကားဆီကို လျှောက်လာကြရင်း ဘေးမှပါလာသော သိန်းမြင့်ဆိုသူအား ဒေါ်မေနွဲ့ တဖျစ်တောက်တောက်နှင့် မာန်မဲဆူပူနေလေသည်။

သိန်းမြင့်ဆိုသူမှာ မျက်နှာငယ်လေးဖြင့် ...

"ကျွန်တော် လာပြန်ပို့တာပါ မမနွဲ့ရဲ့၊ ထွန်းက ခဏဆိုပြီး ဖြုတ်ငှားသွားတာ"

"တော်စမ်းပါဟယ် ... သမီး သူ့ကို သော့ပေးလိုက်၊ သူ မောင်းလိမ့်မယ်၊ မြန်မြန်မောင်း သိန်းမြင့်၊ ငါတို့ စခန်းမှာနေခဲ့ပြီး သမီးလေးကို ပြန်နိုင်းလိုက်မယ်"





ဒေါ်ခင်မေနွဲ့အစီအစဉ်အတိုင်း သိန်းမြင့်ဆိုသူအား ရွက်စိမ်းသော့ပေးလိုက်ကာ အဒေါ်ဖြစ်သူနှင့်အတူ နောက်ခန်းမှာ ဝင်ထိုင်လိုက်လေသည်။

ကားလေးက အားလုံးနေသားတကျ မထိုင်မိခင်မှာဘဲ လျှောခနဲ မောင်းထွက်ခဲ့ပါလေ၏။

တရိပ်ရိပ်ပြေးနေသော ကားလေးက ဟိုလမ်းကွေ့ ဒီလမ်းကွေ့နှင့် ဘယ်ကိုရောက်နေသလဲဆိုတာကို အပြေးအလွှား ကြည့်နေရသည့် ရွက်စိမ်းမှာ ခေါင်းတွေမူးနောက်လာတော့သည်။

တဖြည်းဖြည်းနှင့် လူရှင်းသည့်လမ်းမကြီးပေါ်အရောက် ရွက်စိမ်း သဘောပေါက်သလိုလိုရှိလာရာ ဘေးတွင် ခပ်မှဲ့မှဲ့ပြုံးကာ ထိုင်နေသော အဒေါ်ဖြစ်သူအား လှည့်ကြည့်၍ ထိတ်ထိတ်ပျာပျာဖြင့် ...

"ဒေါ်လေး ... ဒါ ဒါ ဘာလုပ်တာလဲဟင်၊ ဒါ ဘယ်ကိုသွားနေတာလဲ"

"အဟင်း အဟင်း ... မကြောက်ပါနဲ့ သူဌေးကတော်ရယ်၊ ခဏလေးလိုက်ခဲ့ပါ ... လက်ဖျားနဲ့ မတို့ပါဘူး၊ တရားသမားကြီး ငါ့အစ်ကိုကိုလည်း ဒုက္ခမပေးချင်တော့လို့ ငွေကလည်းလိုနေတာနဲ့ ဒီတူမလေးကို အားကိုးပြီး အကူအညီတောင်းမလို့ပါ ... အဟင်း အဟင်း အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ကျောချမှ ဓားပြမှန်းသိရသော ရွှက်စိမ်းမှာ သွေးပျက်မတတ် ကြောက်ဒူးတွေ တုန်လာပြီး . . .

"ဘာပြောတယ် ဒေါ်ရွှေလး . . . ဘာအကူအညီတောင်းမှာလဲ၊ လူကို လိမ်ခေါ်လာပြီး ဒါ အကူအညီတောင်းတာလား။ အကူအညီတောင်းတာမှန်ရင် ပြောပါလား . . . အစကတည်းက တတ်နိုင်သလောက် ကူညီမှာပေါ့၊ အခုဟာက ပြန်ပေးဆွဲတာ . . . သိရဲ့လား"

ကြောက်ကြောက်နှင့် ရွှက်စိမ်း အော်ဟစ်ပြောဆိုနေမိလေသည်။

"ပြောချင်တာပြောတော့ တူမရေ၊ ချစ်တူမလေးရဲ့ စနက်ကြောင့် အိမ်ပေါ်ကဆင်းလာပြီးတည်းက ဖြစ်သလိုနေ, ဖြစ်သလိုစားရင်း တင်နေတဲ့ကြွေးတွေကို မဆပ်နိုင်တော့တာနဲ့ သူဌေးကတော်ကြီးဖြစ်နေတဲ့ ငါ့တူမကို သတိရပြီး ကြံဖန်ရတာပဲလေ၊ ဘယ်တတ်နိုင်မလဲကွယ် . . . ကမ္ဘာမီးလောင် သားကောင်ချနင်းရတာပဲ မဟုတ်ဘူးလား သိန်းမြင့်ရယ်"

"ဟုတ်တာပေါ့ ဟုတ်တာပေါ့ မမန္တ့ရယ် . . . ဟဲ ဟဲ ဟဲ"

"ဘာဆိုင်လဲ ဘာဆိုင်လို့လဲ . . . ဒေါ်လေးကို ဖေဖေ ပေးလိုက်တာ နည်းလား။ ဒီငွေတွေကို အသုံးတတ်အောင် ကိုယ့်ဘာသာအသုံးမချဘဲနဲ့ ဖဲရိုက်ပစ်လိုက်ကုန်တာများ ကိုယ့်အပြစ်နဲ့ကိုယ် ခံပါလား"





"ဖြည်းဖြည်းအော်ပါ တူမကြီးရယ်၊ တော်ကြာ ဒေါ်လေး ဘာမှမလုပ်ရဘဲနဲ့ အသက်ထွက်သွားလို့ လူသတ်မှုနဲ့ ထောင်ထဲရောက်နေရပါဦးမယ်"

မခိုးမခန့်နှင့် ဒေါ်ခင်မေနွဲ့ပြောကာ ကားမောင်းသူကိုပါ မျက်စပစ်ပြရင်း နှစ်ယောက်သား ရယ်နေကြလေတော့သည်။

နှစ်ယောက်စလုံးကို ရွှက်စိမ်း ရှုံ့ရှာမုန်းတီးစွာ မသတီသောအကြည့်ဖြင့် ကြည့်ရင်း ရင်ထဲမှာ ငိုချင်လာတော့သည်။ လူသစ်ကိုလည်း တမ်းတမ်းတတ သတိရလိုက်မိပါ၏။

ဘယ်သူ့ကိုမှ အကူအညီတောင်းလို့မရတော့တဲ့ဘဝမှာ ရွှက်စိမ်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်နေရလေသည်။

ကားပေါ်က ခုန်ချဖို့လည်း အခြေအနေက မပေး။ ဖုန်းဆက်ရအောင်ကလည်း ဒေါ်ခင်မေနွဲ့က ပစ္စည်းတွေအကုန်လုံးကို အပိုင်သိမ်းထားလေပြီ။

ရွှက်စိမ်း စိတ်ကိုလျှော့ချလိုက်ပြီး မျက်လုံးကိုမှိတ်ကာ ကူရှင်ကို မှီထားလိုက်မိပါသည်။

"မောင် . . . စိမ်းကို ကယ်လှည့်ပါဦး ရှင်ရယ်"

မျက်လုံးကိုမှိတ်လျက် လူသစ်မျက်နှာအား မြင်ယောင်ကာ ရင်ထဲမှ တမ်းတလှိုက်မောစွာ ပြောနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





ဒီအချိန်မှာပဲ ကားလေးက ခြံကြီးတစ်ခြံအတွင်းသို့ မောင်းဝင်ခဲ့ပါလေသည်။

ရှက်စိမ်း ထိုသို့အခက်တွေ့နေချိန်မှာ ကုမ္ပဏီအတွင်း၌ . . .

"ဘော့(စ်) . . . ဒီမှာ လူတစ်ယောက်က တွေ့ချင်လို့တဲ့"

"ဘယ်သူလဲ . . . ချိန်းထားတဲ့သူ မရှိဘူးမဟုတ်လား၊ ဒီနေ့ အရေးကြီးတဲ့အစည်းအဝေးရှိနေလို့ အဲဒီလူကို အရေးမကြီးရင် မနက်မှလာပါလို့ ပြောလိုက်ပါ"

"ပြောလို့မရဘူး ဘော့(စ်)၊ ဟာ ဟော့လူ . . . နေဦး နေဦးလေ"

ပြောနေသည့်ကြားက ထိုလူသည် အတင်းပင် လူသစ်ရှိရာသို့ ပြေးဝင်ခဲ့လေသည်။

ပြေးလာသူအား လူသစ် ဒေါသနှင့်စိုက်ကြည့်နေပြီး . . .

"ခင်ဗျား ဒါဘာလုပ်တာလဲ"

"နောက်မှ စိတ်ဆိုးပါ ဆရာ၊ အခုဟာက အရမ်းအရေးကြီးနေလို့ပါ၊ ကျွန်တော့်ကို ဆရာ မမှတ်မိဘူးလား . . . အင်းလျားကန်ဘောင်ပေါ်မှာ တစ်ခါက ဆရာကူညီလိုက်တဲ့သူလေ၊ ဆရာနဲ့ ဆရာကတော်ကျေးဇူးကြောင့် ကျွန်တော် ဆိုက္ကားပြင်ဆိုင်လေး ဖွင့်ဖြစ်ရာက အခု အဆင်ပြေနေပြီဆရာ . . .၊





တိုတိုပဲပြောတော့မယ် ဆရာရယ် . . . ဆရာကတော်ကို အခုပဲ သူ့အဒေါ် ပြန်ပေးဆွဲသွားတယ်၊ ကျွန်တော်ကြားတယ်ဆို ပြေးလာပြောတာ၊ ကားငှားနေရတာနဲ့ အခုမှရောက်တယ်ဆရာ၊ လာပါဆရာ . . . သွားကြရအောင်ပါ"

"ဘာဗျ . . . ဘာတွေလာပြောနေတာလဲ၊ ခင်ဗျားပြောတိုင်း ကျုပ်က ယုံရမှာလား"

မယုံသင်္ကာဖြင့် လူသစ်အော်လိုက်မိသည်။ ထိုလူက ရှိန်း မတတ် တောင်းပန်ရင်း . . .

"ကျွန်တော့်ကို မယုံရင် နောက်မှ အချုပ်ထဲထည့်ပါ ဆရာ၊ အခုမှာက ဆရာကတော်အတွက် အရေးကြီးနေလို့ ယုံပေးပါ"

"ဒါဖြင့် ဘယ်ကိုလိုက်ရမှာလဲ"

မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် လူသစ် ထပ်မေးလိုက်သည်။ ရင်ထဲမှာလည်း စိုးရိမ်စပြုလာ၏။

"သူတို့တိုင်ပင်နေတာကတော့ ပြည်လမ်းမကြီးအတိုင်း သွားရင် အရင် အသံလွှင့်ရုံအဟောင်းနဲ့ နှစ်မှတ်တိုင်လောက် မောင်းရတယ်ပြောတယ်၊ အဲဒီကနေ ညာဘက်ကိုကြည့်လိုက် ကြက်ခြံရှိလိမ့်မယ်တဲ့၊ အဲဒီကို ခေါ်သွားမယ်ပြောတာပဲ"

"နေပါဦး . . . ခင်ဗျားက ဘယ်လိုကြားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အရမ်းတိကျနေ၍ စိုးရိမ်စိတ် ပိုကဲလာပြီး လှူသစ် ထပ်မေး လိုက်ပြန်သည်။

"ဆရာရယ် ... အဲဒါနဲ့ပဲ အချိန်တွေကြာနေပြီ၊ ကျွန်တော် မဟုတ်တာပြောရင် ဆရာ အချိန်မရွေး ဖမ်းချုပ်လို့ရတယ်၊ လာပါ ဆရာ ... သွားကြရအောင်ပါ၊ ဆရာ အတိအကျသိချင်ရင် ကားပေါ် ကျမှ ပြောပြပါ့မယ်၊ ဆရာတို့ကျေးဇူးကို ပြန်ဆပ်ချင်လို့ပါ"

ဒီလောက် အာမခံနေမှတော့ လှူသစ် မယုံချင်လို့လည်း မရတော့။ စိမ်းအတွက် စိတ်ပူမှုက ဘာနှင့်မှ နှိုင်းလို့မရနိုင်အောင် ရင်မှာ မွန်းကျပ်နေပါပြီ၊ ဒါကြောင့် ယူသင့်တာတွေကို ယူပြီး ထိုလူ နဲ့အတူ ကားထားရာဆီရောက်အောင် အပြေးတစ်ပိုင်း လာခဲ့လိုက် လေသည်။ ဓာတ်လှေကားနှင့်ဆင်းရတာပင် ကြာတယ်ထင်နေမိသည့် အဖြစ်။

ဓာတ်လှေကားမှအထွက် လက်ထဲက ဟန်းဖုန်းလေး မြည် လာ၍ အလောတကြီးပင် နားထောင်လိုက်လေသည်။

"ဟလို ... ရှေ့သို့ကုမ္ပဏီပိုင်ရှင် ဦးလှူသစ် ဟုတ်ပါတယ် နော်"

ခပ်ထွေ့ထွေ့မေးနေသော ဖုန်းထဲမှ မိန်းမအသံကိုကြားပြီး အစိမ်းလိုက် ဝါးစားချင်လောက်အောင် လှူသစ် ဒေါသတွေ ထွက်နေ





ရသည်။ သို့သော် စိတ်ကိုထိန်းရင်း ...

"ဟုတ်ပါတယ် ... ဘယ်သူပါလဲ၊ ဘာကိစ္စရှိလို့ပါလဲ ... ပြောပါ"

"အဟွန်း အဟွန်း ... ကိစ္စလား ရှိတာပေါ့ရှင်၊ ရှိတာမှ လူကြီးမင်းအတွက် အရေးကြီးဆုံးကိစ္စပါပဲ"

လှူသစ် စိတ်မရှည်တော့ ...

"ဘာလဲဗျ ... ပြောမှာဖြင့်ပြောပါလား"

"အို အို ... ဒေါသမကြီးပါနဲ့လေ ... ပြောမှာပါ၊ ဒီမှာ လူကြီးမင်းရဲ့ ချစ်ဇနီးလေးကို ကျွန်မ ခေတ္တထိန်းသိမ်းထားပါတယ်၊ လူကြီးမင်း လာရောက်ခေါ်ယူရင်းနဲ့ ကျွန်မကို အကူအညီပေးတဲ့အနေ နဲ့ ငွေသားကြီးပဲ သိန်းတစ်ရာလောက် မစပါနော်၊ အဲဒါလေး ပါလာ လို့က လူကြီးမင်းရဲ့ဇနီးချောလေးကို ဘာဒဏ်ရာဒဏ်ချက်မှမရှိဘဲ လွှတ်ပေးလိုက်ပါ့မယ် ...၊

ဒါမှ လက်သင့်မခံဘူးဆိုရင်တော့ အဟင်း ... ကျွန်မအဲဆိုး မဆိုနဲ့ပေါ့ရှင်၊ ဒါပဲနော် ... ကလီကမာလုပ်ပြီး ရဲကိုအကြောင်း ကြားရင်လည်း ဒီက လက်နှေးမှာမဟုတ်ဘူး"

လှူသစ် ဖုန်းနားထောင်ရင်း ချွေးတွေပြန်လာကာ အသံ ပင် တုန်ခါနေရ၏။



www.burmeseclassic.com

www.burmeseclassic.com





"ဒီမှာ ... ခင်ဗျားတောင်းတာ ရစေ့မယ်၊ ကျွန်တော့်မိန်းမကို လက်ဖျားနဲ့တောင် မထိနဲ့နော်၊ အခု သူ ဘယ်မှာလဲ"

"အောင်မယ်လေး အောင်မယ်လေး ... ဒီလောက်တောင် ချစ်သလားရှင်၊ စိတ်ချ စိတ်ချ ... လက်ဖျားနဲ့မထိဘူး၊ အသံလေး ကြားချင်လား ... ကြားရမယ် ကြားရမယ်၊ ရော့ တူမလေး ... သမီးရဲ့ချစ်ခင်ပွန်းက အသံကြားချင်လို့တဲ့ ပြောလိုက်ပါဦးကွယ်"

ဒေါ်ခင်မေနွဲ့မျက်နှာကို မချိုမချဉ်လုပ်၍ လက်ပြန်ကြိုးတုပ်ထားသော ရွှက်စိမ်းဓါးပါးစပ်နားသို့ ဖုန်းလေးကို တေ့ပေးလိုက်လေသည်။

"မောင် မောင် ... စိမ်းကိုကယ်ပါဦး မောင်ရယ်၊ သူတို့ စိမ်းကို ဖမ်းထားကြတယ်၊ စိမ်းကြောက်တယ်မောင်"

အားကိုးတကြီးဖြင့် ခေါ်လိုက်သော နာမ်စားတစ်ခုကြောင့် ရုတ်တရက် လူသစ် ကြောင်သွားရသည်။ မောင် ... တဲ့။

ရွှက်စိမ်းအသံတော့ ရွှက်စိမ်းအသံပါပဲ။ ရွှက်စိမ်း ဒီလို ခေါ်တာမဟုတ်။ နောက်မှ သဘောပေါက်ကာ လှိုက်ခနဲ ဝမ်းသာသွားရပြီး စိုးရိမ်နေသည့်ကြားက မျက်နှာကြီး ပြုံးကျသွားရတော့သည်။

"မောင် ... စိမ်းပြောတာ မကြားလို့လားဟင်"

ဒီတော့မှ လူသစ် သတိပြန်ဝင်လာကာ ကမန်းကတန်း





ပြန်ပြောရင်း ကားပေါ်သို့လည်း အပြေးအလွှားတက်ရလေသည်။

"ကြားတယ် ကြားတယ် စိမ်း ... မောင် အခုလာနေပြီ၊ ဘယ်နားမှာလဲ၊ အဲဒီမိန်းမကို ဖုန်းပြန်ပေးလိုက်"

"ပြောပါ လူကြီးမင်း"

"အခု ဘယ်ကိုလာရမှာလဲ၊ ကျုပ်မိန်းမကို လက်ဖျားနဲ့ မထိနဲ့နော်"

"စိတ်ချပါလို့ ပြောထားပြီးမှပဲကို၊ ခင်မေနွဲ့တို့က ငွေပဲ အရေးကြီးတာ ... လူက ဘာလုပ်ရမှာလဲ၊ ပြည်လမ်းမကြီးအတိုင်း လာခဲ့၊ အသံလွှင့်ရုံအဟောင်းနဲ့ မှတ်တိုင်နှစ်မှတ်တိုင်ပဲ ဝေးတယ်၊ ညာဘက်ကိုကြည့်လာ၊ သန့်သန့်လေးကြက်ခြံကို တွေ့လိမ့်မယ်၊ ဆိုင်းဘုတ်မှ အကြီးကြီးမြင်ရတယ်၊ ထွက်လည်းကြည့်နေပါ့မယ်၊ အဲဒီကိုမောင်းခဲ့၊ ဒါပဲနော် ... ကလီကမာလုပ်မယ် မကြံနဲ့"

ဒေါ်ခင်မေနွဲ့ကပဲ ဖုန်းအရင် ပိတ်လိုက်လေသည်။

လူသစ် ကားကို သတိနှင့်မောင်းနေရပေမယ့် ဦးနှောက်ကိုလည်း အလုပ်ပေးနေမိသည်။ ဦးနှောက်က အဖြေထွက်လာသောဆီသို့ ဂဏန်းနံပါတ်တွေကို နှိပ်လိုက်လေသည်။ ဖုန်းက တန်းဝင်သွားသဖြင့် ...

"ဟလို ... ဖေယျာလား၊ အေး ... ငါပါ၊ တိုတိုပဲပြောမယ်



www.burmeseclassic.com

www.burmeseclassic.com



. . . ဟော့ကောင် ကြားလား၊ အေး . . . မြန်မြန်လာ''

တဖြည်းဖြည်းနှင့် ကားက ပြောသောလိပ်စာအတိုင်း ရောက်လာလေသည်။

အပြင်မှာ လူတစ်ယောက်ထွက်စောင့်နေပြီး မယုံသင်္ကာနှင့် ဟိုကြည့်ဒီကြည့် ကြည့်နေပြီးမှ . . .

''ကားကိုမောင်းဝင်ခဲ့ပါ''

ခြံတံခါးဖွင့်ပေးပြီး သူက ရှေ့မှဝင်သွားလေသည်။

သူဝင်သွားရာ ကြက်ခြံ၏အတွင်းဘက်သို့ လူသစ်တို့ပါ လိုက်ဝင်ခဲ့ရလေ၏။

အထဲရောက်တော့ ခပ်ကုပ်ကုပ်တဲအတွင်းတွင် ခုံတစ်လုံးနဲ့ ရွှက်စိမ်းကို လက်ပြန်ကြိုးတုပ်ထားတာကို မြင်လိုက်ရာ လူသစ်မျက်စိထဲ ဘာမှမမြင်တော့ဘဲ ခုနက သူတို့အား ဦးဆောင်ခေါ်ခဲ့သောလူ၏ကုပ်ကို ဆွဲလိုက်ပြီး . . .

''အခု ကျုပ်မိန်းမကို ကြိုးဖြည်ပေးလိုက်''

''ဟာ . . . ဒီလူ''

ကုပ်ကိုအဆွဲခံလိုက်ရ၍ ထိုလူက လူသစ်ကို ဆောင့်တွန်းလိုက်ရာ ဖင်ထိုင်လျက်လဲကျသွားတော့သည်။ ဒါကိုကြည့်ပြီး ရွှက်စိမ်းအားကုန်အော်လိုက်ရင်း . . .



BURMESE CLASSIC .com



''ရှင်တို့ ကျွန်မယောကျ်ားကို ဘာလုပ်တာလဲ၊ ရှင်တို့ လူတွေ မဟုတ်လား။ ကတိတည်လေ . . . သူပေးမယ်ဆိုတာ ပေးမှာပေါ့၊ ကျွန်မယောကျ်ားကို ထပ်မထိနဲ့''

ထပ်ထိုးရန် လက်ရွယ်နေသော လူက လက်ပြန်ရုပ်လိုက်ပြီး အံကြိတ်၍ အနောက်ဘက်သို့ လှည့်ကာ . . .

''မမနွဲ့ ထွက်ခဲ့လေ . . . ဒီမှာရောက်နေပြီ၊ သိပ်ကြာလို့ မကောင်းဘူးနော်''

ဒီတော့မှ လိုက်ကာခြားထားသော အခန်းထဲမှ ဒေါ်ခင်မေနွဲ့ ထွက်လာပြီး မချိုမချဉ်မျက်နှာပေးနှင့် . . .

''အဟင်း . . . သိပ်ချစ်ကြတယ်ပေါ့ . . . ဟုတ်လား။ ကဲ . . . မင်း ပေးမယ်ဆိုတာ ဘယ်မှာလဲ . . . ပေး''

လူးလဲထလိုက်သော လူသစ်ရှေ့သို့ သွားကာ လက်ဖြန့်လျက် မထီလေးစားနှင့် ဒေါ်ခင်မေနွဲ့ ပြောလိုက်လေသည်။ လူသစ် ကြည့်ရင်း အူယားလာ၍ ခပ်မာမာပင် ပြောလိုက်သည်။

''ကျုပ် လူကြီးလူကောင်းပါ၊ ဘယ်တော့မှပြောပြီးသားကို မပြင်ဘူး။ ကျုပ်မိန်းမကိုသာ ကြိုးဖြည်ပေး . . . အခု ပေးမယ်''

''အို . . . လောမကြီးနဲ့လေ၊ ဒေါ်ဒေါ်က ရှေ့ပတ္တမြား ရှေ့နဂါးပဲ၊ မင်းသာ အခုလက်တွေ့ ငွေပုံပေးပါ''



www.burmeseclassic.com

www.burmeseclassic.com



လှုံသစ် ပေစောင်းစောင်းဖြင့်ကြည့်၍ အိတ်ကပ်ထဲမှ ချက်လက်မှတ်ကိုထုတ်ယူကာ လက်မှတ်ထိုးပြီး ဒေါ်ခင်မေနွဲ့လက်ထဲသို့ ထည့်လိုက်လေသည်။

ဒေါ်ခင်မေနွဲ့ ချက်လက်မှတ်ကို အသေအချာဖတ်၍ ရွှတ်ခနဲ ချက်လက်မှတ်ကို နမ်းလိုက်ပြီး အနောက်သို့လှည့်၍ ...

"ကဲ သိန်းမြင့် ... ကြိုးဖြည်ပေးလိုက်"

ဒေါ်ခင်မေနွဲ့ရော သိန်းမြင့်ဆိုသူတို့ ရွက်စိမ်းထံ အာရုံရောက်နေစဉ် ...

"ဟော့ ... တစ်ယောက်မှ မလှုပ်ကြနဲ့၊ လက်မြှောက်ထားလိုက်ကြပါ၊ ရှတ်ရှတ်မလုပ်နဲ့နော်၊ ဒီသေနတ်တွေက အတုတွေ မဟုတ်ဘူး"

ရုတ်တရက်မို့ ဒေါ်ခင်မေနွဲ့တို့ မပြေးသာတော့ဘဲ ဇေယျနဲ့အတူပါလာသော ရဲများလက်တွင်း အမိခံလိုက်ရလေသည်။ အငိုက်မိသွားတဲ့ ဒေါ်ခင်မေနွဲ့မှာ အံတကြိတ်ကြိတ်။

အဲဒီတော့မှ လှုသစ် အပြေးအလွှား ရွက်စိမ်းအနားကို သွား၍ ကြိုးဖြည်ပေးလိုက်လေသည်။

ကြိုးပြေသွားသည်နှင့် ရွက်စိမ်း တဆတ်ဆတ်တုန်လျက် လှုသစ်ရင်ခွင်ထဲဝင်ကာ ငိုရှိုက်နေမိလေသည်။





"တိတ်ပါ စိမ်းရယ်၊ မောင် အနားမှာရှိနေမှပဲ ... မကြောက်နဲ့တော့နော်"

ရွက်စိမ်း ငိုနေရင်းမှ မျက်ရည်ကို ကမန်းကတန်းသုတ်ပြီး လှုသစ်ရင်ခွင်ထဲက အတင်းရုန်းထွက်ကာ ကြောင်အမ်းအမ်းနှင့် မျက်လုံးလေးပြူး၍ ကြည့်နေမိပေသည်။ နောက်မှ ရှက်ရမ်းရမ်းပြီး ထွက်ပြေးတော့မလို့လုပ်လိုက်တော့ လှုသစ် သဘောပေါက်လိုက်တာမို့ အတင်းဆွဲဖက်လိုက်ကာ ...

"ရှက်မနေပါနဲ့တော့ စိမ်းရယ် ... မောင်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ချစ်သလဲဆိုတာ ကျိန်ဆိုပြောစရာ မလိုလောက်အောင် လက်တွေ့သက်သေပြလိုက်ပြီပဲဟာ၊ ခေါ်ပါဦး ... မောင် လို့"

လှုသစ် ထိုသို့ပြောလိုက်တော့ ရွက်စိမ်း ချစ်မျက်စောင်းလေးထိုး၍ ကနွဲ့ကယ ့စံလေးဖြင့် ...

"သွားပါ ... ငှဲကိုရှင် ပြန်မေးကြည့်ဦး၊ ချစ်တတ်လို့လား"

လှုသစ် ချစ်ည်ရွှန်းလဲ့စွာ ပြန်ကြည့်လျက်၊ ပြုံးတုံ့တုံ့လုပ်ကာ ပါးနားကပ်၍ ..

"မေးစရာလိုသေးလို့လား စိမ်းရယ် ... မောင် ချစ်တတ်တာမှ မောင့်မိန်းမ တစ်ခုချဖြစ်သွားမှာ စိုးရိမ်လွန်းလို့ လာနားတော့"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း . . . ဒီရင်ဘတ်ကြီးကို''

ရွက်စိမ်းခေါင်းလေးကိုကိုင်ကာ လူသစ်ရင်ဘတ်နား ကပ်ပေးလိုက်လျှင် ရွက်စိမ်း အူကြောင်ကြောင်နဲ့နားထောင်လိုက်မိလေသည်။

ပြီးမှ အညာမိသွားမှန်းသိ၍ ပြန်မော့ကြည့်ပြီး နှစ်ယောက်သား မျက်လုံးချင်း အကြည့်ချင်းပြိုင်လျက် ပြိုင်တူရယ်မောလိုက်ကြပါလေ၏။

မင်္ဂလာဆောင်ပြီး တစ်နှစ်နီးပါးကြာမှ အချစ်အကြောင်းကို အပြန်အလှန်ဆွေးနွေးနေကြသော ဖနီးမောင်နှံအား အနှောင့်အယှက် မပေးလို၍ ဖေယျာတို့မှာ အလိုက်တသိ ရှောင်ပေးရင်း ကိုယ့်ခရီးကိုယ်ဆက်ခဲ့ကြလေတော့သည်။

စိတ်ကူးယဉ်စွာ တွေ့ဆုံခဲ့ကြရျပီး စိတ်ကူးယဉ်ဆန်စွာပဲ လက်ထပ်ရန် အကြောင်းဖန်လာခဲ့ကြသော လူသစ်နှင့်ရွက်စိမ်းတို့မှာတော့ လက်ထပ်ပြီးသည့်တိုင် စိတ်ကူးယဉ်ဝန်းစွာ တွေ့ကြုံနေရသော သူတို့နှစ်ဦး၏ ရင်ခုန်ဖွယ်ရာ အချစ်ဇာတ်သိမ်းလေးအား ခေါင်းချင်းဆိုင်၍ ကြည်နူးစွာပြော၍ မဆုံးနိုင်တော့ချေ။

ချစ်တတ်ကြပါစေ

ပြီးပါပြီ

သီရိကြယ်စင်

www.burmeseclassic.com